# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ ဝါဆိုလဆန်း (၇)ရက် ၊ အင်္ဂါနေ့ ၊ (1-7-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၆၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။


၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဇွန် ၃၀**

ယနေ့ညနေ ၄ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်ကမ်းရိုးတန်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညနေမှ ဇူလိုင် ၆ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် စာမျက်နှာ ၁၆ ကော်လံ ၁ ❑

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်၏ ဇွန် ၃၀ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ဇူလိုင် ၁ ရက်မှ ၂ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ**




## ဇွန် ၂၂ ရက်မှ ၂၈ ရက်ထိ ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆ ဦး တွေ့ရှိ

**နေပြည်တော် ဇွန် ၃၀**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၂ ရက် ည ၈ နာရီမှ ဇွန် ၂၈ ရက် ည ၈ နာရီထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၃၁၄ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆ ဦး တွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၆၉ ရာခိုင်နှုန်းဖြစ်သည်။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာမရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ(ကိုယ်ဝန်ဆောင်ကာလ သုံးလနှင့်အထက်)ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာအသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန




ရတနာပုံ
၂၀၂၅ ခုနှစ် ဇူလိုင် ၁ ရက်
အယ်ဒီတာ့အာဘော်

# ပညာသင်ချိန်မှာ စဉ်ဆက်မပြတ်ကြိုးစားအားထုတ်

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အပြင် နည်းပညာခေတ်လည်းဖြစ်သည့်အတွက် အတန်းပညာရပ်ကို ဆည်းပူးလေ့လာရင်း နည်းပညာများကိုလည်း မျက်ခြည်ပြတ်၍မရပေ။ သို့မှသာ နိုင်ငံတော်ကြီးကို ခေတ်မီတိုးတက်အောင်၊ သာယာဝပြောအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အတွက် အနာဂတ်ခေါင်းဆောင်များဖြစ်လာကြမည့် မျိုးဆက်သစ်လူငယ်များသည် ပညာဆည်းပူးသင်ကြားကြရာတွင် မိမိတို့ရရှိသောအခွင့်အလမ်းများကို အမိအရဆုပ်ကိုင်၍ ပိုမိုကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

လက်ရှိအချိန်တွင် နိုင်ငံတော်က လူငယ်များကို နိုင်ငံတော်၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားကိုးအားထားပြုရမည့် ပညာတတ်၊ ပညာရှင်များအဖြစ်ပေါ်ထွန်းလာစေရန် အမြော်အမြင်ကြီးစွာ ပညာတော်သင် သင်တန်းများစေလွှတ်ကာ ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ဖန်တီးပုံဖော်ရာတွင် အဓိကစွမ်းအားစုအဖြစ်ပါဝင်မည့်လူငယ်များသည် ဗလငါးတန်နှင့်ပြည့်စုံနေရမည်ဖြစ်သည်။ နိုင်ငံတော်အတွက် ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရေး နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူအားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

**"နိုင်ငံတော်အနေဖြင့် ပြည်ပနိုင်ငံများသို့ ပညာတော်သင် သင်တန်းသားများစေလွှတ်ပေးလျက်ရှိပြီး အနာဂတ်နိုင်ငံတော်ကိုတည်ဆောက်ရာတွင် လူသားအရင်းအမြစ်ကောင်းများ ရရှိစေရေးအတွက် ရည်ရွယ်ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ ပြည်ပနိုင်ငံတွင် ပညာတော်သင်များအဖြစ် စိစစ်ရွေးချယ်စေလွှတ်ခံကြရသူများဖြစ်သဖြင့် မိမိကိုယ်ကို တန်ဖိုးထားကြရန်၊ မိမိကိုယ်တိုင်နှင့် နိုင်ငံတော်အတွက် ပိုမိုကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ တစ်ဦးချင်းစီသင်ကြားရသည့် သက်ဆိုင်ရာဘာသာရပ်များအလိုက် ပိုင်နိုင်ကျွမ်းကျင်စွာတတ်မြောက်နားလည်နိုင်ရေး ကြိုးပမ်းသွားရန်လိုသကဲ့သို့ ပြောင်းလဲတိုးတက်နေသည့် နည်းပညာများကိုလည်း စဉ်ဆက်မပြတ်လေ့လာအားထုတ်သွားကြရန်လိုကြောင်း"** ဇွန် ၂၇ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံရှိ ပညာတော်သင် သင်တန်းသားအရာရှိများကို တွေ့ဆုံအမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

နည်းပညာတိုးတက်နေသော ယနေ့ခေတ်တွင် နိုင်ငံတိုင်းသည် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။ မြန်မာနိုင်ငံသည်လည်း နည်းပညာနှင့်ပတ်သက်၍ နောက်ကျမကျန်စေရေးအတွက် ပြည်ပနိုင်ငံများတွင် ပညာတော်သင်များ စေလွှတ်ပေးလျက်ရှိသည်။ ပညာတော်သင်ရွေးချယ်ခံရသူများအနေဖြင့် မိမိတို့နိုင်ငံအတွက် လိုအပ်သည့်နည်းပညာများ တိုးတက်စေရေး ကြိုးပမ်းသင်ယူကြရန် လိုအပ်သည်။ ပညာတော်သင်များအနေဖြင့် ပြည်ပနိုင်ငံများ၏ ပညာရေးစနစ်ကိုလေ့လာပြီး မိမိနိုင်ငံတော်အတွက် အကျိုးပြုနိုင်သည့်ကဏ္ဍများကိုဆောင်ရွက်ပေးနိုင်မှသာ နိုင်ငံသားတစ်ဦး၏တာဝန် ကျေပွန်မည်ဖြစ်သည်။

ထို့ကြောင့် ငယ်ရွယ်စဉ်ကတည်းက အသိပညာ၊ အတတ်ပညာများကို အမှန်တကယ်တတ်မြောက်အောင် အားထုတ်ဆည်းပူးနိုင်ခွင့် အခွင့်အလမ်းများကို အမိအရဆုပ်ကိုင်ကာ အကျိုးရှိရှိအသုံးချသင့်သည်။ အသိဉာဏ်ပညာများ မြင့်မားလာသည်နှင့်အမျှ လောကကိုအကျိုးပြုနိုင်သော အစွမ်းသတ္တိများ ပိုမိုထက်မြက်လာမည်ဖြစ်ပေသည်။ သို့ဖြစ်ရာ လူငယ်လူရွယ်များအနေဖြင့် နိုင်ငံတော်ကစေလွှတ်သော ပညာတော်သင် သင်တန်းများတက်ရောက်ပြီး ဆည်းပူးသင်ယူခဲ့သော ပညာရပ်များဖြင့် နိုင်ငံနှင့်လူမျိုးအကျိုးသယ်ပိုးနိုင်စေရန် ပိုမိုကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

# မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲလွမ်း ၃၅၁၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဇွန် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲလွမ်း ၃၅၁၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲလွမ်း ၆၀၀၁ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၅၁၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ ပဲလွမ်းဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် ပဲလွမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းတို့ကို တောင်သူများနှင့် သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲလွမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲလွမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

(၂၀၆)

# နမ့်စန်မြို့နယ် ဝမ်ချယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နမ့်စန် ဇွန် ၃၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဝမ်ချယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းမြတ်ဟိန်းနှင့် တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် အတူ စိုက်ပျိုးရေးလုပ်ငန်းများဖြစ်သည့် နေကြာနှင့် ပြောင်းစိုက်ပျိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ငွေစာရင်းဇယားပုံစံများ ဖြည့်သွင်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

နမ့်စန်မြို့နယ် ဝမ်ချယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၅ ဦးကိုငွေကျပ် ၄၇၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သိန်း ၂၀ ထုတ်ချေးပေးထားပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သံသာ**

# ရေကြည်မြို့နယ်မှရန်ကုန်ဈေးကွက်သို့ မေလအတွင်း ၂၄ ပြည်ဝင် ပေါ်ဆန်းမွှေးဆန် အိတ်ရေ ၆၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ရေကြည် ဇွန် ၃၀**

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ၂၄ ပြည်ဝင် ပေါ်ဆန်းမွှေးဆန် အိတ်ရေ ၆၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ယုဝေက ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ၂၄ ပြည်ဝင် ပေါ်ဆန်းမွှေးဆန် အိတ်ရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ပေါ်ဆန်းမွှေးဆန် အိတ်ရေ ၆၂၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ မေလအတွင်း ပေါ်ဆန်းမွှေးဆန် အိတ်ရေအများအပြား ရန်ကုန်ဈေးကွက်ဘက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ရေကြည်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ပေါ်ဆန်းမွှေးဆန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ ပေါ်ဆန်းမွှေးဆန်ကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အခြားဆန်တွေနဲ့ယှဉ်ရင် မေလအတွင်းနဲ့ လတ်တလောမှာပါ ပေါ်ဆန်းမွှေးဆန်က အရောင်းအဝယ် ပိုဖြစ်နေပါတယ်။ စပါးတွေကို ကုန်းလမ်းနဲ့ ရေလမ်းနှစ်မျိုးစလုံးနဲ့ တင်ပို့ရောင်းချနေပါတယ်"ဟု ရေကြည်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုဝေက ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း တင်ပို့ရောင်းချခဲ့သည့် ပေါ်ဆန်းမွှေးဆန် အိတ်ရေ ၁၀၀ လျှင် ငွေကျပ် ၁၆၅၀၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း၊ အဆိုပါဆန်များ အရောင်းအဝယ် ကောင်းလာသည့်အတွက် စပါးစိုက်တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပင်းတယမြို့နယ် ကျုံးကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ပင်းတယ ဇွန် ၃၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျုံးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပင်းတယမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ကျုံးကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါစီမံကိန်းကို ကျေးရွာသူ ကျေးရွာသားများက တာဝန်ယူ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရမည့် စီမံကိန်းဖြစ်ကြောင်း ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော ကျုံးကျေးရွာရှိ ကျေးရွာသူ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ထံမှ သိရသည်။

**ချိုသန်းညွန့်**

# ဓမ္မရုံသီမိုးကုတ်ဝိပဿနာ ၁၀ ရက် အထူးတရားစခန်းများဖွင့်မည်

**မန္တလေး ဇွန် ၃၀**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဖြစ်ငယ်မြို့ စာတိုးကျေးရွာရှိ ဓမ္မရုံသီမိုးကုတ်ရိပ်သာကျောင်းတိုက်၌ လစဉ် ဓမ္မရုံသီမိုးကုတ်ဝိပဿနာ ၁၀ ရက် အထူးတရားစခန်းများကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ဓမ္မရုံသီမိုးကုတ်ရိပ်သာကျောင်းတိုက် နာယကဆရာတော်အရှင်တိက္ခထံမှ သိရသည်။

ဓမ္မရုံသီမိုးကုတ်ဝိပဿနာ ၁၀ ရက် အထူးတရားစခန်းများကို လစဉ် လဆန်း ၁၁ ရက်မှ လပြည့်ကျော် ၅ ရက်ထိ လစဉ်လတိုင်း ဖွင့်လှစ် သွားမည်ဖြစ်ကြောင်း၊ တရားစခန်း ဝင်ရောက်လိုသူများ အနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်း စာရင်းပေးနိုင်ကြောင်း သိရသည်။

"ဦးပဥ္စင်းတို့ မိုးကုတ်ဝိပဿနာ ၁၀ ရက် အထူးတရားစခန်းကို လစဉ်လတိုင်း နှစ်စဉ်ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ ရဟန်းသံဃာတော်တွေ၊ သီလရှင်တွေနဲ့ လူပုဂ္ဂိုလ်တွေ ဘယ်သူမဆိုတရားစခန်းဝင်ရောက်နိုင်ပါတယ်။ ဒီလတရားစခန်းကိုတော့ ဝါဆိုလဆန်း ၁၁ ရက်မှာ စတင်ဖွင့်လှစ်မှာဖြစ်ပါတယ်"ဟု ဆရာတော် အရှင်တိက္ခက မြွက်ကြားသည်။

တရားစခန်းဝင်ရောက်လိုသူများအနေဖြင့် အမရပူရမြို့နယ် စာတိုးကျေးရွာ ဓမ္မရုံသီမိုးကုတ်ရိပ်သာကျောင်းတိုက်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း ၀၉-၇၉၃၀၃၀-၄၄၄၊ ၀၉-၄၃၀၅၈၈၃၅ သို့ဖြစ်စေ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (၁၅၂)

# ကလေးခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်စပါးဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး၊ တစ်ဧကလျှင် ၈၅ ဒသမ ၀၈ တင်း ထွက်ရှိ



**ကလေး ဇွန် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါးအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၅ ဒသမ ၀၈ တင်း ထွက်ရှိကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၉၁၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် မေလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကလေးမြို့နယ်၌ ၃၄၇ ဧကနှင့် မင်းကင်းမြို့နယ်တွင် ၃၅၇၂ ဧက စုစုပေါင်း ၃၉၁၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၅ ဒသမ ၀၈ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ ကလေးခရိုင်မှာ စပါး ၃၉၁၉ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့စပါးခင်းတွေ အခုလက်ရှိ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိဖို့၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက်အချိန်မီရောက်ရှိဖို့ အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

စပါးကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ပြည်တွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် စပါးကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးရန် ကြိုးပမ်းသင့်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# မောက်မယ်မြို့နယ် လွိုင်ကောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

**မောက်မယ် ဇွန် ၃၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လွိုင်ကောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် ဆောင်ရွက်ထားသောလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မောက်မယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်း၊ ဦးစီးအရာရှိ ဒေါ်မာမာထွေး၊ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ လွိုင်ကောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်း ထိန်းသိမ်း စောင့်ရှောက်ကြရန် ဆွေးနွေး မှာကြားသည်။

မောက်မယ်မြို့နယ် လွိုင်ကောင် ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စီမံကိန်းရန်ပုံငွေကျပ်သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အဆိုပါကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၁ ဦးကို ရန်ပုံငွေကျပ် ၅၅ ဒသမ ၅၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အေးသူ**

# ပန်းတနော်မြို့နယ်တွင် ဒေသထွက် စိန်တလုံးသရက်သီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ပန်းတနော် ဇွန် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ဒေသထွက်စိန်တလုံးသရက်သီးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ပန်းတနော်မြို့နယ်မှ သရက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လှဝင်းက ပြောပြသည်။

ပန်းတနော်မြို့နယ်တွင် ဒေသထွက် စိန်တလုံးသရက်သီးများ ဇွန်လဒုတိယပတ်မှစတင်ပြီး ယနေ့တိုင် အရောင်းအဝယ်ပြုလုပ်လျက်ရှိပြီး တစ်ရက်လျှင် သရက်သီးအလုံးရေ ၅၅၀၀၀ မှ ၇၅၀၀၀ ထိ ဝယ်ယူမှုအားကောင်းလာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ သရက်သီး အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၆၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒီဘက်ကနေထွက်တဲ့ သရက်သီးတွေကို အခြားမြို့နယ်တွေက အဝယ်လိုက်နေပါတယ်။ လက်ရှိ သရက်သီး အလုံးရေ ၇၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ အခု အရောင်းအဝယ်ကောင်းနေတဲ့ သရက်သီးတွေက အရည်အသွေးကောင်းပြီး လတ်ဆတ်ပါတယ်။ ဒေသထွက်ကုန်ဖြစ်တော့ ဈေးသက်သာပြီး သန့်ရှင်းလတ်ဆတ်ပါတယ်။ အခြားဒေသတွေက ပန်းတနော်မြို့နယ်ကနေ တင်ပို့တဲ့ စိန်တလုံးသရက်သီးတွေကို အဝယ်လိုက်နေပါတယ်။ အခုလို ဒေသထွက်ကုန်သရက်သီးတွေ အရောင်းအဝယ်ကောင်းလာတော့ သရက်စိုက်ပျိုးတဲ့တောင်သူတွေ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုအဆင်ပြေလာပါတယ်"ဟု ပန်းတနော်မြို့နယ်မှ သရက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လှဝင်းက ပြောပြသည်။

ပန်းတနော်မြို့နယ်တွင် လက်ရှိ စိန်တလုံးသရက်သီးများအပါအဝင် ဒေသထွက်သရက်သီးများ အရောင်းအဝယ် ကောင်းလာခြင်းကြောင့် သရက်စိုက်တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ရှင်မဟာရဋ္ဌသာရနှင့် ကိုးခန်းပျို့

ပြေအေးသက်

ရှင်မဟာရဋ္ဌသာရအနေဖြင့် ကိုးခန်းပျို့ခေါ် ဟတ္ထိပါလပျို့ခေါ် စတုဓမ္မသာရပျို့ကို ရေးဖွဲ့ချိန်သည် ၈၈၅ ခုနှစ် သက်တော် ၅၃ နှစ်တွင် စတင်ရေးသားခဲ့ပြီး ၈၈၈ ခုနှစ်တွင် ပြီးစီးခဲ့၍ သုံးနှစ်တာကာလပြုစုခဲ့ရသည်ကို တွေ့ရသည်။ ကိုးခန်းပျို့ကို ရေးသားစေရန် လျှောက်ထားသူသည် ရှင်မဟာရဋ္ဌသာရ၏ အဖလို မွေးမြူခဲ့သူ ဒုတိယမင်းခေါင်ဘုရင်မှာ ၈၆၃ ခုနှစ်ကတည်းက ကွယ်လွန်ခဲ့ပြီဖြစ်၍ ပျို့ကဗျာ၏နိဂုံးပိုင်းတွင် ထည့်သွင်းအမှျဝေခြင်း ပြုခဲ့ရှာသည်။ ဘုရင်က ရေးသားစေခြင်းကို ကိုးခန်းပျို့ကဗျာနိဂုံးအပိုဒ် (၄) တွင် ဤသို့ထည့်သွင်းစပ်ဆိုခဲ့သည်။ "ဟတ္ထိပါလ၊ ဇာတကဟု၊ ဓမ္မမြုတေ၊ ဟောကြားပေသော်၊ တဲနေရပ်အောင်၊ သာစည်ဘောင်တွင်၊ မင်းခေါင်ဒုတိယ၊ တို့မွေးဘလျှင်၊ နားဝငြိမ့်ငြိမ့်၊ နှစ်သိမ့်ကြည်စွာ၊ တောင်းပန်ထွာသည်၊ တန်ဆာဆင်စိမ့်သောကြောင့်တည်း။" အမှျဝေမှုကို ကဗျာနိဂုံးအပိုဒ် (၅) တွင် ဤသို့ဖွဲ့ဆိုသည်။ "ခမည်းတော်မင်း၊ မယ်တော်နှင်းသား၊ အရင်းအချာ၊ ငါ့တကာနှင့်၊ ငါသာရဟန်း၊ လူဝယ်ထွန်းသို့၊ ရှင်ပန်းမညှိုး၊ လွန်မြတ်နိုးလျက်၊ မင်းစိုးဆွေစုံ၊ ရွှေဘုံပျော်ညောင်း၊ ဗိမာန်ပြောင်းလည်း၊ ဇာတ်ပေါင်းပြီးချုပ်၊ စာကိုးအုပ်ဖြင့်၊ ထုပ်ထုပ်ပိုက်ပိုက်၊ သင်္ဂြိုဟ်လိုက်၏၊ တိုက်ရိုက်နတ်နား၊ ကြားပါလေ၍၊ နာစေခလို၊ တောင့်တဆိုသည်၊ ကုသိုလ်ဝေငှ ဆင့်လောင်းတည်း။"

**ကိုးခန်းပျို့၏အစနှင့်အဆုံး**

ကိုးခန်းပျို့ပြုစုပြီးချိန်ကာလတွင် အခက်အခဲနှစ်ရပ်ဖြင့် ကြုံတွေ့ခဲ့ရသည်ကိုတွေ့ရပြီး တစ်ရပ်မှာ ကိုးခန်းပျို့နိဂုံးချုပ်ချိန်တွင် ဒုတိယမင်းခေါင်၏ သားတော် ရွှေနန်းကြော့ရှင် နရပတိလက်ထက်၌ဖြစ်ပြီး ပြည်မင်းသတိုးမင်းစောနှင့်မိုးညှင်းစော်ဘွားစလုံတို့ပူးပေါင်းကာ အင်းဝကို လုပ်ကြံသောကြောင့် အင်းဝပျက်ကာ ပညာရှိမှူးမတ်များကို ပြည်သို့ခေါ်ဆောင်ရာ ရှင်မဟာရဋ္ဌသာရလည်း ပင့်ဆောင်ခြင်းခံရသည်။ ကျန်တစ်ရပ်မှာ ပြည်သို့ ကြွရန်အတွက် ရှင်မဟာရဋ္ဌသာရသည် ကိုးခန်းပျို့ကို တပည့်စာသင်သားများလက်ကပြန်စုရာ ရေ့ရှစ်ပိုင်းသာ စုစည်းရယူသွားနိုင်ခဲ့ပြီး ပြည်သို့ရောက်၍ နှစ်နှစ်အကြာမှသာ ကိုးခန်းပျို့ နိဂုံးပိုင်းကို အဆုံးသတ်ရေးသားနိုင်ခဲ့သည်။ ထိုအချိန်တွင် အင်းဝ၌ကျန်ခဲ့သည့် နိဂုံးပိုင်းသည်လည်း နောက်ထပ်တစ်နှစ်အကြာတွင် ဆရာတော်ထံ ရောက်ရှိလာပြန်ရာ ဆရာတော်က ဘုရားရှင်လက်ထက်က ရှင်ဗုဒ္ဓဃောသသည် ဝိသုဒ္ဓိမဂ်ကျမ်းကို ပြုစုရာတွင် နတ်တို့ဝှက်ထားသည်နှင့်တူနေကြောင်း ပျို့နိဂုံးပိုင်း အပိုဒ် (၉) တွင်ဖွဲ့ဆိုခဲ့သည်။ ကိုးခန်းပျို့သည်လည်း အင်းဝတွင်အစပြု၍ ပြည်တွင် အဆုံးသတ်ရရှာသည်။

**ကိုးခန်းပျို့၏ နောက်ခံ**

ကိုးခန်းပျို့သည် ငါးရာ့ငါးဆယ်နိပါတ်တော်လာ ဝီသတိနိပါတ်မှ ၁၃ ခု မြောက် ဟတ္ထိပါလဇာတ်ဖြစ်သည်။ အဆိုပါဇာတ်တော်ကို ရှင်မဟာရဋ္ဌသာရအနေဖြင့် ပျို့ဖွဲ့ရာတွင် အခန်း ကိုးခန်းဖြင့် ဖွဲ့ဆိုခဲ့သည်။ ဘုရားလောင်း ဟတ္ထိပါလနှင့်တကွ ညီနောင်သုံးပါး ဟောကြားသော တရားတော်များကို ရည်ရွယ်၍ စတုဓမ္မသာရပျို့ဟုလည်းခေါ်ကြသည်။ ကိုးခန်းပျို့အနေဖြင့် အခန်းကိုးခန်းခွဲရာတွင် တောထွက်ခန်းများက ရှစ်ခန်း၊ ဇာတ်ပေါင်းခန်း တစ်ခန်းနှင့် နိဂုံးတစ်ခန်းဖြစ်ပေရာ တောထွက်သူများမှာ ဟတ္ထိပါလ၊ အဿပါလ၊ ဂေါပါလ၊ အဇပါလဆိုသည့် ညီနောင်လေးဦး၏ တောထွက်ခန်း လေးခန်းအပြင် ပုရောဟိတ်ပုဏ္ဏား၊ ဟတ္ထိပါလမယ်တော်၊ ဧသုကာရီမင်းနှင့် မိဖုရားတို့က လေးခန်းဖြစ်၍ စုစုပေါင်း တောထွက်ခန်း ရှစ်ခန်းပါဝင်ပေသည်။ ပျို့ဖွဲ့ဆိုရာတွင် အခန်း (၁) တွင် ၇၉ ပိုဒ်၊ အခန်း (၂) တွင် ၁၁ ပိုဒ်၊ အခန်း (၃) တွင် ၁၆ ပိုဒ်၊ အခန်း (၄) တွင် ၂၄ ပိုဒ်၊ အခန်း (၅) တွင် ၄၂ ပိုဒ်၊ အခန်း (၆) တွင် ၆၄ ပိုဒ်၊ အခန်း (၇) တွင် ၂၇ ပိုဒ်၊ အခန်း (၈) တွင် ၂၅ပိုဒ်၊ အခန်း (၉) တွင် ၁၀ ပိုဒ်နှင့် စုစုပေါင်း ၂၉၈ ပိုဒ် ရေးဖွဲ့ထားပြီး နိဂုံးပိုင်းတွင် ၁၃ ပိုဒ်ဖြင့် ရေးဖွဲ့ထားသည်။

**ပျို့၏ဇာတ်ကြောင်း**

ဗာရာဏသီပြည်ကို အုပ်စိုးသော ဧသုကာရီမင်းနှင့် ငယ်စဉ်က ကျွမ်းဝင်သည့် ပုရောဟိတ်ပုဏ္ဏားကြီးတို့တွင် အမွေဆက်ခံရန် သားသမီးမထွန်းကားသဖြင့် မင်းကြီးက သင့်သားရသော် ငါ့သားပြုအံ့၊ ငါသားရသော် သင့်သားပြုပေဟု မိန့်၏။ ပုဏ္ဏားလည်း ကောင်းပါပြီဟု ဝန်ခံ၏။ တစ်နေ့ ပုဏ္ဏားအပြန်တွင် တောင်တံခါးဝ၌ သားခုနစ်ယောက်နှင့် သူဆင်းရဲမကိုတွေ့ရာ ဖခင်ကိုမေးမြန်းစဉ်တွင် တံခါးဝရှိ ညောင်ပင်ကိုလက်ညှိုးထိုးပြီး ညောင်စောင့်နတ်မင်းထံ သားဆုပန်၍ရသည်ဟု ပေါ့ပေါ့ဖြေသည်။ ပုဏ္ဏားဘုရင်နှင့်မိဖုရားကြီး၊ ဗာရာဏသီ ပြည်သူပြည်သားအပေါင်းနှင့်တကွ ခုနစ်ပြည်ထောင်မင်းတို့သည် ညီနောင် လေးဦး၏နောက်တော်သို့ အစဉ်တစိုက် လိုက်၍ တောထွက်ကြကုန်သတည်း ဟူ၍ ပင်ဖြစ်သည်။

**ဇာတ်ပေါင်းသော်**

ရှင်မဟာရဋ္ဌသာရသည် ဤကိုးခန်းပျို့ကို ရေးဖွဲ့ရာတွင် ဟတ္ထိပါလဇာတ်သာမက နိကာယ်၊ ပိဋကတ်တို့ကို မွှေနှောက်ရေးဖွဲ့ခဲ့ရကြောင်းဆိုသည်။ ဟတ္ထိပါလ ဦးဆောင်၍ ဂင်္ဂါမြစ်တစ်လျှောက်တွင် တောထွက်လာသူ မင်းပရိသတ်တို့မှာ အရှည် ၃၀ ယူဇနာကျော်သည်ဟု ဆိုသည်။ သိကြားမင်းသည်လည်း ထိုအခြင်းအရာကိုတွေ့၍ ဝိသကြုံနတ်သား

❖ **ကိုးခန်းပျို့တွင် ကဗျာသဘော၊ အလင်္ကာသဘောတို့ကို ကောင်းစွာမြင်နိုင်ပြီး ဝေါဟာရဖွဲ့ထုံး၊ စကားအသုံးအနှုန်း၊ သဒ္ဒါနှင့် သတ်ပုံသတ်ညွှန်းတို့ကိုလည်း စနစ်တကျသိမြင်လာနိုင်သည်။ ထို့ပြင် ပျို့တစ်စောင်လုံးတွင် အသတ်တူကာရန်ယူလျက် သတ်စေ့နှက် သုံးချက်ညီစပ်နည်းဖြစ်သည့် ၄-၃-၂ ကာရန်ယူစပ်နည်းကို အများဆုံး အသုံးပြုစပ်ဆိုထားသဖြင့် စာသွားပြေပြစ်ကာ ချောမွေ့၍ နားဝင်ငြိမ့်ညောင်းမှုလည်းရှိနေသည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော်လည်း လိုအပ်သည့်နေရာဖြစ်သည့် ဟတ္ထိပါလ၏ တောထွက်ခန်းပိုဒ်ရေ (၃၉) ၌ ၄-၂ ကာရန်ဖြစ်သည့် ထိပ်ချင်းချွတ် စပ်ဆိုသွားသည်ကို တွေ့ရသည်။** ❖

လည်း ညောင်ကိုင်းကိုလှုပ်ယမ်း၍ ခုနစ်ရက်အတွင်း မင်းကြီးကို သားဆုမပေးပါက ညောင်ပင်ကို အမြစ်ကလှဲမည်ဟုဆိုသည်။ ထိုအခါ ညောင်စောင့်နတ်လည်းသားဆုမပေးနိုင်၍ စတုမဟာရာဇ်နတ်မင်းကြီးလေးပါးနှင့် နှစ်ကျိပ်ရှစ်ပါးသော နတ်စစ်သူကြီးတို့ကို အကူအညီတောင်းရာ မတတ်သာ၍ သိကြားမင်းထံ ရောက်သည်။ သိကြားမင်းလည်း နတ်ပြည်မှ စုတေတော့မည့် နတ်သားလေးပါးကိုမြင်သဖြင့် ဘုရင့်မိဖုရားထံတွင် ပဋိသန္ဓေပြုရန်ပြောရာ ဘုရင့်သားတော်မဖြစ်လိုဘဲ ပုဏ္ဏေးမဝမ်း၌သာ သန္ဓေတည်ဖွားမြင်ကာ ငယ်စဉ်ကပင် ရဟန်းပြုမည်ဟု ဆိုကြသည်။ သိကြားမင်းလည်း ညောင်ပင်စောင့်နတ်ကို ခုနစ်ရက်စေ့၍ ပုဏ္ဏားလာပါက မွန်မြတ်သော သားလေးယောက်ပေးမည်။ ထိုသူတို့သည် ငယ်စဉ်ကပင် ရဟန်းပြုကြလိမ့်မည်ဟု ပြောဆိုလေသည်။ သိကြားမင်း ပြောသည်နှင့်အညီ ပုဏ္ဏေးမ၌ သားလေးယောက် အစဉ်အတိုင်း ဖွားမြင်ခဲ့သည်။

ရဟန်းပြုမည်စိုးသဖြင့် သူပျက်တို့နှင့် ရောနှောစိမ့်သောငှာ သားတစ်ယောက်ကို ဆင်ထိန်း၊ တစ်ယောက်ကို မြင်းထိန်း၊ တစ်ယောက်ကို နွားထိန်းနှင့် ကျန်တစ်ယောက်ကို ဆိတ်ထိန်းတို့ထံတွင် အပ်နှံလျက် ကြီးပြင်းစေခဲ့ကြသည်။ သားကြီးဖြစ်သူ ဟတ္ထိပါလ ၁၆ နှစ်အရွယ်တွင် ရဟန်းအဖြစ် စိတ်ညွတ်မညွတ်သိလိုသဖြင့် မင်းနှင့်ပုဏ္ဏားသည် ရသေ့ယောင်ဆောင်၍ သားဖြစ်သူအိမ်ဝတွင် ဆွမ်းခံရာ ဝမ်းမြောက်စွာ ဆီးကြိုသဖြင့် အဖြစ်မှန်ကို ပြော၍ ထီးနန်းအပ်ကြသည်။ သားဖြစ်သူ ဟတ္ထိပါလသည် ထီးနန်းကို လက်မခံဘဲ ဘုရင်နှင့်ခမည်းတော်ကို တရားစကားများ ဟောကြားပြသပြီး တောထွက်လေတော့သည်။ ကျန်သား သုံးယောက်လည်း ထီးနန်းကို ငြင်းပယ်လျက် တရားပြပြီး အသီးသီး တောထွက်ကြလေသည်။ ထိုတရားများကြောင့် များမကြာမီတွင် ခမည်းတော်ပုဏ္ဏားကြီးနှင့် မယ်တော်ပုဏ္ဏေးမကြီး၊ ကိုခေါ်ယူကာ ဟိမဝန္တာတွင် ကျောင်းသခ်မ်းနှင့် ပစ္စည်းလေးပါးကို ကြိုတင်စီမံစေသည်ဟု ဆိုသည်။ ဟတ္ထိပါလဇာတ်တွင် ဇာတ်ပေါင်းသော် ဧသုကာရီမင်းကြီးမှာ ဘုရားရှင်၏ ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီး၊ မိဖုရားကား ဘုရားရှင်၏မယ်တော် တုသိတာနတ်ပြည်ရောက်၍ နတ်သားဖြစ်သော မယ်တော်မာယာဒေဝီ၊ ပုရောဟိတ်ပုဏ္ဏားကြီးကား ရှင်မဟာကဿပ၊ ပုဏ္ဏေးမကား ဘဒ္ဒကာပိလာနီ၊ အဇပါလကား အနုရုဒ္ဓါ၊ ဂေါပါလကား ရှင်မဟာမောဂ္ဂလ္လာန်၊ အဿပါလကား ရှင်သာရိပုတ္တရာနှင့် အခြားသူများကား ဘုရားရှင်လက်ထက်တွင် ဘုရားရှင်၏ ပရိသတ်များ ဖြစ်လာကြသည်။ ဟတ္ထိပါလကား ဂေါတမမြတ်စွာဘုရားရှင် ဖြစ်တော်မူပေသည်။

**ကိုးခန်းပျို့ဟူသည်**

ကိုးခန်းပျို့တွင် ကဗျာသဘော၊ အလင်္ကာသဘောတို့ကို ကောင်းစွာမြင်နိုင်ပြီး ဝေါဟာရဖွဲ့ထုံး၊ စကားအသုံးအနှုန်း၊ သဒ္ဒါနှင့်သတ်ပုံသတ်ညွှန်းတို့ကိုလည်း စနစ်တကျ သိမြင်လာနိုင်သည်။ ထို့ပြင် ပျို့တစ်စောင်လုံးတွင် အသတ်တူကာရန်ယူလျက် သတ်စေ့နှက် သုံးချက်ညီစပ်နည်းဖြစ်သည့် ၄-၃-၂ ကာရန်ယူစပ်နည်းကို အများဆုံး အသုံးပြုစပ်ဆိုထားသဖြင့် စာသွားပြေပြစ်ကာ ချောမွေ့၍ နားဝင်ငြိမ့်ညောင်းမှုလည်း ရှိနေသည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော်လည်း လိုအပ်သည့်နေရာဖြစ်သည့် ဟတ္ထိပါလ၏ တောထွက်ခန်းပိုဒ်ရေ (၃၉) ၌ ၄-၂ ကာရန်ဖြစ်သည့် ထိပ်ချင်းချွတ် စပ်ဆိုသွားသည်ကို တွေ့ရသည်။ **"တသန္တေဓေ၊ တပေလျှဉ်းလျှဉ်း၊ တညဉ်းဆိုးဆိုး၊ တညှိုးလျလျ၊ တတလွမ်းလွမ်း၊ တသမ်းဟယ်ဟယ်၊ တတွယ်တာတာ၊ တဟာလိုက်လိုက်၊ တရှိုက်ငင်ငင်၊ တပင်ပန်းပန်း၊ တဝန်းလျားလျား၊ ရဟတ်ချားသို့၊ လှည့်များဘဝ၊ သံသာရတွင်"**ဟု စပ်ဆိုထားရာ ကာရန်ရယူသုံးစွဲမှုသည် ဘဝသံသရာသည် ချားရဟတ်ကဲ့သို့ လည်နေသည့်သဘောကို ဖွဲ့ဆိုခဲ့ရာ ဤနေရာကိုဖတ်မိတိုင်း ချာချာလည်သလို ခံစားရအောင် အစွမ်းပြနိုင်ပေသည်။ ထို့ပြင် အက္ခရာတူ စကားလုံးလေးများကို နီးကပ်စွာ သုံးထားသဖြင့် နားဝင်ချိုသည့် မဓုရတာဂုဏ်လည်း မြောက်သည်ကို တွေ့ရပေသည်။

စာဆိုအရှင်၏ အဇပါလတောထွက်ခန်း ပိုဒ်ရေ (၁၂၀) တွင် **"ဘမ်းငင်ကလူ၊ သေမင်းယူသော်၊ ဘယ်သူတားလှည့်၊ ဟာပျောက်၏ဟု၊ သနားမှုဖြင့်၊ ရင်ထုခတ်တီး၊ ဆံကြီးဖားရဝေ၊ မိဆွေဘမျိုး၊ ငိုအားကြိုးလျက်၊ တံစိုးတောင်ရှိ၊ ပေးဘိခလို၊ ဆိုလည်းမရ၊ တလည်းမဖြစ်၊ မြစ်လည်းမနိုင်၊ ကိုင်လည်းမလွတ်"** ဟူ၍ ကြောက်ရွံ့ထိတ်လန့်ဖွယ် ဘယာနကရသ ပေါ်လွင်အောင် စပ်ဆိုတော်မူခဲ့လေသည်။ ထို့ပြင် လူ့သဘောသဘာဝ သနားစဖွယ် ကရုဏာရသ မြောက်အောင် ဖွဲ့ဆိုရာတွင် ပိုဒ်ရေ (၉၂) ၌ **"လောကတံတစ်၊ လူတို့ဖြစ်ကား၊ ကြိုက်ချစ်သမှု၊ တစ်ခုခုကို၊ လူလူအာသာ၊ ရကြောင်းရှာလည်း၊ ပူဆာဒုက္ခ၊ ဆင်းရဲလှ၏"**ဟု ဖွဲ့ဆိုထားပေသည်။ ဆရာတော်သည် ပထမအရွယ်တွင် ပညာရှာရန်အတွက် ရဲရင့်စွာဖြင့် ဝီရရသမြောက်အောင်လည်း ပျို့၏ပိုဒ်ရေ (၂၇) တွင် ဖွဲ့ခဲ့သည်။ **"ပဌမရွယ်၊ ငယ်သော်ကတည့်၊ သိပ္ပခေါင်အား၊ တတ်မြောက်မြားမူ၊ တောသားရန်အောင်၊ ခြသေ့်ယောင်သို့၊ မရှောင်မညှာ၊ တင်းတင်းမာ၍၊ ပညာရဲရင့်၊ ပွဲလယ်တင့်လိမ့်"**။

ပျို့ထဲတွင် နေရာတော်တော်များများ၌ ကန္တိဂုဏ်ဖြစ်သည့် နှစ်သက်ဖွယ်ရာအဖွဲ့များကိုလည်း တွေ့ရှိနေရသည်။ ဥပမာအားဖြင့် အောက်ပါအဖွဲ့များတွင် တွေ့နေရကြောင်း ကောက်နုတ်ဖော်ပြလိုပေသည်။

**"ချစ်လေးမြတ်၏၊ ချစ်မှတ်သဘော၊ ချစ်လိုက်လျော၍၊ ချစ်ဇောပြေးတုံ့ ပြေးပါလော့"**အပိုဒ် (၅၁)၊ **"လွမ်းချင်းနင့်ခဲ့၊ လွမ်းနှင့်မနား၊ လွမ်းများလေလေ"** အပိုဒ် (၉၈ )၊ **"ရွှေစည်တီးတီး၊ ရွှေထီးဆောင်းဆောင်း၊ ရွှေဖောင်းသွယ်သွယ်၊ ရွှေစလွယ်နှင့်"** အပိုဒ် (၁၃၆ ) စသည်ဖြင့် တွေ့ရလေသည်။ ထို့ပြင် ပျို့စာကိုယ်အပိုဒ် ၁၃၂ မှ ၁၃၅ ပိုဒ်ထိတွင် တစ်ပိုဒ်လျှင် အက္ခရာ ၁၀၇ လုံးစီဖြင့်လည်းကောင်း၊ ပျို့စာကိုယ်အပိုဒ် ၁၃၆ မှ ၁၃၉ ပိုဒ်ထိတွင် တစ်ပိုဒ်လျှင် အက္ခရာ ၈၄ လုံးစီဖြင့် လည်းကောင်း၊ ပျို့စာကိုယ်အပိုဒ် ၁၄၀ မှ ၁၄၂ ပိုဒ်ထိတွင် တစ်ပိုဒ်လျှင် အက္ခရာ ၃၉ လုံးစီဖြင့် လည်းကောင်း ထူးခြားစွာဖွဲ့ဆိုမှုကိုလည်း တွေ့ရှိရသည်။

**ဤစာကိုးခန်း ပုလဲပန်းဖြင့်**

ကိုးခန်းပျို့ထဲတွင် ခေတ်အဆက်ဆက်ကျော်ကြား သုံးစွဲခဲ့ကြသည့်စာများမှာ ဤကိုးခန်းပျို့မှ ဆင်းသက်လာကြောင်းကို သိသလိုလိုနှင့် မသိဖြစ်နေကြသည်။ ကိုးခန်းပျို့လာစာအချို့မှာ **"ပညာရဲရင့် ပွဲလယ်တင့်"**ဟူ၍လည်းကောင်း၊ **"သားတို့ရုပ်ရည်၊ သီတာမည်သား၊ ရေကြည်ချမ်းမြ၊ တစ်ပေါက်ကျက၊ မိဘတို့ဝမ်း၊ ငြိမ်းစတမ်းဖြင့်"** ဟူ၍လည်းကောင်း၊ **"ဃရာဝါသ၊ သမ္ဗာဖြင့်၊ ဒုက္ခဖွဲ့နှောင်၊လူတို့ဘောင်ဝယ်"**ဟူ၍လည်းကောင်း စသည်တို့ဖြစ်ကြသည်။ ရှင်မဟာရဋ္ဌသာရသည် ပျို့ခေတ်ဖြစ်သည့် အင်းဝခေတ်တွင် အစောဆုံးပျို့ဖြစ်သည့် ဘူရိဒတ်အလင်္ကာကို ၈၄၆ ခုနှစ်တွင် စပ်ဆိုခဲ့သော စာဆိုအကျော်ဖြစ်ခဲ့သည့်အပြင် သီဟိုဠ်ရောက်ဆရာတော်ကြီးများထံမှလည်း နည်းနာများရခဲ့သည်ဖြစ်၍ ငယ်စဉ်က မာန်မာနကြွတက်ခဲ့သည်ကို ဤကိုးခန်းပျို့၏ နိဂုံးအပိုဒ် (၇) တွင် **"ငါနှင့်ငါသာ၊ နှိုင်းစရာဟု၊ ပညာမုန်ယို၊ အရွယ်ပျိုက၊ မဆိုစလောက်၊ မာန်စောင်မြောက်၍၊ နှုတ်ငေါက်လွန်မိ၊ ဒေါသရှိလည်း၊ နှောင်းပြီးတခါ၊ ရှိသေစွာလျှင်၊ ဤစာကိုးခန်း၊ ပုလဲပန်းဖြင့်၊ စိတ်ကျန်းမာန်လျော့၊ ငါကန်တော့၏"** ဟု ဖြေလျှော့ရေးသားခဲ့ပေသည်။

**ကိုးကား**

၁။ ရှင်မဟာရဋ္ဌသာရ၏ စတုဓမ္မသာရကိုးခန်းပျို့

၂။ မလိခ၏ ပျို့အညွှန်း

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမှ့ဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမှ့ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၅၁၅၉၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ယင်းမာပင် ဇွန် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၅၁၅၉၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် ပဲစင်းငုံ ဧက ၈၈၅၀၀ စိုက်ပျိုးရန် လျာထားပြီး မေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၅၁၅၉၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် ပဲစင်းငုံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၁၂၁၈၀၊ ကနီမြို့နယ်တွင် ဧက ၂၀၂၂၀၊ ဆားလင်းကြီးမြို့နယ်တွင် ၆၃၉၅ ဧက၊ ပုလဲမြို့နယ်တွင် ဧက ၁၂၈၀၀ စုစုပေါင်း ၅၁၅၉၅ ဧက ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ ယင်းမာပင်ခရိုင်အတွင်း ပဲစင်းငုံ ဧက ၈၈၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၅၁၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ယင်းမာပင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ပဲစင်းငုံစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၂၀၃၀၀၊ ကနီမြို့နယ်တွင် ဧက ၁၅၃၉၀၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၃၀၈၀၀၊ ပုလဲမြို့နယ်တွင် ဧက ၂၂၀၁၀ စုစုပေါင်းဧက ၈၈၅၀၀ ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ပဲစင်းငုံစိုက် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

## ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက် ငရုတ်သီးစိမ်းများ အရောင်းအဝယ်ကောင်းမွန်နေ

**ကျောင်းကုန်း ဇွန် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက် ငရုတ်သီးစိမ်းများ ဝယ်ယူမှုအားကောင်းလာသဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက် ငရုတ်သီးစိမ်းများကို ဇွန်လ ဒုတိယပတ်မှ ယနေ့တိုင် ဝယ်ယူမှု အားကောင်းလာသဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက် ငရုတ်သီးစိမ်းများ တစ်ရက်လျှင် ပိဿာချိန် ၁၅၀၀၀ မှ ၂၀၀၀၀ ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"လက်ရှိငရုတ်သီးစိမ်းတွေက ဒေသတွင်းမှာကို အရောင်းအဝယ်ကောင်းနေတာပါ။ လက်ရှိမှာ ငရုတ်သီးစိမ်း တစ်ပိဿာကို ငွေကျပ် ၁၁၀၀၀ ထိ ဈေးပေါက်နေပါတယ်။ ဒေသထွက်ငရုတ်သီးစိမ်းတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေက ဝယ်ယူတာများနေလို့အရောင်းအဝယ်ကောင်းနေတာပါ။ ဒီဘက်က ငရုတ်အရောင်းအဝယ်သမားတွေက ဒေသထွက် ငရုတ်သီးစိမ်းတွေကို မှာယူတဲ့ဒေသထိ လိုက်လံပို့ဆောင် ပေးနေပါတယ်"ဟု ကျောင်းကုန်းမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ငရုတ်သီးစိမ်းများကို အခြားဒေသများသို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါငရုတ်သီးစိမ်းများ အရောင်းအဝယ် ကောင်းလာသည့်အတွက် ငရုတ်စိုက်တောင်သူများ၊ ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ၊ လုပ်သားများ အဆင်ပြေကြကြောင်း သိရသည်။

ကျော်ကျော်လင်း

## မျိုးဆက်သစ်တို့ အားမာန်

- အောင်မြင်ရန် စိတ်ကိုမွေး
ကြိုးစားပေး တက်လူငယ်၊
မိမိသာ မိမိဘဝမို့
လုဖို့ရည်ရွယ်၊
ပျင်းရိစိတ် ရှောင်ကြဉ်ဖယ်
ဘဝလမ်းရယ် ဖြောင့်တန်းရေး၊
အချိန်ကို အကျိုးရှိ
သုံးကြည့်ကာပေး။

- အမှားအမှန် ကြောင်းကျိုးတွေး
ဆုံးဖြတ်ပေးတဲ့ မြတ်ပညာ၊
နုနယ်ချိန် အရွယ်ကတည်းက
ကြိုးစားပြီးရှာ၊
ဉာဏ်ရည်ထက်ဖို့ စာဖတ်ပါ
နှလုံးသားဟာ ဖြူသန့်ရှင်း၊
ပတ်ဝန်းကျင်ကောင်းကျိုး
သယ်ပိုးဆောင်ကြဉ်း။

- ကိုယ့်နိုင်ငံ ဂုဏ်သတင်း
ကိုယ့်အချင်းဖြင့် ကြိုးစားယူ၊
ဇာတိမာန် မျိုးချစ်စိတ်
ထိပ်တန်းမှာထူ၊
စည်းကမ်းကောင်း နိုင်ငံမူ
တက်လူတွေ လိုက်နာကြ၊
လူငယ်သည် တိုင်းပြည်အတွက်
တန်ဖိုးအနှဋ္ဌ။ ။

ချစ်သက်(မြန်မာစာ)


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

## နိုင်ငံတကာ သတင်းများ

# ယူကရိန်း ဒီနီပရိုပက်ထရော့ဖ်ဒေသ၌ ပထမဆုံးကျေးရွာကို ရုရှားတပ်များရရှိ

**မော်စကို ဇွန် ၃၀**

ရုရှားတပ်များသည် ယူကရိန်း အရှေ့အလယ်ပိုင်း ဒီနီပရိုပက်ထရော့ဖ်ဒေသ၌ ပထမဆုံးကျေးရွာတစ်ရွာကို သိမ်းပိုက်နိုင်ခဲ့ကြောင်း ရုရှားနိုင်ငံပိုင်မီဒီယာများက ဇွန် ၂၉ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

ရုရှားတပ်များသည် ယူကရိန်း ဆူမီဒေသ၌ စတုရန်းမိုင် ၇၇ ဒသမ ၂၂ မိုင်ရှိသောနယ်မြေကို ထိန်းချုပ်ခဲ့ပြီးနောက် ဒီနီပရိုပက်ထရော့ဖ်ဒေသသို့ ဆက်လက်ထိုးဖောက်ဝင်ရောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ရုရှားတပ်များသည် ပြီးခဲ့သည့် နှစ်လတာကာလအတွင်း ယူကရိန်းစစ်မြေပြင်၌ နယ်မြေအကျယ်အဝန်း၊ စတုရန်းကီလိုမီတာ ၉၅၀ ထိ ရယူနိုင်ခဲ့သည်။

လက်ရှိအချိန်တွင် ရုရှားတပ်များက ယူကရိန်းစစ်မြေပြင်၌ ထိန်းချုပ်ထားနိုင်သော နယ်မြေအကျယ်အဝန်းမှာ စတုရန်းကီလိုမီတာ ၁၁၃၅၈၈ ကီလိုမီတာ ထိ ရှိလာခဲ့ပြီဖြစ်သည်။

သုံးနှစ်ကျော်ကြာ ယူကရိန်းပဋိပက္ခကိုအဆုံးသတ်၍ ငြိမ်းချမ်းရေး သဘောတူညီချက်ရယူရေးအတွက် ယူကရိန်းအနေဖြင့် ရုရှားထိန်းချုပ်မှုအောက်ရှိနယ်မြေများကို စွန့်လွှတ်ပေးရမည်ဖြစ်ကြောင်း ရုရှားအစိုးရက ပြောကြားထားသည်။

ယူကရိန်းနိုင်ငံ၏ လူးဟန့်ဒေသ၏ ၉၉ ရာခိုင်နှုန်း၊ ဒွန်းနက်စ်ဒေသ၊ ဇာပိုရစ်ဇီယာဒေသနှင့် ခါဆန်ဒေသများ၏ ၇၀ ရာခိုင်နှုန်းကျော်တို့ကိုရုရှားနိုင်ငံက ထိန်းချုပ်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူထိန်းသိမ်းရေးစခန်းဖွင့်ပွဲသို့ အမေရိကန်သမ္မတဒေါ်နယ်ထရန့် တက်ရောက်နိုင်






**နယူးယောက် ဇွန် ၃၀**

တရားမဝင် ရွှေ့ပြောင်းဝင်ရောက်သူများကို ယာယီထိန်းသိမ်းရန် ဖလော်ရီဒါတောင်ပိုင်း၌ တည်ဆောက်ထားသော ထိန်းသိမ်းရေးစခန်းသစ်ဖွင့်ပွဲသို့ သမ္မတဒေါ်နယ်ထရန့်တက်ရောက်ဖွယ်ရှိကြောင်း ဇွန် ၂၉ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

သမ္မတ ဒေါ်နယ်ထရန့် အနေဖြင့် ဇူလိုင် ၁ ရက်တွင် အယ်လ်ဂေတာအယ်လ်ကာထရက်ဇ်အမည်ရှိ အဆိုပါ ယာယီထိန်းသိမ်းရေးစခန်းသစ်ဖွင့်ပွဲသို့ တက်ရောက်မည်ဖြစ်ကြောင်း အမေရိကန်အစိုးရတာဝန်ရှိသူများက ပြောကြားထားသည်။

သမ္မတဒေါ်နယ်ထရန့်နှင့်အတူ အမိမြေလုံခြုံရေးဝန်ကြီး ခရစ္စတီနာနိုအမ်လည်း လိုက်ပါမည်ဖြစ်ကြောင်း သိရသည်။

အယ်လ်ဂေတာအယ်လ်ကာထရက်ဇ် ယာယီထိန်းသိမ်းရေးစခန်းကို မိကျောင်းနှင့် စပါးကြီးမြွေများပေါများသည့် အဲဗားဂလိတ်ဒေသ၌ တည်ဆောက်ထားခြင်းဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် သမ္မတရာထူးစတင်ရရှိခဲ့ပြီးနောက်ပိုင်း အမေရိကန်နိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသူများကို ဖမ်းဆီးခြင်း၊ နယ်နှင်ခြင်းများ ပြုလုပ်လျက်ရှိသည်။

ယခုနှစ် ဇွန် ၁၅ ရက်အရောက်တွင် အမေရိကန်နိုင်ငံတစ်ဝန်းရှိ ဖက်ဒရယ်လူဝင်မှု ကြီးကြပ်ရေးဌာန ထိန်းသိမ်းရေးစခန်းများ၌ ထိန်းသိမ်းခံထားရသူ တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူ အရေအတွက်မှာ ၅၆၀၀၀ထိ ရှိလာကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

# တရုတ်ရေတပ် ရှန်တုန်းလေယာဉ်တင်သင်္ဘော ဟောင်ကောင်ဆိပ်ကမ်း၌ ဆိုက်ကပ်မည်

**ပေကျင်း ဇွန် ၃၀**

တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် (ပီအယ်လ်အေ) ရေတပ်မှ ရှန်တုန်းလေယာဉ်တင်သင်္ဘောသည် ဇူလိုင် ၃ ရက်မှ ၇ ရက်ထိ ဟောင်ကောင်ဆိပ်ကမ်း၌ ဆိုက်ကပ်ထားမည်ဖြစ်သည်။

ဟောင်ကောင် ဆိပ်ကမ်း၌ ဆိုက်ကပ်ထားစဉ် ဟောင်ကောင်ပြည်သူများအနေဖြင့် ရှန်တုန်းလေယာဉ်တင်သင်္ဘောပေါ်သို့တက်ရောက်ခွင့်လက်မှတ်များဝယ်ယူ၍ တက်ရောက်လေ့လာနိုင်မည်ဖြစ်ကြောင်း တရုတ်အစိုးရသတင်းမီဒီယာများကကြေညာထားသည်။



ဟောင်ကောင် ပြည်သူများအနေဖြင့် ဇွန် ၅ ရက်မှ ၆ ရက်ထိ ရှန်တုန်း လေယာဉ်တင်သင်္ဘောပေါ်သို့ တက်ရောက်လေ့လာခွင့်ရမည်ဖြစ်သည်။

တရုတ်ရေတပ်၏ အစီအစဉ်အရ ရှန်တုန်းလေယာဉ်တင်သင်္ဘောပေါ်သို့ ဟောင်ကောင်ပြည်သူ၂၀၀၀တက်ရောက်လေ့လာနိုင်မည်ဖြစ်သည်။

အလားတူ ရှန်တုန်းလေယာဉ်တင်သင်္ဘောနှင့်လိုက်ပါလာသော ကျန်ကျင်း ပဲ့ထိန်းဒုံးကျည်တင်ဖျက်သင်္ဘောနှင့် ယွန်ချန် ဖရီးဂိတ် စစ်သင်္ဘောများပေါ်သို့ ဟောင်ကောင်ပြည်သူ ၈၀၀၀ တက်ရောက်ခွင့်ရမည်ဖြစ်သည်။

တရုတ်ရေတပ်သည် ရှန်တုန်းလေယာဉ်တင်သင်္ဘောကို ၂၀၁၇ ခုနှစ်တွင် ရေချခဲ့ပြီး ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် စစ်ရေးလှုပ်ရှားမှုတာဝန်များ စပေးခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အိန္ဒိယဆေးဝါးစက်ရုံတစ်ရုံ၌ ပေါက်ကွဲမှုဖြစ်ပွား အနည်းဆုံး ရှစ်ဦးသေဆုံး၍ ဦးရေ ၂၀ ကျော်ဒဏ်ရာရရှိ

**ဒေလီ ဇွန် ၃၀**

အိန္ဒိယနိုင်ငံ တီလန်နာဂါပြည်နယ် ဆေးဝါးစက်ရုံတစ်ရုံ၌ ယနေ့တွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူရှစ်ဦးသေဆုံး၍ ဦးရေ ၂၀ ကျော် ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည့် စက်ရုံကို ဆီဂါချီဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီက ပိုင်ဆိုင်ကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားခဲ့သည်။

စက်ရုံပေါက်ကွဲမှုကြောင့် ဒဏ်ရာရသူများအနက် လေးဦး၏ အခြေအနေမှာ စိုးရိမ်ရကြောင်း တီလန်နာဂါပြည်နယ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယင်းအပြင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် စက်ရုံအတွင်း အလုပ်သမား ၁၀ ဦး ပိတ်မိနေဆဲဖြစ်ကြောင်း ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် ဆေးဝါးစက်ရုံပေါက်ကွဲမှုဖြစ်ပွားရခြင်း၏ နောက်ခံအကြောင်းရင်းကို အိန္ဒိယတာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

အဆိုပါ ပေါက်ကွဲမှုသည် စက်ရုံ၏ ဓာတ်ပေါင်းဖိုခန်းရှိရာနေရာ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်နိုင်ကြောင်း တီလန်နာဂါပြည်နယ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

Ref : Xinhua

Trs : KKO



# အမေရိကန်၌ တောမီးငြိမ်းရန်လာသည့် မီးသတ်သမားများကို တောမီးရှို့သည့်သေနတ်သမားက ချုံခိုတိုက်ခိုက်မှုပြုလုပ်

**နယူးယောက် ဇွန် ၃၀**

အမေရိကန်နိုင်ငံ အိုင်ဒါးဟိုးပြည်နယ်၌ သေနတ်သမားတစ်ဦးက ဇွန် ၂၉ ရက်တွင် တောမီးရှို့၍ မီးသတ်သမားများအား ချုံခိုတိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသေနတ်သမားအမျိုးသားသည် တောမီးရှို့ခဲ့ပြီးနောက် မီးငြိမ်းသတ်ရန် ရောက်ရှိလာသည့် မီးသတ်သမားများကို ချုံခိုပစ်ခတ်တိုက်ခိုက်ခဲ့ရာ မီးသတ်သမားနှစ်ဦးသေဆုံး၍တစ်ဦးဒဏ်ရာရရှိခဲ့သည်။

၎င်းသေနတ်သမားအမျိုးသားသည်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အပြန်အလှန်ပစ်ခတ်စဉ် သေဆုံးခဲ့ရကြောင်း အိုင်ဒါးဟိုးပြည်နယ် တာဝန်ရှိသူများက ပြောကြားထားသည်။

အဆိုပါဖြစ်စဉ်ကို လုံခြုံရေးတပ်ဖွဲ့ဝင် ၃၀၀ ကျော်တို့က ရဟတ်ယာဉ်နှစ်စင်းအကူအညီဖြင့် တုံ့ပြန်ကိုင်တွယ်ခဲ့ရသည်။

သေနတ်သမားအမျိုးသားအနေဖြင့် တောမီးငြိမ်းရန် လာရောက်သည့်မီးသတ်သမားများကို အဘယ်ကြောင့် ချုံခိုတိုက်ခိုက်ခဲ့ရသည်ကို မသိရသေးကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။


နိုင်ငံသားများ သေနတ်ကိုင်ဆောင်ခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အကာအကွယ်ပေးထားသော အမေရိကန်နိုင်ငံ၌ သေနတ်ပစ်ခတ် အကြမ်းဖက်မှုများ မကြာခဏ ဖြစ်ပွားတတ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## အပိုးဖစ်ဂြိုဟ်သိမ်ကို ကျူဆက်ဂြိုဟ်တုသစ်အုပ်စုတစ်စုဖြင့် လေ့လာရေးအတွက် တရုတ်သိပ္ပံပညာရှင်များက စီစဉ်နေ



**ပေကျင်း ဇွန် ၃၀**

၂၀၂၉ ခုနှစ်တွင် ကမ္ဘာဂြိုဟ်ကို အနီးကပ်ဖြတ်သန်းမည့် အပိုးဖစ်ဂြိုဟ်သိမ်ကို ကျူဆက်ဂြိုဟ်တုသစ်အုပ်စုတစ်စုဖြင့် လေ့လာရေးအတွက် တရုတ်သိပ္ပံပညာရှင်များက စီစဉ်နေကြောင်း ဇွန် ၂၉ ရက် သတင်းများအရ သိရသည်။

ဆင်ဟွာတက္ကသိုလ်နှင့် ဆွန်ယက်ဆင် တက္ကသိုလ်အပါအဝင် တရုတ်တက္ကသိုလ်များမှ သိပ္ပံပညာရှင်များသည် အပိုးဖစ်ဂြိုဟ်သိမ်ကို ကျူဆက်ဂြိုဟ်တုငယ်အုပ်စုတစ်ခု လွှတ်တင်ရန် လေ့လာမည့် အစီအစဉ်တစ်ရပ်ကို အဆိုပြုထားကြောင်း သိရသည်။

ARS (Apophis Recon Swarm) အမည်ရှိ အဆိုပါမစ်ရှင်အတွင်း ကျူဆက်ဂြိုဟ်တုငယ်များသည် အပိုးဖစ်ဂြိုဟ်သိမ်၏ ဒြပ်ထု၊ မျက်နှာပြင်ဖွဲ့စည်းပုံ၊ မွှတ်မွှတ်လည်မှုနှုန်းနှင့်အတွင်းပိုင်းဖွဲ့စည်းပုံတို့ကို လေ့လာမည်ဖြစ်ကြောင်း တရုတ် သိပ္ပံပညာရှင်များက ပြောကြားသည်။

အပိုးဖစ်ဂြိုဟ်သိမ် ကမ္ဘာမြေကို အနီးကပ်ဖြတ်ကျော်ပျံသန်းချိန်သည် ဂြိုဟ်နက္ခတ်သိပ္ပံပညာလောကအတွက် ရှားရှားပါးပါး အခွင့်အလမ်းတစ်ရပ်ဖြစ်ကြောင်း တရုတ် သိပ္ပံပညာရှင်များက ပြောကြားထားသည်။

တရုတ် သိပ္ပံပညာရှင်များကဲ့သို့ပင် ဥရောပအာကာသအေဂျင်စီမှ သိပ္ပံပညာရှင်များကလည်း အပိုးဖစ်ဂြိုဟ်သိမ်ကို ရမ်မဆေး အမည်ရှိ မစ်ရှင်ဖြင့် လေ့လာရေးအတွက် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အရွယ်အစားအားဖြင့် အချင်း မီတာ ၃၄၀ ထိရှိသော အပိုးဖစ်ဂြိုဟ်သိမ်သည် ၂၀၂၉ ခုနှစ် ဧပြီ ၁၃ ရက်တွင် ကမ္ဘာဂြိုဟ်ကို ကီလိုမီတာ ၃၀၆၀၀ အကွာမှတစ်ဆင့် ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## Rocket Lab ကုမ္ပဏီက အမျိုးအမည်မသိ လျှို့ဝှက်ဂြိုဟ်တုတစ်စင်းကို နယူးဇီလန်နိုင်ငံမှတစ်ဆင့် လွှတ်တင်ပေးခဲ့

**ဝါရှင်တန် ဇွန် ၃၀**

အမေရိကန်နိုင်ငံအခြေစိုက် Rocket Lab ကုမ္ပဏီသည် အမျိုးအမည်မသိ လျှို့ဝှက်ဂြိုဟ်တုတစ်စင်းကို ဇွန် ၂၈ ရက်တွင် နယူးဇီလန်နိုင်ငံမှတစ်ဆင့် လွှတ်တင်ပေးခဲ့ကြောင်း ဇွန် ၂၉ ရက်သတင်းများအရ သိရသည်။

အဆိုပါ လျှို့ဝှက်ဂြိုဟ်တုကို အီလက်ထရွန်ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး လွှတ်တင်မှုအောင်မြင်ကြောင်း Rocket Lab ကုမ္ပဏီက အတည်ပြုထားသည်။

လွှတ်တင်ပြီး မကြာမီမှာပင် အီလက်ထရွန်ဒုံးပျံသည် သယ်ဆောင်ထားသည့် လျှို့ဝှက်ဂြိုဟ်တုကို ကမ္ဘာမြေပြင်အထက်အမြင့် ၄၀၄ မိုင်တွင်ရှိသော ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း Rocket Lab ၏ ကြေညာချက်၌ ဖော်ပြထားသည်။



အဆိုပါမစ်ရှင်သည် အမည်နာမလျှို့ဝှက်ထားသော ကုမ္ပဏီတစ်ခုအတွက် Rocket Lab ကုမ္ပဏီက လွှတ်တင်ပေးရမည့် လျှို့ဝှက်ဂြိုဟ်တုမစ်ရှင် နှစ်ခုအနက် ပထမဆုံးမစ်ရှင်ဖြစ်ကြောင်း သိရသည်။

ဒုတိယမြောက် လျှို့ဝှက်ဂြိုဟ်တုကိုမူ ယခုနှစ် နှစ်ကုန်ပိုင်းတွင် အီလက်ထရွန်ဒုံးပျံနှင့်ပင် လွှတ်တင်ရန် စီစဉ်ထားကြောင်း Rocket Lab ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားသည်။

ဇွန် ၂၈ ရက် လျှို့ဝှက်ဂြိုဟ်တုမစ်ရှင်သည် Rocket Lab ကုမ္ပဏီအတွက် ယခုနှစ်၏ ၁၀ ခုမြောက်မစ်ရှင်ဖြစ်ပြီး အီလက်ထရွန်ဒုံးပျံများ၏ ၆၈ ကြိမ်မြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ဘလူးအော်ရီဂျင်ကုမ္ပဏီက ပုဂ္ဂလိကအာကာသခရီးသည် ခြောက်ဦးလိုက်ပါသွားသည့် New Shepard ဒုံးပျံယာဉ်ကို လွှတ်တင်ခဲ့

**ဝါရှင်တန် ဇွန် ၃၀**

အမေရိကန်နိုင်ငံ အခြေစိုက် ဘလူးအော်ရီဂျင် ကုမ္ပဏီသည် ပုဂ္ဂလိက အာကာသခရီးသည် ခြောက်ဦး လိုက်ပါသွားသည့် New Shepard ဒုံးပျံယာဉ်ကို ဇွန် ၂၉ ရက်တွင် လွှတ်တင်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် New Shepard ဒုံးပျံယာဉ်ကို ဝက်စ်တက္ကဆက်ဒေသမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီးနောက် New Shepard ဒုံးပျံသည် ပုဂ္ဂလိက အာကာသယာဉ်မှူး ခြောက်ဦးကို ကမ္ဘာမြေပြင်အထက် အမြင့် ၆၂ မိုင်တွင်ရှိသော အာကာသနှင့် လေထုလွှာအနားစပ်သို့ ပို့ဆောင်ပေးခဲ့သည်။

ထို့နောက် New Shepard ဒုံးပျံယာဉ်သည် လေထီးများအကူအညီဖြင့် ဝက်စ်တက္ကဆက်ဒေသ၌ ပြန်လည်ဆင်းသက်ခဲ့သည်။

အစအဆုံး ၁၀ မိနစ်ကြာမြင့်ခဲ့သည့် ဇွန် ၂၉ ရက် ပြုလုပ်ခဲ့သည့် New Shepard မစ်ရှင်သည် ဘလူးအော်ရီဂျင်ကုမ္ပဏီအတွက် ၃၃ ကြိမ်မြောက် New Shepard မစ်ရှင်ဖြစ်သည်။

အဆိုပါမစ်ရှင်သည် ပုဂ္ဂလိကအာကာသယာဉ်များ လိုက်ပါသွားသည့် ၁၃ ခုမြောက် New Shepard မစ်ရှင်လည်းဖြစ်သည်။

Ref : Sputnik News

Trs : KKO

# HEALTH

## ကော်ဖီသောက်သုံးမှုက အသက်ရှည်ရေးအတွက် အထောက်အကူပြုနိုင်ကြောင်း ပညာရှင်များပြောကြား

**လန်ဒန် ဇွန် ၃၀**

ကော်ဖီ သောက်သုံးမှုသည် အသက်ရှည်ရေးအတွက်အထောက်အကူ ပြုနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇွန် ၂၉ ရက် သတင်းများအရ သိရသည်။

ဗြိတိန်နိုင်ငံ ကွင်းမေရီ တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ ကော်ဖီတွင်ပါဝင်သည့် ကဖင်းဓာတ်သည် ဆဲလ်များ ကြီးထွားမှု၊ ကိုယ့်ကိုယ်ကိုယ် ပြန်လည်ကုစား ပြင်ဆင်နိုင်မှုနှင့် ဖိအားကို တုံ့ပြန်မှုတို့အပေါ် အကျိုး သက်ရောက်မှုရှိကြောင်း သိရသည်။

ဓာတ်ခွဲခန်းစမ်းသပ်မှုရလဒ်များအရ ကဖင်းဓာတ်သည် AMPK ခေါ် ဇီဝစွမ်းအင်ပြန်လည်ဖြည့်တင်းမှုစနစ်နှင့်ဆဲလ်များကို ချိတ်ဆက်ပေးနိုင်သည်ကို တွေ့ရကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

AMPK စွမ်းအင်ပြန်လည်ဖြည့်တင်းမှုစနစ်သည် ဆဲလ်များကို ပြုပြင်ထိန်းသိမ်းပေးသည်ဖြစ်ရာ ၎င်းစနစ်နှင့် ထိတွေ့နိုင်သော ဆဲလ်များမှာ ဇီဝသက်တမ်း အိုမင်းမှု ပို၍နှေးကွေးလာပြီး ဖိအားများကို တုံ့ပြန်ရာတွင် ပို၍ ထိရောက်လာကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကဖင်းဓာတ်သည် လူတို့၏ ကျန်းမာရေးနှင့် အသက်ရှည်ရေးတို့အတွက် အထောက်အကူပြုနိုင်သည်ကို တွေ့ရသည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ရောဂါဆိုးများဖြစ်စေနိုင်သော ဗိုင်းရပ်သစ်နှစ်မျိုး လင်းနို့များ၌ တရုတ်သုတေသနပညာရှင်များတွေ့ရှိ

**နယူးယောက် ဇွန် ၃၀**

ဦးနှောက် ရောင်ရမ်းမှုနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ ဖြစ်ပွားစေနိုင်သည့် ဗိုင်းရပ်ပိုးသစ်နှစ်မျိုးကို တရုတ် သုတေသနပညာရှင်များက လင်းနို့များ၌ ထပ်မံတွေ့ရှိထားရကြောင်း ဇွန် ၂၉ ရက် သတင်းများအရ သိရသည်။

အထက်ပါ ဗိုင်းရပ်နှစ်မျိုးသည် လူသားများကို ဒုက္ခပေးတတ်သည့် နီပါဗိုင်းရပ်(Nipah) နှင့် ဟင်ဒရာဗိုင်းရပ်(Hendra) တို့နှင့်အလွန်နီးစပ်ကြောင်း တရုတ် သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

တရုတ် သုတေသနပညာရှင်များသည် လင်းနို့မျိုးစိတ် ၁၀ ခုမှ လင်းနို့ ၁၄၂ ကောင်ကို လေ့လာခဲ့ရာ ဗိုင်းရပ်သစ် ၂၀ အပါအဝင် ဗိုင်းရပ် ၂၂ မျိုးကို ရှာဖွေတွေ့ရှိခဲ့သည်။

အထက်ပါ ဗိုင်းရပ်သစ်များအနက် စိုးရိမ်ရမည့်ဗိုင်းရပ် နှစ်မျိုးမှာ နီပါဗိုင်းရပ်၊ ဟင်ဒရာဗိုင်းရပ်များနှင့် အလွန်နီးစပ်သော ဟင်နီပါဗိုင်းရပ် (Henipavirus) နှစ်မျိုးဖြစ်သည်ဟု တရုတ်သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။


နီပါဗိုင်းရပ်နှင့် ဟင်ဒရာဗိုင်းရပ်များကြောင့် လူသားများ၌ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများနှင့် ဦးနှောက်ရောင်ရမ်းမှုရောဂါများဖြစ်ပွားတတ်ပြီး ၎င်းဗိုင်းရပ်ရောဂါနှစ်မျိုး၏ သေဆုံးနှုန်းမှာလည်း မြင့်မားကြောင်း သိရသည်။

လက်ရှိအချိန်တွင် နီပါဗိုင်းရပ်နှင့် ဟင်ဒရာဗိုင်းရပ်ရောဂါများအတွက် ကာကွယ်ဆေးနှင့်ကုထုံးများမရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO








## ဂျာအိုပက်ထရိုကို စတာလင်ပေါင် သန်း ၆၀ ဖြင့် ခေါ်ယူရန် ချဲလ်ဆီးသဘောတူညီမှုရရှိ

လန်ဒန် ဇွန် ၃၀

ချဲလ်ဆီးအသင်းသည် ဒွေါမွန်အသင်း တောင်ပံတိုက်စစ်ကစားသမား ဂစ်တန်းကို ခေါ်ယူခဲ့ပြီးနောက် တိုက်စစ်ပိုင်းထပ်မံဖြည့်တင်းရန်ကြိုးပမ်းခဲ့ရာ ဘရိုက်တန်အသင်းမှ တိုက်စစ်မှူး ဂျာအိုပက်ထရိုကို စတာလင်ပေါင် သန်း ၆၀ ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သည်။

ချဲလ်ဆီးအသင်းနှင့် ဘရိုက်တန်အသင်းတို့ကြား သဘောတူညီမှုတွင် ဂျာအိုပက်ထရိုအတွက် ကနဦးပြောင်းရွှေ့ကြေး စတာလင်ပေါင် ၅၅ သန်းပေးချေ၍ အပိုဆုကြေးငါးသန်းပါဝင်သောကြောင့် စုစုပေါင်း စတာလင်ပေါင် သန်း ၆၀ ပေးချေရ မည်ဖြစ်ပြီး ကစားသမားအနေဖြင့် လာမည့် ၂၀၃၂ ခုနှစ်ထိ ကာလရှည်စာချုပ် ချုပ်ဆိုမည်ဖြစ်သကဲ့သို့ ဆေးစစ်မှုများပြုလုပ်ပြီးပါက လက်ရှိ ချဲလ်ဆီးအသင်းပါဝင်ယှဉ်ပြိုင်နေသည့် ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ဂျာအိုပက်ထရိုကိုခေါ်ယူသွားရန် မျှော်လင့်ထားကြောင်း သိရသည်။

ဂျာအိုပက်ထရိုသည် ကွင်းလယ်တိုက်စစ်၊ ဘယ်တောင်ပံတိုက်စစ်တွင်သာမက အထောင်တိုက်စစ်ပိုင်းတို့တွင်လည်း ပါဝင်ကစားနိုင်သည့်အတွက် ချဲလ်ဆီးအသင်းက ဒီလက်ပ်နောက်တွင် နောက်ချန်တိုက်စစ်မှူးအဖြစ် ထည့်သွင်းအသုံးပြုရန်စီစဉ်ခဲ့ပြီး ကစားသမားအနေဖြင့် ပြီးခဲ့သည့်ဘောလုံးရာသီက ပရီးမီးယားလိဂ်ပြိုင်ပွဲ ၂၇ ပွဲတွင် သွင်းဂိုး ၁၀ ဂိုးနှင့် ဂိုးဖန်တီးမှုခြောက်ကြိမ်ထိ ပြုလုပ်ခြေစွမ်းပြနိုင်ခဲ့သည်။

ချဲလ်ဆီးအသင်းသည် ဂျာအိုပက်ထရိုကိုခေါ်ယူရန် နယူးကာဆယ်အသင်းနှင့် ယှဉ်ပြိုင်ခဲ့ရသော်လည်း ဒေးဗစ်အော်စတိန်းက ဂျာအိုပက်ထရိုကို ချဲလ်ဆီးအသင်းသို့ပြောင်းရွှေ့ရန် အကြံပြုခဲ့သဖြင့် ပြောင်းရွှေ့ခဲ့ပြီးနောက် ချဲလ်ဆီးအသင်းအနေဖြင့် ဘရိုက်တန်အသင်းမှ ကူကူရယ်လာ၊ ကာစီဒို၊ ဆန်းချက်ဇ်တို့အပါအဝင် ကစားသမားလေးဦးထိ ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။Ref : Fotmob

Trs : ML




### အားကစားသတင်းအတိုအထွာများ

- ကွန်ကာကပ်ဇုန် Gold cup ကွာတားဖိုင်နယ်အဆင့်တွင် ဂွါတီမာလာအသင်းက ကနေဒါအသင်းကို ပင်နယ်တီအဆုံးအဖြတ်တွင် ခြောက်ဂိုး ငါးဂိုးဖြင့် အနိုင်ရခဲ့သဖြင့် ကော်စတာရီကာအသင်းကို ပင်နယ်တီအဆုံးအဖြတ်တွင် လေးဂိုး သုံးဂိုးဖြင့် အနိုင်ရခဲ့သည့် အမေရိကန်အသင်းနှင့်တွေ့ဆုံခဲ့ပြီး အမေရိကန်အသင်းအနေဖြင့်လည်း Gold cup ပြိုင်ပွဲတွင် ၁၇ ကြိမ်ထိ ဆီမီးဖိုင်နယ်တက်ရောက်ခဲ့သည့် မှတ်တမ်းကောင်းကို ပိုင်ဆိုင်ခဲ့သည်။
- တိုက်စစ်မှူး စီရော်နယ်ဒိုက ၎င်းအနေဖြင့် ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်ကစားနိုင်ရေးထက် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခြောက်ကြိမ်မြောက်ပါဝင်ကစား၍ မှတ်တမ်းသစ်ရေးထိုးနိုင်ရေးကိုသာလိုချင်ကြောင်း အင်စတာဂရမ်တွင် ရေးသားဖော်ပြခဲ့သည်။
- ဘက်ဆစ်တပ်အသင်းက ရိုးမားအသင်းမှ တိုက်စစ်ကစားသမား အေဘရာဟမ်ကို ပြောင်းရွှေ့ကြေး ယူရို သန်း ၂၀ ဖြင့် ခေါ်ယူမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။ ML

## ကလပ်ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်တွင် ပီအက်စ်ဂျီအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ တွေ့ဆုံ



ဝါရှင်တန် ဇွန် ၃၀

ဖီဖာကလပ် ကမ္ဘာ့ဖလား ၁၆ သင်းရှုံးထွက်အဆင့်တွင် ပီအက်စ်ဂျီအသင်းက အင်တာမီယာမီအသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ဘိုင်ယန်မြူးနစ်အသင်းက ဖလာမင်ဂိုအသင်းကို လေးဂိုး နှစ်ဂိုးဖြင့် နိုင်ပွဲရခဲ့သောကြောင့် ကွာတားဖိုင်နယ်အဆင့်တွင် ပီအက်စ်ဂျီအသင်းနှင့် ထိပ်တိုက်တွေ့ဆုံခဲ့သည်။

၁၆ သင်းရှုံးထွက်အဆင့်တွင် ပီအက်စ်ဂျီအသင်းသည် အိမ်ရှင် အင်တာမီယာမီအသင်းကို ပွဲစကတည်းက ထိန်းချုပ်ကစားနိုင်ခဲ့ပြီး ဆက်တိုက်တိုက်စစ်ဆင်နိုင်ခဲ့သောကြောင့် ပွဲချိန်ခြောက်မိနစ်နှင့် ၃၉ မိနစ်တွင် နက်ဗက်စ်၊ ပွဲချိန် ၄၄ မိနစ်တွင် အင်တာမီယာမီကစားသမား အဗီလက်စ်က ကိုယ့်ဂိုးကိုသွင်းယူခဲ့သည့်အပြင် ပွဲချိန် ၄၅ မိနစ်တို့တွင် ဟာကီမီက ဦးဆောင်ဂိုး ထပ်မံသွင်းယူခဲ့ရာ ပထမပိုင်းတွင် လေးဂိုး ဂိုးမရှိဖြင့် နိုင်ပွဲရခဲ့သောကြောင့် ဒုတိယပိုင်းတွင် ပီအက်စ်ဂျီအသင်းက ကစားသမားပြောင်းလဲမှုများ ပြုလုပ်ကာ အင်တာမီယာမီအသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာရယူ၍ ထိန်းချုပ်နိုင်ခဲ့သဖြင့် ပထမပိုင်း သွင်းဂိုးများဖြင့်သာ ပွဲပြီးဆုံးခဲ့ပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။

ထို့အတူ ဘိုင်ယန်မြူးနစ်အသင်းနှင့် ဖလာမင်ဂိုအသင်းတို့ ပွဲစဉ်တွင်လည်း တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ဖိအားပေးမှုများရှိခဲ့ပြီး ဘိုင်ယန်မြူးနစ်အသင်းက အဆုံးသတ်ပိုင်းသေချာမှုများကြောင့် ဂိုးပေါက်ထိရောက်မှု လေးကြိမ်တွင် လေးကြိမ်စလုံး ဂိုးရခဲ့ပြီး ပွဲအစ ခြောက်မိနစ်တွင် ပူလ်ဂါ ကိုယ့်ဂိုးကိုသွင်းယူခဲ့မှုကြောင့် ဘိုင်ယန်မြူးနစ် ဦးဆောင်ဂိုးရခဲ့ပြီး ပွဲချိန် ၁၀ မိနစ်၊ ပွဲချိန် ၇၃ မိနစ်တွင် ဟယ်ရီကိန်း၊ ပွဲချိန် ၄၁ မိနစ် ဂိုးရက်ဇ်ကာတို့က ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့ပြီး ဖလာမင်ဂိုအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၃၃ မိနစ်တွင် ဂျာဆန်၊ ပွဲချိန် ၅၄ မိနစ်တွင် ဂျော်ဂျင်ဟိုတို့ သွင်းယူနိုင်ခဲ့သော်လည်း လေးဂိုး နှစ်ဂိုးဖြင့် ဘိုင်ယန်မြူးနစ်အသင်းက နိုင်ပွဲရခဲ့သည်။

ပီအက်စ်ဂျီ အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ ပွဲစဉ်ကို လာမည့် ဇူလိုင် ၅ ရက်တွင် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ Ref : Fotmob

Trs : ML

## အဲဗာတန်အသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း တိုက်စစ်မှူး ကယ်ဘက်လေဝင် အတည်ပြုပြောကြား

လန်ဒန် ဇွန် ၃၀

အဲဗာတန်အသင်း တိုက်စစ်မှူး ကယ်ဘက်လေဝင်သည် အသင်းနှင့် ကိုးနှစ်ကြာ လက်တွဲခဲ့ပြီးနောက် လက်ရှိအပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

တိုက်စစ်မှူး ကယ်ဘက်လေဝင်သည် ၂၀၁၆ ခုနှစ်က ရှက်ဖီးလ်(U) အသင်းမှ အဲဗာတန်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် အသင်းတွင် ဒဏ်ရာပြဿနာများနှင့် မကြာခဏ ရုန်းကန်နေရသော်လည်း ပြိုင်ပွဲစုံ ၂၇၃ ပွဲထိ ပါဝင်ကစားခဲ့ပြီး နည်းပြ အန်ဆယ်လော့တီ တာဝန်ယူခဲ့သည့် ၂၀၂၀-၂၀၂၁ ဘောလုံးရာသီတွင် ၎င်းအနေဖြင့် ကစားသမားဘဝ အကောင်းဆုံးပုံစံရရှိခဲ့သောကြောင့် အင်္ဂလန်အသင်းတွင် ရွေးချယ်ခံခဲ့ရသည်။

သို့သော် ကယ်ဘက်လေဝင်သည် ဒဏ်ရာပြဿနာများကြောင့် ပုံမှန်ပွဲကစားခွင့်ရရှိရန် ခက်ခဲခဲ့ပြီး ပြီးခဲ့သည့် ဘောလုံးရာသီက အမှတ်ပေးပြိုင်ပွဲ ၁၉ ပွဲသာ ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခဲ့ရကာ သွင်းဂိုး သုံးဂိုးနှင့် ဂိုးဖန်တီးမှုတစ်ကြိမ်သာ ပြုလုပ်နိုင်ခဲ့ပြီးနောက် စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် အသင်းက စာချုပ်သစ်ကမ်းလှမ်းမှု မရှိခဲ့သောကြောင့် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : ML

## အယ်နာဆာအသင်းက ဂျေ့ဂျီးဆပ်ကို နည်းပြသစ်အဖြစ် ခန့်အပ်

ရီယာ့ဒ် ဇွန် ၃၀

ဆော်ဒီထိပ်တန်း ကလပ်အယ်နာဆာအသင်းက နည်းပြပိုင်အိုလီကို ရာထူးမှထုတ်ပယ်ခဲ့ပြီးနောက် လစ်လပ်နေသည့်အသင်းနည်းပြရာထူးအတွက် ပြိုင်ဘက်အသင်း တစ်သင်းဖြစ်သည့် အယ်ဟိုင်လာအသင်း နည်းပြဟောင်း ဂျေ့ဂျီးဆပ်ကို နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ကြောင်း သိရသည်။

အယ်နာဆာ အသင်းသည် ပြည်တွင်း ဆော်ဒီပရိုလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ရန်အတွက် ငွေကြေးများစွာရင်းနှီးမြှုပ်နှံခဲ့ကာ စီရော်နယ်ဒိုအပါအဝင် ဥရောပမှထိပ်တန်း ကစားသမားများကိုခေါ်ယူပြီး နည်းပြအဖြစ်လည်း ဥရောပမှထိပ်တန်းနည်းပြတစ်ဦးဖြစ်သည့် အေစီမီလန်အသင်းနည်းပြဟောင်း ပိုင်အိုလီကို ခန့်အပ်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ဆုဖလားလက်မဲ့ရာသီနှင့် ကြုံတွေ့ခဲ့ရပြီးနောက် နည်းပြပိုင်အိုလီကို ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

အယ်နာဆာ အသင်းသည် လာမည့် ဘောလုံးရာသီတွင် ဆော်ဒီပရိုလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုစိန်ခေါ်နိုင်ရန်အတွက် အသင်းမှ အဓိက ကစားသမားတစ်ဦးဖြစ်သည့် စီရော်နယ်ဒိုကို နှစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပြီးနောက် လေဗာကူဆင်အသင်းမှ ဘွန်နီဖေ့စ်အပါအဝင် ဥရောပမှထိပ်တန်း ကစားသမားများကို ခေါ်ယူရန်ကြိုးပမ်းနေပြီး နည်းပြအဖြစ်လည်း ဆော်ဒီပရိုလိဂ်ပြိုင်ပွဲတွင် အတွေ့အကြုံရှိသည့် ဝါရင့်နည်းပြ ဂျေ့ဂျီးဆပ်ကို ခန့်အပ်ခဲ့ခြင်းဖြစ်သည်။



နည်းပြ ဂျေ့ဂျီးဆပ်သည် အယ်ဟိုင်လာအသင်းကို ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်မှ ၂၀၁၉ ခုနှစ်ထိ တစ်ကြိမ်၊ ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်မှ ယခုနှစ်ထိ တစ်ကြိမ်တာဝန်ယူကိုင်တွယ်ခဲ့ဖူးပြီးယခုနှစ်ဘောလုံးရာသီအကုန်တွင် အယ်ဟိုင်လာအသင်းနှင့် လမ်းခွဲခဲ့ပြီးနောက် ကလပ်အသင်း လက်မဲ့ဖြစ်နေသူဖြစ်သည်။

နည်းပြ ဂျေ့ဂျီးဆပ်သည် အယ်ဟိုင်လာအသင်းနှင့် အတူ ဆော်ဒီပရိုလိဂ်ချန်ပီယံဆုနှစ်ကြိမ်၊ ဆော်ဒီဘုရင့်ဖလား နှစ်ကြိမ်၊ ဆော်ဒီစူပါဖလား နှစ်ကြိမ်ဆွတ်ခူးပေးနိုင်ခဲ့ပြီး အောင်မြင်မှုများရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့်အတွက် အယ်နာဆာအသင်းက ဆော်ဒီပရိုလိဂ်ပြိုင်ပွဲအတွေ့အကြုံရှိသူ နည်းပြတစ်ဦးဖြစ်သောကြောင့် နည်းပြသစ်အဖြစ် ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး လာမည့် ရက်သတ္တပတ်အတွင်း စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် လက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# မန်ယူအသင်းက ကစားသမားအများစုကို ရောင်းချရန်ကြိုးပမ်းနေသော်လည်း ကမ်းလှမ်းမည့် အသင်းမရှိသည့်အတွက် အခက်ကြုံတွေ့နေ




**မန်ချက်စတာ ဇွန် ၃၀**

မန်ယူအသင်းက အသင်းမှ ကစားသမားအများစုကို ရောင်းချရန်အတွက် အရောင်းစာရင်းတင်ထားသော်လည်း ကမ်းလှမ်းမည့်အသင်း မရှိဖြစ်နေသည့်အတွက် ကစားသမားသစ်များ ခေါ်ယူရန် အခက်ကြုံတွေ့နေရကြောင်း သိရသည်။

မန်ယူအသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် စံချိန်တင် ရလဒ်ဆိုးများနှင့် ကြုံတွေ့ခဲ့ပြီး လာမည့်ဘောလုံးရာသီတွင်လည်း ဥရောပအဆင့် ပြိုင်ပွဲများနှင့် လွဲချော်ထားရသည့်အတွက် အသင်းနည်းပြ အာမိုရင်က အသင်းကစားသမားစာရင်းကို ကြီးကြီးမားမားအပြောင်းအလဲလုပ်ဆောင်ရန်အတွက် ပြင်ဆင်နေခြင်း ဖြစ်သည်။

မန်ယူအသင်းသည် အသင်းဝင်ငွေ၊ ထွက်ငွေစည်းမျဉ်းနှင့် ကိုက်ညီစေရန်အတွက် ကစားသမားသစ်များမခေါ်ယူမီ အသင်းမှ ကစားသမားအများစုကို ရောင်းချရန်အတွက် အရောင်းစာရင်း တင်ထားသော်လည်း ကမ်းလှမ်းလာသည့်အသင်း မရှိဖြစ်နေခြင်း ဖြစ်သည်။

မန်ယူအသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် အငှားစာချုပ်ဖြင့်စေလွှတ်ထားသည့် ရက်ရှ်ဖို့ဒ်၊ ဆန်ချိုနှင့် မာလာစီယာတို့ကို အပြီးသတ် ရောင်းချလိုနေသော်လည်း သက်ဆိုင်ရာ ကလပ်အသင်းများက အပြီးသတ်စာချုပ်ဖြင့် ခေါ်ယူခြင်း မရှိသည့်အတွက် အသင်းထံ ပြန်လည်ခေါ်ယူရမည်ဖြစ်ပြီး အသင်းမှ ကစားသမားများဖြစ်သည့် ဂါနာချို၊ ဟိုက်လန်း၊ အိုနာနာ၊ မေဆင်မောင့်၊ ကက်စ်မဲရိုးတို့ကိုလည်း ရောင်းချရန်အတွက် စီစဉ်ထားသော်လည်း ၎င်းတို့ကို တရားဝင်ကမ်းလှမ်းလာသည့်အသင်း မရှိဖြစ်နေသည့်အတွက် နည်းပြအာမိုရင်အတွက် ကစားသမားသစ်များ ခေါ်ယူရန် အခက်ကြုံတွေ့နေရကြောင်း သိရသည်။

Ref : Goal.com
Trs : STA

# WBC ယာယီခရုဆာဝိတ်တန်း ချန်ပီယံခါးပတ်ကို မီချဲလ်စီယာစလက်ဆွတ်ခူး

**ကွိဘက် ဇွန် ၃၀**

WBC ယာယီခရုဆာဝိတ်တန်း ချန်ပီယံစိန်ခေါ်ပွဲစဉ်အဖြစ် ပိုလန်လက်ဝှေ့သမား မီချဲလ်စီယာစလက်နှင့် ကနေဒါလက်ဝှေ့သမား ပါစကယ်တို့ ကနေဒါနိုင်ငံ ကွိဘက်ပြည်နယ်တွင် ထိုးသတ်ခဲ့ရာ မီချဲလ်စီယာစလက်က ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိကာWBC ယာယီခရုဆာဝိတ်တန်း ချန်ပီယံဖြစ်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

မီချဲလ်စီယာစလက်သည် ပထမအချီမှစတင်၍ ပါစကယ်အား တောက်လျှောက်ဖိအားပေးနိုင်ခဲ့ပြီးစတုတ္ထမြောက်အချီတွင် ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းလည်း ဖြစ်သည်။

အသက် ၃၆ နှစ်အရွယ် မီချဲလ်စီယာစလက်နှင့် အသက် ၄၂ နှစ်အရွယ် ပါစကယ်တို့အကြား အသက်အရွယ် ကွာဟချက်ရှိခဲ့ပြီး ပါစကယ်အနေဖြင့် အသက်အရွယ်ကြောင့် သက်လုံပိုင်းအားနည်းနေခဲ့ပြီး ထိုးချက်များကလည်း ယခင်ပုံစံအတိုင်း အားပါပြင်းထန်ခြင်းမျိုးမရှိတော့ဘဲ မီချဲလ်စီယာစလက်အား ခံစစ်ဖြင့်သာတုံ့ပြန်နိုင်ခဲ့သည်။

ပါစကယ်အနေဖြင့် အတွေ့အကြုံပိုင်းအရ သာလွန်သော်လည်း လှုပ်ရှားမှုများမှာ လေးလံနေခဲ့သည့် အတွက်ကြောင့်လည်း မီချဲလ်စီယာစလက်၏ ဖိအားပေးထိုးသတ်မှုဖြင့် ရင်ဆိုင်ခဲ့ရခြင်းလည်းဖြစ်သည်။

မီချဲလ်စီယာစလက်က “ပွဲမတိုင်မီကတည်းက ကျွန်တော်ပြောခဲ့သလိုပဲ ကျွန်တော်ဟာ ယာယီချန်ပီယံတစ်ယောက်ဖြစ်လာလိမ့်မယ်ဆိုတာ ယုံကြည်ပြီးသားပါ။ အခုကျွန်တော့်အတွက် အချိန်ကောင်းရောက်လာပြီ။ ကျွန်တော့်ဘဝအတွက် အကြီးမားဆုံး အောင်မြင်မှုတစ်ခုကို ရယူနိုင်ခဲ့ပြီ” ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : DAZN
Trs : AZL



# ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံဆုကိုကာကွယ်နိုင်အောင် ပြင်ဆင်ထားကြောင်း ကရီစီကိုဗာပြောကြား

**အန်ဂျမီနာ ဇွန် ၃၀**

၂၀၂၄ ခုနှစ် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုအား ဆွတ်ခူးခဲ့သည့် ချက်တင်းနစ်မယ် ကရီစီကိုဗာသည် ၂၀၂၅ ခုနှစ် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သလို လက်ရှိချန်ပီယံဆုကိုလည်း ကာကွယ်နိုင်အောင် ပြင်ဆင်ထားကြောင်း ယနေ့တွင် ပြောကြားခဲ့သည်။

ကရီစီကိုဗာသည် မကြာသေးမီက အင်္ဂလန်နိုင်ငံတွင်ကျင်းပခဲ့သည့် Lexus Eastbourne Open တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်ခဲ့သော်လည်း ကွာတားဖိုင်နယ်အဆင့်တွင် ဒဏ်ရာရရှိခဲ့သည့်အတွက် ပြိုင်ပွဲမှ နုတ်ထွက်ခဲ့သည်။

ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲအတွက် ပြင်ဆင်လိုသလို ဒဏ်ရာပြင်းထန်စွာရရှိသွားမည်ကို စိုးရိမ်သည့်အတွက်ကြောင့် Lexus Eastbourne Open တင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ခြင်းဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

ကရီစီကိုဗာက “ဝင်ဘယ်ဒန်ပြိုင်ပွဲအတွက် ပြင်ဆင်ရင်းLexus Eastbourne Open တင်းနစ်ပြိုင်ပွဲမှာ ကံမကောင်းစွာနဲ့ ဒဏ်ရာရခဲ့တယ်။ ဒဏ်ရာရခဲ့တဲ့အတွက်ကြောင့်လဲ ရက်ပိုင်းလောက် တင်းနစ်နဲ့ ကင်းကွာခဲ့ရတယ်။ လေ့ကျင့်ပြင်ဆင်မှုတွေ ကောင်းကောင်းမလုပ်နိုင်ခဲ့ပေမဲ့လဲ ကွင်းထဲမှာ အပျော်စားလေ့ကျင့်မှုတွေတော့ ပြုလုပ်ထားပါတယ်။ ပြင်ဆင်မှု အားမကောင်းပေမဲ့လဲ ပြိုင်ပွဲဝင်ဖို့အတွက်တော့ အဆင်သင့်ဖြစ်နေပါပြီ။ လက်ရှိချန်ပီယံတစ်ယောက်အနေနဲ့ ပါဝင်ယှဉ်ပြိုင်သွားရမှာဖြစ်လို့ စိတ်လှုပ်ရှားပြီး ဝမ်းသာဂုဏ်ယူပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# US Senior Open ဂေါက်သီးရိုက်ပြိုင်ပွဲချန်ပီယံဆုကို ဟာရင်တန် ဆွတ်ခူး

**ကော်လိုရာဒို ဇွန် ၃၀**

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ် ဘရုတ်မောဂေါက်ကလပ်တွင်ကျင်းပခဲ့သည့် US Senior Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား ဟာရင်တန်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၁ ချက် လျော့ရိုက်ကာ ချန်ပီယံဆုဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား စတီဝက်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၀ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး စပိန်ဂေါက်သီးရိုက်ကစားသမား ဂျင်မီနက်ဇ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ဟာရင်တန်အတွက် လေးနှစ်တာကာလအတွင်း US Senior Open ဂေါက်သီးရိုက်ပြိုင်ပွဲချန်ပီယံဆုအား နှစ်ကြိမ်မြောက်ဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ဟာရင်တန်သည် ပြိုင်ပွဲတစ်လျှောက် စွမ်းဆောင်ရည်ပိုင်းအတည်ငြိမ်ဆုံးနှင့် ရလဒ်ပိုင်းအတည်ငြိမ်ဆုံး ပြိုင်ပွဲဝင်ဖြစ်ခဲ့ပြီး ချန်ပီယံဆုအား ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။




ဟာရင်တန်က “အရမ်းကို ပျော်စရာကောင်းတဲ့ ပြိုင်ပွဲဖြစ်သလို ကျွန်တော့်အတွက် ကစားရတာ သက်သောင့်သက်သာရှိပါတယ်။ သက်သောင့်သက်သာရှိလို့လဲ ကျွန်တော်ရလဒ်တွေကောင်းခဲ့တာပါ။ ပထမနေ့ကစပြီး နောက်ဆုံးနေ့အထိ အတည်ငြိမ်ဆုံးစွမ်းဆောင်ရည်နဲ့ ကစားနိုင်ခဲ့သလို ရလဒ်ပိုင်းကလဲ တည်ငြိမ်ခဲ့ပါတယ်။ ဒီဆုဖလားကို ဒုတိယအကြိမ်မြောက် ကိုင်မြှောက်ခွင့်ရခဲ့တာကိုလဲ အရမ်းဂုဏ်ယူပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# ဘာစီလိုနာအသင်းက ကွင်းလယ်ကစားသမား ဒီဂျောင်းကို ၂၀၂၉ ခုနှစ်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုမည်

**ဘာစီလိုနာ ဇွန် ၃၀**

ဘာစီလိုနာအသင်းက အသင်းမှ ကွင်းလယ်ကစားသမား ဒီဂျောင်းကို ၂၀၂၉ ခုနှစ်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၈ နှစ်ရှိ ဒီဂျောင်းသည် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်က အေဂျက်အသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့သော်လည်း ဘာစီလိုနာအသင်းက အစောပိုင်းနှစ်များက အသင်းဘဏ္ဍာရေးအကျပ်အတည်းကြောင့် မြင့်မားသည့် လုပ်ခလစာ ပေးချေနေရသည့် ဒီဂျောင်းကို ရောင်းချရန်အတွက် ကြိုးပမ်းခဲ့သော်လည်း ဒီဂျောင်းကိုယ်တိုင်က အသင်းမှ ထွက်ခွာလိုခြင်းမရှိခဲ့သည့်အတွက် မရောင်းချနိုင်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် နွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလကလည်း ဒီဂျောင်းကို မန်ယူအသင်းက ခေါ်ယူရန်အတွက် တရားဝင်ကမ်းလှမ်းခဲ့ရာ ဘာစီလိုနာအသင်းနှင့် မန်ယူအသင်းတို့အကြား ပြောင်းရွှေ့ကြေးသဘောတူညီမှု ရရှိခဲ့သော်လည်း ဒီဂျောင်းကိုယ်တိုင်က အသင်းမှ ထွက်ခွာရန် ငြင်းဆိုခဲ့သည့်အတွက် မရောင်းချနိုင်ခဲ့ခြင်း ဖြစ်သည်။

ဒီဂျောင်းနှင့်ဘာစီလိုနာအသင်းတို့ကြား စာချုပ်သက်တမ်းမှာ လာမည့် ၂၀၂၆ ခုနှစ် ဇွန်လအကုန်တွင် ကုန်ဆုံးမည်ဖြစ်သည့်အတွက် ဘာစီလိုနာအသင်းက ရောင်းချမည့် အစီအစဉ်ကို ဖျက်သိမ်းခဲ့ပြီးနောက် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ဆွေးနွေးခဲ့ရာမှ ၂၀၂၉ ခုနှစ်ထိ စာချုပ်ချုပ်ဆိုရန် သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano
Trs : STA

# တိုင်းပြည်တိုးတက်ဖို့ ပညာတတ်လူငယ်များ မွေးထုတ်ကြပါစို့

မောင်သောင်းဝင်း(တမန်ဟောင်း)

ပညာရေးသည် လူတစ်ဦး၏ ဘဝတိုးတက်အောင်မြင်ရေးအတွက် များစွာအရေးပါလျက်ရှိသည်။ အမှန်တော့ ပညာရေးသည် လူတစ်ဦးအတွက် ကျွမ်းကျင်မှုနှင့်ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုလျက်ရှိသည်။ ငယ်စဉ်ကတည်းက ပညာရေးကို စဉ်ဆက်မပြတ်ပုံမှန်သင်ယူခဲ့သော လူငယ်များသည် နေ့စဉ်လူမှုဘဝကို ဖြတ်သန်းရာတွင် ဖြောင့်ဖြူးလေ့ရှိကြသည်။ ပညာရဲရင့်ပွဲလယ်တင့်ဆိုသည့်အတိုင်း အသိပညာနှင့် အတတ်ပညာရှိသူများသည် သူတစ်ပါး၏ လိမ်လည်လှည့်ဖြားခံရမှုအလားအလာ နည်းပါးလျက်ရှိသည်။

အထူးသဖြင့် ပညာရေးကို ဆုံးခန်းတိုင်အောင် သင်ကြားနိုင်ခြင်းသည် လူတစ်ဦး၏ ဘဝတိုးတက်ရေးအတွက် များစွာအခရာကျလျက်ရှိသည်။ ပညာတတ်လူငယ်များပြားသော တိုင်းပြည်သည် တိုးတက်မှုဆီသို့သာ ဦးတည်စေမည်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံတိုင်းသည် ပညာရေးနယ်ပယ်တွင် ရင်းနှီးမြှုပ်နှံလေ့ရှိကြသည်။ ထိုနည်းတူစွာ မြန်မာနိုင်ငံသည်လည်း ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံလျက်ရှိသည်။

**များစွာအရေးပါ**

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံရှိပြည်သူများ၊ အထူးသဖြင့် မျိုးဆက်သစ်လူငယ်များ၏ ပညာတတ်မြောက်မှုအပေါ်တွင် များစွာမူတည်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍအတွက် ငွေကြေးများစွာ ရင်းနှီးမြှုပ်နှံလေ့ရှိသည်။ လူငယ်များ ပညာရေးကို ဆုံးခန်းတိုင်အောင် သင်ကြားခွင့်ရရှိရေးအတွက် နိုင်ငံတော်က အခမဲ့ပညာရေးစနစ်များ ဖော်ဆောင်ပေးနေသကဲ့သို့ မိဘအုပ်ထိန်းသူများကလည်း သား၊သမီးများ စာသင်ခန်းအတွင်း ရောက်ရှိရေးအတွက် ထိန်းကျောင်းကြပ်မတ်ပေးသွားရန် လိုအပ်ပေသည်။ ထို့ကြောင့် တိုင်းပြည်အနာဂတ်ကိုပခုံးပြောင်း တာဝန်ထမ်းဆောင်မည့်လူငယ်များ၏ ပညာတတ်မြောက်မှုသည် ထိုတိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆုတ်ယုတ်မှုတို့အတွက် အဓိကကျသည်။

**လူမဆန်သောလုပ်ရပ်များ**

သို့သော် NUG နှင့် PDF အကြမ်းဖက်သမားများသည်၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းဖွင့်ရာသီစတင်ချိန်မှာပင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကုန်းဘုရား(ညောင်ပင်ကန်)ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီးနှင့် ၎င်း၏ခင်ပွန်းတို့ကို သတ်ဖြတ်ခြင်း၊ မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ပွင့်တောက်ကျေးရွာ စက်လှေဆိပ်၌ အထက်တန်းပြဆရာမနှင့် ပညာရေးကောလိပ်တက်ရောက်မည့် ကျောင်းသူများကို ဖမ်းဆီးခေါ်ဆောင်ခြင်း၊ နတ်မောက်မြို့နယ် ကူနီကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း(မူလွန်)မှ ကျောင်းအုပ်ဆရာမကြီးတစ်ဦးကိုဖမ်းဆီးသတ်ဖြတ်ခြင်း၊ ဝက်ချုပ်ကျေးရွာတွင် အလယ်တန်းပြဆရာမတစ်ဦးနှင့် ၎င်း၏ခင်ပွန်းတို့ကိုသတ်ဖြတ်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လူမဆန်စွာလုပ်ဆောင်ခဲ့ကြသည်။

အကြမ်းဖက်သမားများအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ၂၀၂၅ ခုနှစ် ဇွန် ၆ ရက်ထိ ပညာရေးဝန်ထမ်းများအား အကြမ်းဖက်ကျူးလွန်မှုများ လုပ်ဆောင်ခဲ့ခြင်းကြောင့် ပညာရေးဝန်ထမ်းသေဆုံးသူဦးရေ ၈၀၊ ဒဏ်ရာရရှိသူ ၃၅ ဦးရှိပြီဖြစ်သည်။ ထိုသို့အကြမ်းဖက်သမားများ၏ လူမဆန်သောလုပ်ရပ်များကြောင့် နိုင်ငံသားများ၏အသက်ရှင်သန်ခွင့်၊ လူပုဂ္ဂိုလ်လုံခြုံခွင့်၊ လွတ်လပ်စွာပညာသင်ကြားခွင့်နှင့် တည်ငြိမ်အေးချမ်းမှုရရှိခံစားခွင့် စသည့်အခြေခံလူ့အခွင့်အရေးများကို ထိခိုက်စေလျက်ရှိသည်။

ငြိမ်းချမ်းစွာပညာသင်ယူခွင့် ရရှိခံစားနိုင်ရေးအတွက် အဓိက တာဝန်ယူဖော်ဆောင်ပေးနေသော ဆရာ၊ ဆရာမများအပါအဝင် ကျောင်းသား၊ ကျောင်းသူများကို နည်းမျိုးစုံဖြင့် အကြမ်းဖက်ခြင်း၊ လုပ်ကြံသတ်ဖြတ်ခြင်း၊ ရန်ရှာဖမ်းဆီးခြင်း၊ ခြိမ်းခြောက်နှောင့်ယှက်ခြင်းနှင့် စာသင်ကျောင်းများကို ပျက်စီးရာပျက်စီးကြောင်း လုပ်ဆောင်နေခြင်းတို့သည် အသက်ရှင်သန်ခွင့်၊ လူပုဂ္ဂိုလ်လုံခြုံခွင့်နှင့် ပညာသင်ယူခွင့် အခွင့်အရေးတို့ကို ချိုးဖောက်ခြင်းပင်ဖြစ်သည်။

**❖ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများသည် မျိုးဆက်သစ်လူငယ်များ၏ ပညာရေးအတွက် အလေးထားရင်းနှီးမြှုပ်နှံကြသည်။ ထိုသို့ရင်းနှီးမြှုပ်နှံရာတွင် နိုင်ငံသားများ၏ ပညာရည်အဆင့်အတန်းမြင့်မားရေးသည် များစွာအရေးပါလျက်ရှိသည်။ အထူးသဖြင့် မျိုးဆက်သစ်များ ပညာရည်မြင့်မားနေမှသာလျှင် ထိုနိုင်ငံသည် အဆင်းရဲဆုံးနိုင်ငံများ စာရင်းမှလွတ်မြောက်နိုင်မည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတည်ဆောက်ရာတွင် မျိုးဆက်သစ်များဖြင့်သာ တည်ဆောက်ကြရသည်။ မျိုးဆက်သစ်များ ပညာပြည့်ဝနေမှသာလျှင် အနာဂတ်နိုင်ငံတော်ကြီးကို တိုးတက်အောင်ထူထောင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ်များ၏ပညာရေးကို အလေးထားသင့်ပေသည်။ ❖**

"နိုင်ငံသားများ၏မွေးရာပါအခွင့်အရေးဖြစ်သော ပညာသင်ယူခွင့်ကို နိုင်ငံသားတိုင်း ခံစားရရှိစေရေး" အတွက် အလေးအနက်အသိအမှတ်ပြုကာ ပညာရေးနယ်ပယ်အတွင်းရှိ ဆရာ၊ ဆရာမများ၊ ကျောင်းသားလူငယ်များအပါအဝင် ပါဝင်ဆောင်ရွက်လျက်ရှိသူအားလုံးထိခိုက်နစ်နာမှုမရှိစေရေး ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ပေးရန်လိုအပ်သည်။

**သာယာကောင်းမွန်သောလူမှုဘဝ**

တိုင်းပြည်အတွင်းဖြစ်ပွားလျက်ရှိသည့် မတည်မငြိမ်မှုများနှင့် အကြမ်းဖက်မှုဖြစ်စဉ်များကို ကြည့်မည်ဆိုလျှင် ပညာရေးအားနည်းသည့်ဒေသများ၌ ပိုမိုဖြစ်ပွားသည်ကို တွေ့ရှိရမည်ဖြစ်သည်။ အတန်းပညာတတ်မြောက်မှုအားနည်းခြင်း၊ သိမြင်တွေးခေါ်နိုင်မှုအားနည်းခြင်းတို့ကြောင့် အကြမ်းဖက်မှုလုပ်ရပ်များကို လုပ်ဆောင်လာကြခြင်းဖြစ်ပြီး ဒေသနှင့်ဒေသခံများ၏ လူမှုစီးပွားဘဝများကိုပါ ထိခိုက်လာစေသည်။ ထို့ကြောင့် ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့သင်ကြားပေးနေရသည့် ကလေးငယ်များကို အတန်းပညာသင်ကြားပေးခြင်းအပြင် စနစ်တကျဖြင့် နေထိုင်သွားလာတတ်စေရေး၊ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ လိမ္မာယဉ်ကျေးမှုရှိစေရေးတို့ကို သင်ကြားပေးခြင်းဖြင့် ကလေးငယ်များ၏ အနာဂတ်ဘဝလမ်းတစ်လျှောက်၌ သာယာကောင်းမွန်သည့်လူမှုဘဝကို ရရှိစေမည်ဖြစ်သည်။

**လူသားအရင်းအမြစ်များမွေးထုတ်ပေး**

အထူးသဖြင့် ကျောင်းစာကြည့်တိုက်များ၌ ကျောင်းသား၊ ကျောင်းသူများ၏ အသက်အရွယ်နှင့် ကိုက်ညီသည့်စာအုပ်များ ထားရှိရန်သင့်ပြီး ကျောင်းသား၊ ကျောင်းသူများနှင့် မသက်ဆိုင်သည့် စာအုပ်၊ စာပေများ မထားရှိသင့်ပေ။ ကျောင်းသား၊ ကျောင်းသူများ သုတ၊ရသစာပေများဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာ၊ အတတ်ပညာများ တိုးပွားလာပြီး ၎င်းတို့ဘဝအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်သည်။ အတန်းပညာကို သင်ကြားမှုမှရရှိသကဲ့သို့ အသိပညာကို စာအုပ်စာပေများဖတ်ရှုခြင်းမှလည်း ရရှိနိုင်သည်။

အလားတူ ကလေးငယ်များကို သင်ကြားလေ့ကျင့်ပေးရသည့် ဆရာ၊ ဆရာမများအနေဖြင့်လည်း အသိပညာများပြည့်ဝစေရေး စာပေဖတ်မှတ်လေ့လာခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားသင့်သည်။ ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့တာဝန်ယူထားရသည့် ဘာသာရပ်များအလိုက် ကျွမ်းကျင်ပိုင်နိုင်စွာ သင်ကြားလေ့ကျင့်ပေးနိုင်ရန် လိုအပ်သကဲ့သို့ မိမိတို့ကြုံတွေ့ခဲ့ရသည့် ဘဝအတွေ့အကြုံများ၊ စာပေဖတ်ရှုခြင်းမှရရှိခဲ့သည့် အသိအမြင်များကိုလည်း ကလေးငယ်များကို မျှဝေပေးရန်လိုအပ်သည်။ ထိုသို့ဆောင်ရွက်ပေးနိုင်မှသာလျှင် တိုင်းပြည်၏အနာဂတ်ကို ဦးဆောင်ကြမည့် အနာဂတ်မျိုးဆက်သစ်လူသားအရင်းအမြစ်ကောင်းများကို ပိုမိုမွေးထုတ်ပေးနိုင်မည်ဖြစ်သည်။

**အမျိုးသားရေးစိတ်ဓာတ်မြင့်မားရေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇွန် ၁၁ ရက်တွင် ပြင်ဦးလွင်မြို့ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိစဉ် ကျောင်းစုံညီခန်းမ၌ ဆရာ၊ ဆရာမများအားတွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"ဟူသည့်အတိုင်း ကျောင်းသား၊ ကျောင်းသူများ၏ အတန်းပညာတတ်မြောက်ရေးအပြင် စိတ်ဓာတ်နှင့် စည်းကမ်း ကောင်းမွန်ရေးအတွက်ကိုလည်း သင်ကြားရေးတာဝန်ယူထားရသည့် ဆရာ၊ ဆရာမများက ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ စာရင်းကောက်ယူထားရှိသည့် ကိန်းဂဏန်းအချက်အလက်များ မိမိတို့နိုင်ငံအနေဖြင့် ပညာရေးအားပေးမြှင့်တင်ရန် လိုအပ်ချက်များစွာရှိနေဆဲဖြစ်ပြီး လူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်မှာ ပညာရေးအားနည်းလျက်ရှိနေကြောင်း၊ ကလေးငယ်များကို မိဘများအနေဖြင့် သွန်သင်ဆုံးမပေးမှုများရှိသကဲ့သို့ ဆရာ၊ ဆရာမများကလည်း သွန်သင်ပေးမှုများရှိကြောင်း၊ ငယ်စဉ်ကလေးဘဝတွင် ကျောင်းတက်ရသည့်အချိန်များသဖြင့် ဆရာ၊ ဆရာမများ၏ သွန်သင်ဆုံးမပေးမှုကို ပိုမိုရရှိကြကြောင်း၊ ကျောင်းလုံးဝမနေဖူးသူများအနေဖြင့် ဆရာ၊ ဆရာမများ၏ သွန်သင်မှုအောက်တွင် နေခဲ့ရခြင်းမရှိခဲ့ကြောင်း၊ အတန်းပညာသင်ကြားပေးရမည် ဖြစ်သကဲ့သို့ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ရေး၊ တိုင်းချစ်ပြည်ချစ်စိတ်နှင့် မျိုးချစ်စိတ်ဓာတ်များမြင့်မားစေရေးတို့အတွက်လည်း ဆရာ၊ ဆရာမများအနေဖြင့် စနစ်တကျ လေ့ကျင့်သင်ကြားပေးရန် လိုအပ်ကြောင်း၊ စိတ်ဓာတ်စည်းကမ်းကောင်းမွန်ရေး၊ အမျိုးသားရေးစိတ်ဓာတ်မြင့်မားရေးသည် အဓိကအရေးကြီးကြောင်း တိုက်တွန်းပြောကြားသွားခဲ့သည်။

**တိုင်းပြည်တိုးတက်ဖို့ ပညာတတ်လူငယ်များ မွေးထုတ်ကြပါစို့**

စင်စစ်အားဖြင့် ပညာရေးတွင်ရင်းနှီးမြှုပ်နှံခြင်းသည် တိုင်းပြည်တိုးတက်ရေးကို ဖော်ဆောင်နေခြင်းပင်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများသည် မျိုးဆက်သစ်လူငယ်များ၏ ပညာရေးအတွက် အလေးထားရင်းနှီးမြှုပ်နှံကြသည်။ ထိုသို့ရင်းနှီးမြှုပ်နှံရာတွင် နိုင်ငံသားများ၏ ပညာရည်အဆင့်အတန်းမြင့်မားရေးသည် များစွာအရေးပါလျက်ရှိသည်။ အထူးသဖြင့် မျိုးဆက်သစ်များပညာရည်မြင့်မားနေမှသာလျှင် ထိုနိုင်ငံသည် အဆင်းရဲဆုံးနိုင်ငံများစာရင်းမှ လွတ်မြောက်နိုင်မည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ တည်ဆောက်ရာတွင် မျိုးဆက်သစ်များဖြင့်သာ တည်ဆောက်ကြရသည်။ မျိုးဆက်သစ်များ ပညာပြည့်ဝနေမှသာလျှင် အနာဂတ်နိုင်ငံတော်ကြီးကို တိုးတက်အောင်ထူထောင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ်များ၏ပညာရေးကို အလေးထားသင့်ပေသည်။ အလေးထားသည်ဆိုသည်မှာ ထိုက်သင့်သည့်နေရာပေးခြင်း၊ ပြောဆိုဆွေးနွေးခွင့်ပြုခြင်း၊ ပါဝင်ဆောင်ရွက်ခွင့်ပြုခြင်းတို့ပင်ဖြစ်သည်။

မျိုးဆက်သစ် လူငယ်များအနေဖြင့်လည်း တိုးတက်အောင်မြင်သောဘဝ ပိုင်ဆိုင်နိုင်ရေးအတွက် ငယ်စဉ်ကတည်းက ပညာရေးတွင် အပတ်တကုတ် ကြိုးပမ်းသွားရန်လိုအပ်သည်။ ပညာသင်ယူသည့်အရွယ်တွင် အင်္ဂလိပ်စာ၊ ကွန်ပျူတာအပါအဝင် ပညာရပ်တစ်ခုခုကို စဉ်ဆက်မပြတ်လေ့လာသင်ယူနေရန်လိုအပ်ပေသည်။ ပြိုင်ဆိုင်မှုပြင်းထန်သော ခေတ်ကြီးတွင် လေ့လာသင်ယူမှုရပ်တန့်လိုက်သော လူငယ်များသည် အဘက်ဘက်မှ နောက်ကျကျန်ရစ်ခဲ့ရမည်ဖြစ်သည်။

အလားတူ မိဘအုပ်ထိန်းသူများကလည်း မိမိသား၊ သမီးများပညာထူးချွန်ကာ လူတော်လူကောင်းများဖြစ်လာရေးအတွက် စနစ်တကျမြေတောင်မြှောက်ပေးရန် လိုအပ်သည်။ သား၊ သမီးများကို ပြုစုပျိုးထောင်ရာတွင် ငွေအား၊ လူအားစိုက်ထုတ်နိုင်မှသာလျှင် အမှန်တကယ် အောင်မြင်မှုရရှိနိုင်ပေသည်။ မိဘများကိုယ်တိုင်က ဝီရိယစိုက်ထုတ်ခြင်းမရှိဘဲ သား၊ သမီးများကို ထူးချွန်အောင်တွန်းအားပေးနေမည်ဆိုလျှင်လည်း မျှော်မှန်းထားသလောက်ဖြစ်လာမည်မဟုတ်ချေ။ သား၊ သမီးများကို မိမိထက်ထူးချွန်အောင် ပြုစုပျိုးထောင်ပေးနိုင်မှသာလျှင် မိဘဝတ္တရားကျေပွန်မည်ဖြစ်သည်။ ထို့ကြောင့် တိုင်းပြည်အနာဂတ်ကို တိုးတက်အောင်ပုံဖော်တည်ဆောက်မည့် မျိုးဆက်သစ်လူငယ်များ အေးချမ်းစွာပညာသင်ယူနိုင်ရေး၊ ပညာထူးချွန်ပြီး လူတော်လူကောင်းများဖြစ်လာရေးအတွက် ဝိုင်းဝန်းပြုစုမြေတောင်မြှောက်သွားကြပါစို့ဟု တိုက်တွန်းအကြံပြုသွားလိုပါသည်။

**ကိုးကား**

**- နေ့စဉ်ထုတ်သတင်းစာများ။**

# Miss Universe 2025 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု Miss Universe Myanmar 2025 Winner ဆုရှင် မြတ်ရတနာစိုး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်




ရန်ကုန် ဇွန် ၃၀

ထိုင်းနိုင်ငံ Pak Kret ရှိ Impact Challenger Hall ၌ နိုဝင်ဘာ ၂၁ ရက်တွင် ၇၄ ကြိမ်မြောက် Miss Universe 2025 ပြိုင်ပွဲ၌ မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် Miss Universe Myanmar 2025 Winner ဆုရှင် အလှမယ် မြတ်ရတနာစိုး ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ Miss Universe 2025 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု အလှမယ်ကိုရွေးချယ်ရန် ဇွန် ၂၇ ရက်က ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ Myanmar Expo ခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည့် ၁၂ ကြိမ်မြောက် Miss Universe Myanmar 2025 Grand Final ပြိုင်ပွဲတွင် Winner ဆုကို ပြင်ဦးလွင်အလှမယ် မြတ်ရတနာစိုးက ဆွတ်ခူးရရှိခဲ့သည်။

"ညီမအနေနဲ့ မထင်မှတ်ဘဲ ဒီ Winner ဆုကိုရလို့ အတိုင်းမသိ ဝမ်းသာရပါတယ်။ Miss Universe Myanmar Winner ဖြစ်သွားပြီဆိုတော့ မြန်မာတစ်နိုင်ငံလုံးအတွက် ကိုယ်စားပြုကြိုးစားရတော့မယ်။ ပြိုင်ပွဲအတွက် လိုအပ်ချက်တွေ ပြင်ဆင်သွားဖို့ရှိပါတယ်"ဟု Miss Universe Myanmar 2025 ဆုရှင် မြတ်ရတနာစိုးက ပြောပြသည်။

အဆိုပါပြိုင်ပွဲတွင် Winner ဆုကို ပြင်ဦးလွင်အလှမယ် မြတ်ရတနာစိုး၊ 1st Runner Up ဆုကို ဟားခါးအလှမယ် Nan In zali၊ 2nd Runner Up ဆုကို စစ်တွေအလှမယ် မေဆွေဇင်၊ 3rd Runner Up ဆုကို မိတ္ထီလာအလှမယ် ဇူလိုင်ဝင့်ထည်၊ 4th Runner Up ဆုကို မိုးကုတ်အလှမယ် မျိုးကိုကိုစန်း၊ 5th Runner Up ဆုကို မြစ်ကြီးနားအလှမယ် Mary Ja Doi Awng တို့ကရရှိခဲ့သည်။ ASH

# တေးသံရှင်ဆုန်သင်းပါရဲ၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ The Heart of Rangoon –THOR Bar တွင် ပြုလုပ်မည်




ရန်ကုန် ဇွန် ၃၀

နာမည်ကျော် တေးသံရှင် ဆုန်သင်းပါရဲ၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို လာမည့် ဇူလိုင် ၆ ရက်နှင့် ဇူလိုင် ၇ ရက်တို့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ The Heart of Rangoon –THOR Bar တွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

တေးသံရှင် ဆုန်သင်းပါရဲ၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် ဆုန်သင်းပါရဲ၏ သီဆိုဖျော်ဖြေမှုများကို The Heart of Rangoon –THOR Bar ပင်တိုင် တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်သည့် Mercury IX Music Band က အကောင်းဆုံးတီးခတ်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

" The Heart of Rangoon –THOR Bar မှာ ဇူလိုင် ၆ ရက်နဲ့ ၇ ရက်မှာ နှစ်ရက်ဆက်တိုက် ချစ်ပရိသတ်ကြီးနဲ့အတူ ရှိနေပါမယ်။ ချစ်ပရိသတ်တွေရဲ့ နှုတ်ဖျားမှာ အခုထိ လွှင့်ပျံ့နေဆဲဖြစ်တဲ့ သီချင်းလေးတွေကို အတူတူဆိုကြရအောင်"ဟုတေးသံရှင် ဆုန်သင်းပါရဲက ပြောပြသည်။

တေးသံရှင် ဆုန်သင်းပါရဲ၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို The Heart of Rangoon –THOR Bar တွင် ညနေ ၆ နာရီ ၃၀ မိနစ်မှ စတင်ဖျော်ဖြေသွားမည် ဖြစ်ကြောင်း သိရသည်။ ASH

# သူငယ်ချင်းတို့အိမ် ဇာတ်လမ်းတွဲကို Fortune TV ရုပ်သံလိုင်းမှ ဇူလိုင် ၅ ရက်တွင် စတင်ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်

ရန်ကုန် ဇွန် ၃၀

MHC Vision နှင့် ဉာဏထုတ်လုပ်ရေး ပါဝင်ပူးပေါင်း တင်ဆက်သည့် သူငယ်ချင်းတို့အိမ် ဇာတ်လမ်းတွဲကို Fortune TV ရုပ်သံလိုင်းမှ ဇူလိုင် ၅ ရက်တွင် စတင်ထုတ်လွှင့်တင်ဆက်သွားမည် ဖြစ်ကြောင်း အဆိုပါ သူငယ်ချင်းတို့အိမ် ဇာတ်လမ်းတွဲတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် နေခြည်ရွှန်းလက်ထံမှ သိရသည်။

သူငယ်ချင်းတို့အိမ် ရုပ်သံဇာတ်လမ်းတွဲသည် MHC Vision ထုတ်လုပ်ရေးကပွဲဦးထွက် ရိုက်ကူးသည့် ဇာတ်လမ်းတွဲဖြစ်သည်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို အဲရစ်လင်းက ရေးသားထားခြင်းဖြစ်ပြီး Skyward Art Team က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ အဲရစ်လင်းကတာဝန်ယူ ပုံဖော် ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"နေခြည်က ဒီဇာတ်လမ်းတွဲမှာ ဗီလိန်ကာရိုက်တာလေးနဲ့ ပါတာပါ။ ဗီလိန်ဆိုပေမဲ့လဲ သဏ္ဍာန်လုပ်သရုပ်တူအောင် ကြိုးစားလုပ်ရမှာပါ။ ကိုယ်တိုင်က ဇာတ်လမ်းတွဲကတစ်ဆင့် ဒီလောကထဲ ရောက်လာတာမို့ Series ရိုက်ရတာလဲသဘောကျပါတယ်။ ပါဝင်ကြတဲ့ အနုပညာ မောင်နှမတွေနဲ့လဲ ရက်ရှည်အတူ အနုပညာအလုပ်တွေ ပိုလုပ်ရတယ်။ မိသားစုလိုလဲ ဖြစ်သွားတယ်ပေါ့နော်။ ဒီကားလေးထွက်လာရင်လဲ နေခြည်ကို အားပေးကြပါအုံးလို့ ပြောချင်ပါတယ်"ဟု သရုပ်ဆောင် နေခြည်ရွှန်းလက်က ပြောပြသည်။

သူငယ်ချင်းတို့အိမ် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ဉာဏ၊ ကျော်မိုးပိုင်၊ ပိုင်စိုး၊ မင်းနေလင်း၊ မိုကို၊ ဝိုင်းရွှေရည်၊ နေခြည်ရွှန်းလက်၊ ဆာရာ၊ ကူးကူးဟန်သာ၊ ပြေးဟန်သာကို၊ ကလေးသရုပ်ဆောင် ရွှေရည်လွန်းအိမ်နှင့် အနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။

အဆိုပါ သူငယ်ချင်းတို့အိမ် ရုပ်သံဇာတ်လမ်းတွဲကို Fortune TV ရုပ်သံလိုင်းမှ ဇူလိုင် ၅ ရက်တွင် စတင်ကာအပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့တိုင်း ည ၈ နာရီ ၃၀ မိနစ်အချိန်တွင် ထုတ်လွှင့်တင်ဆက်သွားမည် ဖြစ်ကြောင်း သိရသည်။ ASH

# Sense and Sensibility ဇာတ်ကား၌ မင်းသမီး ဒေစီအဂ္ဂါဂျူးပါဝင်သရုပ်ဆောင်မည်

နယူးယောက် ဇွန် ၃၀

Focus Feature ရုပ်ရှင်ကုမ္ပဏီ၏ Sense and Sensibility အမည်ရှိ ရုပ်ရှင်ဇာတ်ကား၌ မင်းသမီး ဒေစီအဂ္ဂါဂျူး ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇွန် ၂၉ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဇာတ်ကားသည် ကမ္ဘာကျော် စာရေးဆရာ ဂျိန်းအော်စတင်၏ ဂန္ထဝင်ဝတ္ထုဖြစ်သည့် Sense and Sensibility ဝတ္ထုကိုရိုက်ကူးမည့် ရုပ်ရှင်ဇာတ်ကားဖြစ်သည်။

အဆိုပါ ဝတ္ထုသည် ဒက်ရှ်ဝုဒ် မိသားစုအမည်ရှိ မိသားစု၏ ၁၈၀၀ လှုပ်ရှားမှုများကို ပုံဖော်ရေးသားထားသည့် ဝတ္ထုဖြစ်သည်။


Sense and Sensibility ဇာတ်ကားတွင် မင်းသမီး ဒေစီအဂ္ဂါဂျူးသည် ဒက်ရှ်ဝုဒ်ညီအမများထဲမှ တစ်ဦးအဖြစ်သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါဇာတ်ကားကို အမျိုးသမီး ဒါရိုက်တာ ဂျော်ဂျီယာအုတ်ကလေက တာဝန်ယူပုံဖော်ရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာမ ဒိုင်ယာနာရိုဒ်က ရေးသားပေးထားကြောင်း သိရသည်။

Sense and Sensibility ဇာတ်ကား စတင်ရိုက်ကူးမည့်နေ့နှင့် ရုံတင်ပြသမည့်နေ့တို့ကို Focus Feature ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Russia Today
Trs : KKO






# F1: The Movie ရုပ်ရှင်ဇာတ်ကားကို Apple Original Film မှ စတင်ရုံတင်ပြသ

နယူးယောက် ဇွန် ၃၀

Apple Original Film သည် F1:The Movie ဇာတ်ကားကို ဇွန် ၂၇ ရက်မှစ၍ အမေရိကဈေးကွက်နှင့် နိုင်ငံတကာရုပ်ရှင်ဈေးကွက်များ၌ စတင်ရုံတင်ပြသနေကြောင်း ဇွန် ၂၉ ရက် သတင်းများအရ သိရသည်။

Apple Original Film ကုမ္ပဏီ၏ F1:The Movie ဇာတ်ကားသည် ရုံမတင်မီ ပွဲကြိုပြသခဲ့သည့် ဇွန် ၂၆ ရက် တစ်ရက်တာမှာပင် ဝင်ငွေအမေရိကန်ဒေါ်လာ ၁၀ သန်း ကျော်ရရှိခဲ့ကြောင်း သိရသည်။

F1:The Movie ဇာတ်ကားသည် Formula-1ပြိုင်ကားမောင်းသမားများလောကကို နောက်ခံထားရိုက်ကူးသည့် ဇာတ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကား၏ စတင်ရုံတင်ပြီး ပထမသီတင်းပတ်ကုန်ချိန် ကမ္ဘာတစ်ဝန်း ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁၁၅ သန်းထိ ရှိနိုင်ကြောင်း သိရသည်။

F1:The Movie ဇာတ်ကား၌ မင်းသား ဘရက်ပစ်နှင့် ဒန်ဆန် အိုက်ဒရစ်တို့က အဓိက ဇာတ်ဆောင်များအဖြစ် ပါဝင်သရုပ်ဆောင်ထားသည်။

F1:The Movie ဇာတ်ကားကို ဒါရိုက်တာ ဂျိုးဆက်ကိုစင်စကီးက တာဝန်ယူ ရိုက်ကူးထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# Danubyu Township sells up to 66,000 baskets of Pakhan paddy to Yangon in May



Workers putting paddy into bags.

**Danubyu June 30**

Up to 66,000 baskets of Pakhan rice were shipped to the Yangon market in May, said Daw Thuzar Win, a rice wholesale dealer from Danubyu Township, Ayeyawady Region.

Danubyu Township shipped only 60,000 baskets of Pakhan rice to the Yangon market in April this year, and from May 1 to 31, 66,000 baskets of Pakhan rice were exported in a month.

"Danubyu Township transported 66,000 baskets of Pakhan rice in a month. The Pakhan rice shipped from Danubyu Township to the Yangon market is of good quality. The Pakhan rice is a type of rice that has low quality. The sale has increased because the Yangon market buyers are buying it. The current paddy price is also rising. The paddy market is buying up the paddy from the local market," she said.

The good trading of the paddy has created job opportunities for farmers, traders, cargo workers, and truck rental entrepreneurs. KKL

# Over 2,000 acres of peanuts cultivated in Mingin Township this monsoon season

**Mingin June 30**

In Mingin Township, Kalay District, Sagaing Region, over 2,000 acres of peanuts have been successfully cultivated during this year's monsoon crop season, according to data from the Mingin Township Department of Agriculture.

For the 2025-2026 monsoon season, Mingin Township had planned to cultivate 5,905 acres of peanuts. Planting began in May this year, and as of today, 2,157 acres have already been completed.

"This monsoon season, Mingin Township aimed to cultivate over 5,000 acres of peanuts. So far, more than 2,000 acres have been planted. Efforts are being made to ensure the target acreage is met. As an oil crop, peanuts are showing promising success, and cultivation has been increasing year after year," said Daw Hayman Kyaw Win, the Township Agriculture Officer.

In Mingin Township, peanut cultivation requires 1.5 baskets of seeds per acre. The total cost, including seeds, labor, fertilizers, and pesticides, exceeds 200,000 kyats per acre, with an expected yield of over 50 baskets per acre.

To ensure successful peanut cultivation this year, the Township Department of Agriculture staff are conducting field inspections, monitoring for pests and diseases, and ensuring weed-free farms. They are also maintaining detailed field records to support farmers. 206



A peanut plantation in Minkin Township.

# Myaung Township finishes harvest of summer paddy

**Myaung June 30**

Local farmers have harvested all sown acreage of summer paddy in Myaung Township of Sagaing Region, according to the Township Agriculture Department.

In Myaung Township, during this year's summer crop season, summer paddy was cultivated on a total of 2,712 acres. Harvesting of the cultivated summer paddy fields began in May this year, and as of today, 100 per cent of the acres have been fully harvested, with an average yield of 84.98 baskets per acre.

Daw Thida Lwin, Head of the Sagaing District Agriculture Department, disclosed: "This year, a total of 2,712 acres of summer paddy were cultivated in Myaung Township during the summer crop season. Currently, all of the cultivated fields have been completely harvested. The cultivated area even exceeded the initially planned acreage. Farmers received agricultural technical support, pest prevention awareness, and guidance to prevent crop losses and ensure timely and sheltered post-harvest handling."

To help improve yield per acre and achieve target production levels, good quality and pure seed varieties were distributed to the summer paddy farmers in Myaung Township. In addition, agricultural pamphlets were distributed, farmer training sessions and awareness discussions were conducted, and timely delivery of necessary agricultural inputs was arranged.

Senior farmers have also been encouraged to cooperate with the Agriculture Department in advance planning — including preparation for the timely planting of summer paddy and other crops after the monsoon paddy and monsoon crop harvests. This includes following official guidelines for early pest and disease prevention, engaging in soil nutrient replenishment activities, and advance preparation of quality seeds. 206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# Over 1,000 acres of maize and sweet corns planted in Shwebo Township this year

**Shwebo June 30**

Local farmers have planted more than 1,000 acres of maize and sweet corns as monsoon crops in Shwebo Township of Sagaing Region this monsoon, according to the township Agriculture Department.

During the 2025–2026 monsoon cropping season, in Shwebo Township, it is planned to cultivate a total of 2,841 acres—comprising 400 acres of maize and 2,441 acres of sweet corns. Cultivation began in June of this year, and as of today, 201 acres of maize and 1,104 acres of sweet corns have been planted, totalling 1,305 acres.

"The plan for this year's monsoon cropping season in Shwebo Township is to cultivate over 2,800 acres of maize and sweet corns. So far, more than 1,000 acres have already been planted. Efforts are ongoing to meet the planned acreage. To ensure success in growing these maize crops, we are providing educational outreach, and carrying out activities to prevent pest and disease outbreaks," said U Hsan Oo, head of the Shwebo Township Agriculture Department.

This year, the Shwebo Township Agriculture Department has been offering training programmes, organizing demonstration field events, conducting preventative measures against corn borers, and promoting integrated pest management techniques. These include the use of neem-based pesticides, along with providing technical knowledge on cultivation practices.

In Shwebo Township, the expected yield is over 50 baskets per acre. Farmers need to cost K500,000 per acre of maize. For sweet corn, the expected yield is 15,000 cobs per acre, with the cultivation cost exceeding K500,000. 206

# Katha Township completes cultivation of more than 60,000 acres of sugarcane this monsoon



Farmers cultivating sugarcane in a field.

**Katha June 30**

Statistics of Katha Township Agriculture Department stated that local farmers have so far planted 61,364 acres of sugarcane as monsoon crops in Katha Township of Sagaing Region this monsoon.

During the 2025-2026 monsoon crop season, it is planned to cultivate a total of 62,493 acres of sugarcane in Katha Township. Starting from June this year, planting has already begun, and a total of 61,364 acres have so far been planted successfully.

"The plan for this year's monsoon season in Katha Township is to grow sugarcane on 62,493 acres. So far, 61,364 acres have been planted. Efforts are being made to meet the full target acreage. Local farmers are cultivating sugarcane as usual," said U Ko Lay, Head of the Katha Township Agriculture Department.

In terms of sugarcane cultivation across Sagaing Region, planting is mainly done in Shwebo District, Kanbalu District, and Katha District, with Katha and Kanbalu Districts having the largest cultivation areas.

In Katha Township, the cost of sugarcane cultivation is estimated at between K600,000 and K700,000 per acre, with an average yield of 30 tons per acre.

In Sagaing Region, high-yield sugarcane varieties such as K-95/84, Nawaday-4, Formosa, and Sinshweli are commonly planted. Priority is given to both rain-fed and irrigated cultivation methods. 206

# Over 7,000 acres of groundnut grown in Budalin Township

**Budalin June 30**

Budalin Township Agriculture Department stated that local farmers planted more than 7,000 acres of groundnut in the township of Sagaing Region this monsoon.

During the 2025-2026 monsoon crop season, it is planned to cultivate a total of 34,700 acres of groundnut in Budalin Township. Cultivation began in May of this year, a total of 7,748 acres have already been planted in the township.

"This year, during the monsoon crop season, local authorities earmarked cultivation of over 30,000 acres of groundnut in Budalin Township. So far, more than 7,000 acres have already been planted. Efforts are being made to meet the targeted acreage. As an oil crop, groundnut is in a successful condition. Groundnut cultivation has been progressing year by year," said U Phyo Wai, Head of the Budalin Township Agriculture Department.



A groundnut grown in a field in Budalin Township.

In Budalin Township, approximately one and a half baskets of groundnut seed are used per acre. The estimated cost per acre — including seed cost, labor charges, fertilizers, and pesticides — is over K200,000. The yield is reported to be over 50 baskets per acre.

This year, in order to ensure the success of groundnut cultivation, prevent pest and disease outbreaks, and keep the fields weed-free, staff from the Township Agriculture Department have been conducting field inspections and recording field reports. 206

# Farmers plant more than 4,000 acres of pigeon peas in Kyaukmyaung Sub-Township

**Kyaukmyaung June 30**

Local farmers from Kyaukmyaung Sub-Township of Shwebo District in Sagaing Region have planted more than 4,000 acres of pigeon peas as monsoon crops this year, according to the Sub-Township Agriculture Department.

During the 2025-2026 monsoon crop season, it is planned to cultivate 5,850 acres of pigeon peas in the Kyaukmyaung Sub-township. Cultivation began in June this year, and as of today, 4,296 acres have already been planted.

"This year, more than 5,000 acres of pigeon peas are planned for cultivation in Kyaukmyaung Sub-township during the monsoon season. As of today, over 4,000 acres have been planted. Efforts are ongoing to meet the target acreage. Measures are also being taken to ensure good yields in pigeon pea cultivation. Farmers grow pigeon peas both as a sole crop and as an intercropped or relay crop," said Daw Khin Win, Head of the Kyaukmyaung Township Department of Agriculture.

This year, the Kyaukmyaung Township Department of Agriculture is providing support to farmers cultivating pigeon peas by offering field-level training on selecting high-quality, pure seeds, proper planting methods, pest prevention, and maximizing yield.

Furthermore, the department is disseminating techniques involving the use of mixed fertilizers to help reduce the cost of folio fertilizers for pigeon pea farmers. This method not only lowers cultivation expenses but also helps keep the crops pest-free and promotes healthy plant growth. 206

# News Analysis: Extreme heatwaves underscore climate urgency, demand action

**London June 30**

Over the past few weeks, heatwaves have hit several regions of the Northern Hemisphere, including parts of North America, Europe, and eastern Asia.

As the Northern Hemisphere endures a summer of unprecedented heat, experts warn that these extreme events are not isolated anomalies, but stark evidence of accelerating climate change.

From Europe to North America and Asia, the impacts are straining societies, economies, and ecosystems, prompting urgent calls for both immediate adaptation and long-term mitigation.

"These are separate events, not a single heatwave event sweeping across the Northern Hemisphere," said Julien Nicolas, senior scientist at the Copernicus Climate Change Service. "Affected regions are often separated by areas with colder-than-average conditions."

Despite their geographic separation, these events share a common underlying cause -- human-induced climate change. Scientists have widely agreed that the persistent rise in greenhouse gas emissions since the Industrial Revolution is the primary driver of this year's intense heatwaves. Xinhua

# 71 killed in Israeli strike on prison in Tehran: Iran's judiciary

**Tehran June 30**

At least 71 people were killed in an Israeli strike on Evin Prison in the Iranian capital Tehran last week, Iran's judiciary announced on Sunday.

The victims of the June 23 attack included prison staff, conscripts, jailed convicts, visiting family members, and residents of nearby buildings, the Mizan news agency quoted judiciary spokesman Asghar Jahangir as saying.

Jahangir said that by its "terrorist and brutal" attack on the prison, Israel once again proved its lack of commitment to international law.

He noted that the sections of the infirmary, technical and engineering division, and the visitation area in the prison complex were also targeted.

He branded the attack as an "all-out crime," saying that the nearby buildings had sustained heavy damages and their residents suffered severe injuries.

On June 13, Israel launched major airstrikes on different areas in Iran, including nuclear and military sites, killing senior commanders, nuclear scientists and many civilians. Iran responded by launching several waves of missile and drone attacks on Israel. Xinhua



This photo taken on June 29, 2025 shows the destruction at Evin Prison after the Israeli airstrike in Tehran, Iran.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်ထုတ် Viper Drone-Missile ကို ကမ္ဘာလုံးဆိုင်ရာစစ်လက်နက်လေ့လာသူများက စိတ်ဝင်တစား စောင့်ကြည့်လျက်ရှိ



အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား ပြည်နယ်အခြေစိုက် Mach Industries ကုမ္ပဏီက တီထွင်ထုတ်လုပ်ထားသော မျိုးဆက်သစ် Viper Drone-Missile သည် တာဝေးပစ်မှတ်များကို တိကျစွာ တိုက်ခိုက်နိုင်ခြင်း၊ စျေးသက်သာခြင်း၊ ရှေ့တန်းစစ်မြေပြင်တွင် လွယ်ကူပေါ့ပါးစွာ သယ်ဆောင်အသုံးပြုနိုင်ခြင်းများကြောင့် ကမ္ဘာလုံးဆိုင်ရာ စစ်လက်နက်လေ့လာသူများက စိတ်ဝင်တစား စောင့်ကြည့်လျက်ရှိကြောင်း Army Recognition သတင်းဌာနက ဇွန် ၂၇ ရက်တွင် ရေးသား ဖော်ပြခဲ့သည်။

ယူကရိန်းပဋိပက္ခမှ သင်ခန်းစာဖော်ထုတ်ချက်များအရ တီထွင်ထုတ်လုပ်ထားသော Viper Drone-Missile သည် အလိုအလျောက် တိုက်ပွဲဝင်နိုင်စွမ်း၊ ကုန်ကျစရိတ် သက်သာမှု၊ ATACMS နည်းဗျူဟာမြောက်ဒုံးကျည်၏ အကွာအဝေးနှင့် မြင့်မားသောအလျင်နှုန်း၊ Hellfire ဒုံးကျည်၏ ထိပ်ဖူးပေါက်ကွဲအားမျိုးဖြင့် စွမ်းဆောင်ရည်များ တစ်စုတစ်စည်းတည်း တွေ့မြင်လာရနိုင်သည့် ဒရုန်း-ဒုံးကျည်မျိုးဖြစ်ကြောင်း အဆိုပါ သတင်းဌာနကရေးသားဖော်ပြထားသည်။

ဒရုန်း-ဒုံးကျည်ဟူသော အသုံးအနှုန်းမှာ ဒရုန်းနှင့် ဒုံးကျည်တို့၏ လုပ်ဆောင်ချက်များ ပေါင်းစပ်ထားသောကြောင့် ခေတ်သစ်စစ်ဘက်နည်းပညာတွင် ထိပ်ဆုံး ထွက်ပေါ်လာသည့် နည်းပညာဆိုင်ရာ ဆက်စပ်အခေါ်အဝေါ် တစ်ခုဖြစ်သည်။ သို့ဖြစ်၍ Viper Drone-Missile သည် ဒေါင်လိုက် အတက်အဆင်းပြုလုပ်နိုင်သော ခရုဇ်ဒုံးကျည်ဖြစ်ပြီး ဒုံးကျည်နှင့် Loitering Munition တိုက်ခိုက်ရေးဒရုန်း အကြား ကွဲပြားခြားနားချက်ကို ဝေဝါးသွားစေခဲ့ပြီဖြစ်သည်။ အများဆုံးအကွာအဝေး ကီလိုမီတာ ၂၉၀၊ ထိပ်ဖူးအလေးချိန် ၁၀ ကီလိုဂရမ်နှင့် မြန်နှုန်းမြင့်ပျံသန်းနိုင်ရန်အတွက် ဒီဇိုင်းထုတ်လုပ်ထားသည်။

Viper Drone-Missile ဒုံးကျည်တစ်စင်း၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ တစ်သိန်းအောက်တွင်သာ ရှိမည်ဖြစ်ပြီး နည်းဗျူဟာမြောက် စစ်ဆင်ရေးများအတွက် အမြောက်အမြား ထုတ်လုပ်အသုံးပြုနိုင်စေမည်ဖြစ်ကြောင်း သိရသည်။

Viper Drone-Missile နည်းပညာဖွံ့ဖြိုးတိုးတက်မှုသည် အမေရိကန်တပ်မတော်အတွက် ဆန်းသစ်တီထွင်မှု၊ အလိုအလျောက် တိုက်ပွဲဝင်လုပ်ဆောင်နိုင်မှုစွမ်းဆောင်ရည်နှင့် စစ်မြေပြင်တွင် လိုက်လျောညီထွေရှိစွာ ဆောင်ရွက်နိုင်မှုတို့ကို ပိုင်ဆိုင်ထားနိုင်စေမည်ဖြစ်ကြောင်း သိရသည်။

Mach Industries ကုမ္ပဏီသည် အဆိုပါ Drone-Missile အစီအစဉ်ကို ၂၀၂၃ ခုနှစ်တွင်စတင်ခဲ့ပြီး နောက်ပိုင်းတွင် ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များနှင့် အမေရိကန်ကြည်းတပ် အသုံးချဓာတ်ခွဲခန်းဌာနတို့ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် ပထမဆုံးအကြိမ် စမ်းသပ်ပျံသန်းမှုပြုလုပ်နိုင်ခဲ့ပြီး Drone-Missile အစီအစဉ်ကို ဆက်လက်လုပ်ဆောင်ရန် အတည်ပြုပေးနိုင်ခဲ့သည်။

ထို့နောက် Mach Industries ကုမ္ပဏီသည် ထုတ်လုပ်မှုအခြေခံအဆောက်အအုံများ တိုးချဲ့ဆောင်ရွက်ခဲ့သည်။ အယူအဆ စိတ်ကူးစိတ်သန်းမှ ရှေ့ပြေးနမူနာပုံစံသို့ အလျင်အမြန် တိုးတက်ဖွံ့ဖြိုးလုပ်ဆောင်မှုလမ်းကြောင်းသည် အမေရိကန် စစ်ဘက်စက်မှုလုပ်ငန်းဆိုင်ရာ မူဝါဒစံနှုန်းများနှင့်အညီ ယူကရိန်းအတွက် လုပ်ဆောင်နေသည့် ဒရုန်းအစီအစဉ်များတွင် ဒရုန်းပုံစံများ အလျင်အမြန်တိုးတက်ဖွံ့ဖြိုးမှုပုံစံများအတိုင်း ဖြစ်ကြောင်း သိရသည်။

မကြာမီတွင် Viper Drone-Missile သည် မျိုးဆက်သစ်နည်းဗျူဟာမြောက် စစ်ဆင်ရေးများအတွက် အရေးပါသော စွမ်းအားစုတစ်ခုဖြစ်လာနိုင်ကာ ဒရုန်းစစ်ဆင်ရေးနှင့် တာဝေးပစ်ဒုံးကျည် ပစ်ခတ်မှုများ ဒရုန်းနှင့် ဒုံးကျည်၏ လုပ်ငန်းနှစ်ခုစလုံးအတွက် ကုန်ကျစရိတ် သက်သာစွာဖြင့် ထိရောက်မှုရှိစွာ တပ်ဖြန့် အသုံးပြုနိုင်စေမည်ဖြစ်ကြောင်း သိရသည်။

**U.S.'s New Viper Drone-Missile from Mach Industries Combines the Range of HIMARS with the Punch of a Hellfire ကို ဘာသာပြန်ဆိုထားပါသည်။**

## တူကီယံက SAMP/T လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ပူးတွဲထုတ်လုပ်ခွင့်ရရန် ပြင်သစ်နိုင်ငံထံ တောင်းဆိုခဲ့



တူကီယံနိုင်ငံက Eurosam ကုမ္ပဏီထုတ် SAMP/T မြေပြင်မှဝေဟင်ပစ်ဒုံးကျည်စနစ်ရောင်းချမှုနှင့် ပူးတွဲထုတ်လုပ်ခွင့်ရရန် နိုင်ငံရေးအရ တားမြစ်ထားမှုကို ဖယ်ရှားပေးရန် ပြင်သစ်သမ္မတ Emmanuel Macron ကိုတောင်းဆိုခဲ့ကြောင်း Army Recognition သတင်းဌာနက ဇွန် ၂၇ ရက်တွင် ရေးသား ဖော်ပြခဲ့သည်။

NATO အဖွဲ့၏ ဒုတိယအင်အားအကြီးဆုံး ကြည်းတပ်နှင့် မဟာမိတ်အဖွဲ့စစ်ဆင်ရေးများအတွက် အကူအညီပေးနေသည့် ထိပ်တန်းငါးနိုင်ငံတွင်ပါဝင်နေသည့် တူကီယံနိုင်ငံ သမ္မတ Recep Tayyip Erdogan က နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုတွင် ဥရောပကာကွယ်ရေးလုပ်ဆောင်ချက်များ၌ အတူပူးပေါင်းပါဝင် ဆောင်ရွက်ခွင့်ပြုသင့်ကြောင်း အလေးပေးပြောကြားခဲ့သည်။ SAMP/T လက်နက်စနစ်သည်ပြင်သစ်နှင့်အီတလီနိုင်ငံတို့မှ ပူးပေါင်းဖက်စပ်လုပ်ငန်းဖြစ်သည့် Eurosam ကုမ္ပဏီမှ တီထွင်ထုတ်လုပ်ထားခြင်းဖြစ်ပြီး ယခုအခါ တူကီယံနိုင်ငံကပါ သုံးနိုင်ငံပူးပေါင်းပါဝင်ထုတ်လုပ်ရန် အဆိုပြုတောင်းဆိုထားခြင်းဖြစ်သည်။

ပြင်သစ်သမ္မတ Emmanuel Macron ၏ ဆုံးဖြတ်ချက်သည် လာမည့်နှစ်နှစ်၊ သုံးနှစ်အတွင်း အလွှာစုံလေကြောင်းရန်ကာကွယ်ရေးကွန်ရက်ကို ဖော်ဆောင်နေသည့် တူကီယံနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုကို များစွာအထောက်အပံ့ဖြစ်စေမည်ဖြစ်ရာ တူကီယံသမ္မတက ဥရောပကာကွယ်ရေးမူဘောင် အနာဂတ်ကိုပုံဖော်ရာတွင် ဥရောပသမဂ္ဂအဖွဲ့ဝင်မဟုတ်သော တူကီယံနိုင်ငံကဲ့သို့ NATO အဖွဲ့ဝင်နိုင်ငံများကို ပါဝင်ခွင့်ပြုရန် NATO အဖွဲ့ထိပ်တန်းခေါင်းဆောင်များကို တိုက်တွန်းခဲ့သည်။

SAMP/T လေကြောင်းရန်ကာကွယ်ရေးစနစ် သဘောတူညီချက်ကို အပြီးသတ်လုပ်ဆောင်ရန် တူကီယံနိုင်ငံ၏ တွန်းအားပေးမှုသည် ဒေသတွင်းခြိမ်းခြောက်မှုများ ကြီးထွားလာနေသည့်အခြေအနေတွင် အချိန်ကိုက်ထွက်ပေါ်လာခဲ့ခြင်းလည်း ဖြစ်သည်။ ယခုနှစ် ဇွန်လအစောပိုင်း အစ္စရေးနှင့် အီရန်တို့ ပဋိပက္ခဖြစ်ပွားပြီးနောက် တူကီယံနိုင်ငံသည် ပြည်တွင်းထုတ် တာလတ်နှင့် တာဝေးပစ်ဒုံးကျည်စနစ်များ တိုးတက်ဖွံ့ဖြိုးထုတ်လုပ်မှုကို တိုးချဲ့လုပ်ဆောင်လာခဲ့သည်။

တူကီယံနိုင်ငံသည် Eurosam ကုမ္ပဏီထုတ် SAMP/T လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ကို ပူးပေါင်းထုတ်လုပ်ခွင့်ပြုရန် NATO အဖွဲ့ဝင် ပြင်သစ်နိုင်ငံကို တောင်းဆိုနေခြင်းဖြစ်ပြီး၎င်းလုပ်ဆောင်ချက်သည် နိုင်ငံ့ဒုံးကျည်ကာကွယ်ရေးစနစ်များဖွံ့ဖြိုးတိုးတက်မှုကို အင်အားဖြည့်တင်းရန်၊ NATO ၏ လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေး တည်ဆောက်မှုတွင် အပြည့်အဝပေါင်းစည်း လုပ်ဆောင်နိုင်ရန်အတွက် လိုအပ်သည်ဟု ရှုမြင်ထားပုံရှိသည်။

ပြင်သစ်နိုင်ငံအနေဖြင့် တူကီယံသမ္မတ၏ တောင်းဆိုချက်အပေါ်မှတ်ချက် တစ်စုံတစ်ရာ တုံ့ပြန်ထားခြင်းမရှိသေးဘဲ အီတလီနိုင်ငံ အာဏာပိုင်များကမူ တူကီယံ၊ ပြင်သစ်နှင့်အီတလီ သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မှုအတွက် ထောက်ခံကြောင်းနှင့် ပူးတွဲထုတ်လုပ်မှုအတွက် လိုအပ်သည်များပြင်ဆင်နေသည့်လုပ်ငန်းအဖွဲ့ကို ဆက်လက်ပံ့ပိုးကူညီပေးသွားမည်ဖြစ်သည်ဟု ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

**Türkiye seeks French approval for SAMP/T air defense system to achieve national Steel Dome project ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကသာခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ကသာ ဇွန် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောစပါးကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၂၃၄၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော စပါးများကို ယခုနှစ် ဧပြီလ ပထမပတ်မှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၆ ဒသမ ၉၈ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ ကသာခရိုင်မှာ စပါး ၂၂၃၄၄ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးစိုက်ခင်းတွေ အခုလက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိစေဖို့ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိစေဖို့ အသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ယခုနှစ် ကသာခရိုင်တွင် မြို့နယ်အလိုက် နွေစပါးရိတ်သိမ်းပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင် ၁၁၀၇၉ ဧက၊ အင်းတော်မြို့နယ်တွင် ဧက ၇၄၀၊ ထီးချိုင့်မြို့နယ်တွင် ၁၀၂၆၇ ဧကနှင့် ဗန်းမောက်မြို့နယ်တွင် ၂၅၈ ဧက စုစုပေါင်း ၂၂၃၄၄ ဧကတို့ဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# ဇလွန်မြို့နယ်တွင် ကြက်ဟင်းခါးသီးများ အရောင်းအဝယ်ကောင်းမွန်နေ



**ဇလွန် ဇွန် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် ဒေသထွက်ကြက်ဟင်းခါးသီးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဇလွန်မြို့နယ်ရှိ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသူက ပြောပြသည်။

ဇလွန်မြို့နယ်တွင် ဒေသထွက်ကြက်ဟင်းခါးသီးများ ဇွန်လ ဒုတိယပတ်မှစပြီး ယနေ့ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသကထွက်ရှိသည့် ရောင်းတန်းဝင်ကြက်ဟင်းခါးသီးများ တစ်ရက်လျှင် အလုံးရေ ၄၀၀၀၀ မှ ၅၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ဇလွန်မြို့နယ်ကနေ ထွက်တဲ့ကြက်ဟင်းခါးသီးတွေအရောင်းအဝယ် ကောင်းလာပါတယ်။ လက်ရှိဒေသမှာ ကြက်ဟင်းခါးသီးတွေ ပေါ်နေတဲ့အချိန်ဖြစ်ပါတယ်။ ကြက်ဟင်းခါးသီးတွေက ဒေသထွက်ဖြစ်လို့ အရည်အသွေးလဲ ကောင်းပါတယ်။ ကြက်ဟင်းခါးသီးတွေကို ဒေသဈေးကွက်နဲ့ အခြားဒေသကုန်စိမ်းဈေးကွက်က ဝယ်လက်တွေက အဝယ်များနေပါတယ်"ဟု ဇလွန်မြို့နယ်ရှိ ကုန်စိမ်းမျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသူက ပြောပြသည်။

ဇလွန်မြို့နယ်မှ ထွက်ရှိသည့် ကြက်ဟင်းခါးသီး အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၃၅၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသထွက် ကြက်ဟင်းခါးသီးများနှင့် အခြားကုန်စိမ်းများကို ပုသိမ်၊ ပန်းတနော်၊ မအူပင် စသည့် ဒေသများသို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဒေးဒရဲမြို့နယ် မဲဇလီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဒေးဒရဲ ဇွန် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာစေရန် ရည်ရွယ်ပြီး မဲဇလီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းအပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇွန် ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဒေးဒရဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မိုးမြင့်က အမှာစကား ပြောကြားပြီး မြို့နယ် ဦးစီးမှူး ဦးဇော်မိုးမြင့်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ အကျိုးကျေးဇူးများ၊ စီမံကိန်းဝိသေသများ၊ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းများနှင့် ကာလသတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းအပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၆ ဒသမ ၂ သန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်ပြီး မဲဇလီကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်၊ ရေလုပ်ငန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၇ ဦးကို ရန်ပုံငွေကျပ် ၄၆ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**






# သုံးခွမြို့နယ် သာဂရကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်း



**သုံးခွ ဇွန် ၃၀**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၂၉ ရက်က သာဂရကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သုံးခွမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်နှင်းချိုက သာဂရကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုးနှုန်းကာလသတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသော သာဂရကျေးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်သည့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

သုံးခွမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ သာဂရကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို စီမံကိန်းနှင့် အကျုံးဝင်သည့် လုပ်ငန်းများတွင် အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ချိုသန်းညွန့်**




# အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီနှင့် စာပေဗိမာန်စာမူဆုရွေးချယ်ရေးအဖွဲ့တို့မှ စာပေပညာရှင်များကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တွေ့ဆုံ

**ရန်ကုန် ဇွန် ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီနှင့် စာပေဗိမာန်စာမူဆုရွေးချယ်ရေးအဖွဲ့တို့မှ စာပေပညာရှင်များနှင့် တွေ့ဆုံသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ အဆင့်အမြင့်ဆုံးစာပေဆုဖြစ်သည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဝါသနာရှင်များ၏ အရည်အသွေးပြည့်ကောင်းမွန်သည့် စာမူများကို စာအုပ်အဖြစ်ထွက်ပေါ်လာစေရန် ပျိုးထောင်အားပေးသော စာပေဗိမာန်စာမူဆုများကို ၁၉၄၈ ခုနှစ်မှ စတင်၍ အသွင်အမျိုးမျိုးဖြင့် ချီးမြှင့်လာခဲ့သည်မှာ ယနေ့ထက်တိုင်ဖြစ်ပါကြောင်း။

ယခုနှစ်တွင်လည်း စာကောင်းပေမွန်များနှင့် ဘဝတစ်သက်တာလုံး စာပေ၌နှစ်မြှုပ်ထားခဲ့ကြသည့် စာပေပညာရှင်ကြီးများကို ဂုဏ်ပြုချီးမြှင့်ပေးစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စာပေဆုများစိစစ်ရွေးချယ်ခြင်းဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ဦးစိန်လှိုင်(သူရဇော်)၊ စာပေဗိမာန်စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူ မောင်နိုင်မိုး)နှင့် တက်ရောက်လာကြသည့် စာပေပညာရှင်ကြီးများက အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုရွေးချယ်ရေးနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပန်းတိုင်အထွက်နှုန်းရရှိရေး အထွက်နှုန်းကွာဟချက်များကို ဆန်းစစ်လေ့လာခြင်းဆိုင်ရာ မွမ်းမံသင်တန်းဖွင့်လှစ်






**နေပြည်တော် ဇွန် ၃၀**

ပန်းတိုင်အထွက်နှုန်းရရှိရေး အထွက်နှုန်းကွာဟချက်များကို ဆန်းစစ်လေ့လာခြင်းဆိုင်ရာ မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း AERDTC ၌ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခချုပ်နှင့် ပညာရှင်များ သင်တန်းတက်ရောက်ကြမည့် စိုက်ပျိုးရေးဦးစီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့မှ ဝန်ထမ်းများ တက်ရောက်ကြသည်။


အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက တစ်ဧကအထွက်နှုန်းတိုးတက်ရေးဆောင်ရွက်ရာတွင် အဓိကသီးနှံများ၏ ပန်းတိုင်အထွက်နှုန်းများ သတ်မှတ်ဆောင်ရွက်လျက်ရှိရာ စပါးသီးနှံပန်းတိုင်အထွက်နှုန်းကို မိုးစပါးရာသီအတွက် တစ်ဧကတင်း ၁၀၀၊ နွေစပါးရာသီအတွက် တစ်ဧကတင်း ၁၁၀ ထွက်ရှိရေး သတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ရေမြေသဘာဝအလိုက်အထွက်နှုန်းကွဲပြားမှုများ၊ သုတေသနအထွက်နှုန်းနှင့် တောင်သူအမှန်အထွက်နှုန်းတို့အကြား ကွာဟမှုများဖြစ်ပေါ်နေခြင်းအကြောင်းရင်းများကိုဖော်ထုတ်၍ စပါးသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေးကို ဦးတည်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။


စပါးသီးနှံပန်းတိုင်အထွက်နှုန်း ရရှိရေးဆောင်ရွက်ရန်အတွက် စပါးသီးနှံ၏ သုတေသနအထွက်(Experimental Yield) နှင့် တောင်သူအမှန်အထွက်(Actual Yield) တို့ကြား ကွာဟမှုဖြစ်ပေါ်နေရသည့် မျိုး၊ မြေ၊ ရေ၊ နည်းဆိုင်ရာအကြောင်းရင်းများကို ရှာဖွေဖော်ထုတ်ဆန်းစစ်လေ့လာခြင်း (Yield Gap Analysis)ဆောင်ရွက်သွားမည်ဖြစ်ပြီး လိုအပ်သည့်ကိန်းဂဏန်းများရရှိရန် စစ်တမ်းကောက်ယူမည့် စိုက်ပျိုးရေးဦးစီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့မှ ဝန်ထမ်းများကို ယခုဖွင့်လှစ်သည့်မွမ်းမံသင်တန်းတွင် စာရင်းကောက်(Enumerator) ပညာရပ်ကို ပို့ချပေးသွားဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ❑ မိုးထစ်ချုန်းရွာနိုင်မှု

ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားကြောင်း သိရသည်။



# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ရှိ ရာဇမဏိစူဠာ ကောင်းမှုတော် စေတီ၌ အပျက်အစီးများဖယ်ရှားရှင်းလင်းပြီး ပြန်လည်ပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေး မဟာအောင်မြေမြို့နယ် ရွှေဘုန်းရှိန်ရပ်ကွက်၌ အလယ်တိုက်ကျောင်း၊ ရွှေကျောင်း၊ တတိုက်လုံးကျောင်း၊ ဥယျာဉ်ကျောင်းတို့ရှိ အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇွန် ၃၀**

မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သော မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ရာဇမဏိစူဠာကောင်းမှုတော်စေတီ၊ မေတ္တာကန်နှင့် ဆွမ်းဦးပုညရှင်စေတီတော်တို့တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို အပြီးသတ် ဖယ်ရှားရှင်းလင်းပြီး စေတီတော်လုံးပတ် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ ရင်ပြင်တော်တိုးချဲ့ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ စေတီတော်နှင့် မေတ္တာကန်ပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လုပ်အားပေး ဆောင်ရွက်နေကြသူများကို အားဖြည့်အချိုရည်များပေးအပ်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော မဟာစေတီလှစေတီတော်အား အသစ်တစ်ဖန်ပြန်လည်တည်ထားကိုးကွယ်မည့်မြေနေရာအား ပြင်ဆင်ဆောင်ရွက်နေမှုများ၊ မျိုးရင်ရင်သီလရှင်စာသင်တိုက်၊ ရွှေစေတီဘာသန္တရသင်တန်းကျောင်း၊ လေးကျွန်းမြေအုဋ္ဌကျောင်း ပရိယတ္တိစာသင်တိုက်၊ ရွှေမုဋ္ဌောစေတီနှင့် ရွှေဘုန်းပွင့် ရွှေဘုန်းမြင့်စေတီတို့သို့ သွားရောက်ကာ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံအပျက်အစီးများကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများဖြစ်သည့် မန္တလေး မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက်ရှိ ရတနာပုံသာဆုတောင်းရ (ဦးပေစိ)ဘုရားရှိ အပျက်အစီးများအား တပ်မတော်သားများနှင့် စက်ယန္တရားကြီးများအသုံးပြု၍ အင်တိုက်အားတိုက်ဖယ်ရှားရှင်းလင်းနေမှုများနှင့်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ မဟာအောင်မြေမြို့နယ် ရွှေဘုန်းရှိန်ရပ်ကွက် မြင်းဝန်မင်းကြီးကျောင်းတိုက်ရှိ အပျက်အစီးများကို အဖွဲ့အစည်းအသီးသီးမှ အင်တိုက်အားတိုက် ဖယ်ရှားရှင်းလင်းနေမှုနှင့်ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက် မဟာမုနိရုပ်ရှင်တော် ဘဏ္ဍာတော်ပိုင်တိုက်တန်းရှိ ဝန်ထမ်းလိုင်းခန်းအပျက်အစီးများအား စက်ယန္တရားကြီးများ အသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများကို မှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ရုရှားနိုင်ငံသားခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရာတွင် ကောင်းမွန်သောဝန်ဆောင်မှုများပေးနိုင်ရန် ရုရှားဘာသာစကား(အခြေခံ)သင်တန်းဖွင့်ပွဲကျင်းပ





**နေပြည်တော် ဇွန် ၃၀**

ရုရှားနိုင်ငံသား ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရာတွင် ကောင်းမွန်သောဝန်ဆောင်မှုများပေးနိုင်ရန် ရည်ရွယ်၍ ရုရှားဘာသာစကား(အခြေခံ) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရွှေနန်းတော် ဟိုတယ်၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော်ဟိုတယ်နှင့် ခရီးသွားဆိုင်ရာအသင်းအဖွဲ့များနှင့် ဟိုတယ်များမှ တာဝန်ရှိသူများ၊ ရုရှား-မြန်မာချစ်ကြည်ရေးအသင်းမှတာဝန်ရှိသူများနှင့်နည်းပြဆရာများ၊သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ခရီးသွားဈေးကွက်ဝင်နိုင်ငံဖြစ်သည့် ရုရှားနိုင်ငံမှ ရုရှားခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရာတွင် ၎င်းတို့နိုင်ငံ၏ ဘာသာစကားများဖြင့် ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ရုရှားဘာသာစကားဒီပလိုမာသင်တန်းများ၊ ရုရှားဘာသာစကား(အခြေခံ)သင်တန်းများနှင့် မွမ်းမံသင်တန်းများကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ယနေ့ဖွင့်လှစ်သည့် ရုရှားဘာသာစကား(အခြေခံ)သင်တန်းသို့တက်ရောက်ကြမည့် သင်တန်းသား၊ သင်တန်းသူများအနေဖြင့် စနစ်တကျ လေ့လာသင်ယူကြရန်နှင့် ဘာသာစကားစွမ်းရည်ကိုမြှင့်တင်ကာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက်ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာ-ရုရှားချစ်ကြည်ရေးအသင်းမှ နည်းပြဆရာတစ်ဦးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် သင်ကြားပို့ချမည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းနည်းပြများကိုအမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ရုရှားဘာသာစကား(အခြေခံ) သင်တန်းကို နေပြည်တော်အတွင်းရှိ ဌာနဆိုင်ရာများ၊ မာရဝိဇယ၊ ဥပ္ပါတသန္တိဘုရားဂေါပကအဖွဲ့တို့မှ ရွေးချယ်စေလွှတ်သည့် ဝန်ထမ်းများ၊ ဟိုတယ်နှင့် တည်းခိုရိပ်သာများမှဝန်ထမ်းများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအတွက် အသိပေးကြေညာချက်

၁။ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် အခြားပြည်ပနိုင်ငံများမှ ခွင့်ဖြင့်ဝင်ရောက်လာပြီး ပြန်လည်ထွက်ခွာမည့်သူများကိုလည်းကောင်း၊ မိမိအစီအစဉ် ကျွမ်းကျင်လုပ်သားအဖြစ်လည်းကောင်း၊ ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီများမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများကိုလည်းကောင်း ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅ ခုနှစ် မတ်လတွင် လုပ်သား ၃၂၆၄ ဦးနှင့် ၁-၄-၂၀၂၅ ရက်နေ့တွင် ၅၉ ဦးတို့ကို ခွင့်ပြုပေးခဲ့ပါသည်။

၂။ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အဆောက်အအုံနှင့် ရုံးခန်းများ ထိခိုက်ပျက်စီးခဲ့သော်လည်း ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်မည့်သူများကို သွားရောက်အလုပ်လုပ်ကိုင်မည့် အမျိုးအစားအလိုက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် SOP များနှင့်အညီ ၁-၄-၂၀၂၅ ရက်နေ့မှစ၍ စိစစ်ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# အမည်မည်းစာရင်းကြေညာခြင်း

၁။ နိုင်ငံတော်အတွင်းသို့ နိုင်ငံခြားသုံးငွေများ ဝင်ရောက်လာသည့် အဓိကလမ်းကြောင်းဖြစ်သော ပို့ကုန်တင်ပို့မှုမှ ရငွေများအပြည့်အဝ ရရှိရန်မှာ အဓိကကျသည့် အချက်ဖြစ်သဖြင့် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၃၈-ခ နှင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်း အပိုဒ်-၃၅၊ အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၂၃ တို့တွင် အာရှနိုင်ငံများသို့ တင်ပို့ခြင်းဖြစ်ပါက ပို့ကုန်တင်ပို့သည့်နေ့မှ (၃၀) ရက်အတွင်း၊ အာရှနိုင်ငံများမှအပ အခြားနိုင်ငံများသို့ တင်ပို့ခြင်းဖြစ်ပါက ပို့ကုန်တင်ပို့သည့်နေ့မှ (၆၀) ရက်အတွင်း ပို့ကုန်တင်ပို့သူ၏ မြန်မာနိုင်ငံအတွင်းရှိ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားငွေဖြင့် မပျက်မကွက် ထည့်သွင်းရန်ဖြစ်ကြောင်း ပြဋ္ဌာန်း သတ်မှတ်ထားပါသည်။

၂။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ (FEML) အခန်း (၁၁)၊ ပုဒ်မ ၃၈-ခ တွင် "မည်သူမျှ ပို့ကုန်ရငွေအားလုံးကို သတ်မှတ်ကာလအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် ထည့်သွင်းရန် ပျက်ကွက်ခြင်းမရှိစေရ" ဟုလည်းကောင်း၊ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက FEML ပုဒ်မ ၄၂-က အရ "ထိုသူကို တစ်နှစ်ထက်မပိုသည့် ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်"ဟုလည်းကောင်း ပြဋ္ဌာန်းထားပါသဖြင့် ပို့ကုန်တင်ပို့သူများအနေဖြင့် သတ်မှတ်ကာလအတွင်း ပို့ကုန်ရငွေများ ပြန်လည်ဝင်ရောက်ရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ပို့ကုန်တင်ပို့ခဲ့သည့် ပို့ကုန် လုပ်ငန်းရှင်များသည် ပို့ကုန်ရငွေများကို သတ်မှတ်ကာလအတွင်း ယင်း၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် မပျက်မကွက် ပြန်လည် ထည့်သွင်းစေရေးအတွက် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် AD လိုင်စင်ရဘဏ်များပူးပေါင်း၍ ဆက်သွယ်ခေါ်ယူ စာရင်းရှင်းလင်းခဲ့ပြီးနောက် စာရင်းရှင်းလင်းခြင်းမရှိသည့် ကုမ္ပဏီများ အား ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် ပိတ်သိမ်းခြင်းကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၄။ (၂၃-၆-၂၀၂၅) ရက်နေ့ စိစစ်ချက်အရ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် အတွင်း ပို့ကုန်တင်ပို့ခဲ့ပြီး ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ရန်ကျန်ရှိ သည့် ပူးတွဲပါကုမ္ပဏီ (၁၉၇) ခုသည် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ၊ စည်းမျဉ်း၊ အမိန့်ကြော်ငြာစာတို့ပါ သတ်မှတ်ချက်များအား လိုက်နာ ခြင်းမရှိသဖြင့် ကုမ္ပဏီနှင့် ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်များအား အမည်မည်းစာရင်း ထည့်သွင်းကြောင်း ကြေညာပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
(၂၇-၆-၂၀၂၅)

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာအဖွဲ့ဝင်အမည် | ကုမ္ပဏီလိပ်စာ | နိုင်ငံသားစိစစ်ရေးကတ်မှတ် |
|---|---|---|---|---|
| ၁ | A N C TRADING COMPANY LIMITED | U Chit Hlaing<br>U Chit Swe | U Pho Kyar Street, No. (4/8), Merchant Kandaw Lay (SOUTH) Ward, Mingalar Taung Nyunt Township, Yangon | S/DGNM – 000376<br>S/DGNM–041949 |
| ၂ | AFA FAMILY COMPANY LIMITED. | U Kyaw Ko Ko Win<br>Daw Aye Aye Myint<br>Daw Sin Ti Ya So | Min Ye Kyaw Swar Street, No. 1/27, Aung Thit Sar Quarter, Kalay Township Chin State | 3/MAWATA(N)073246<br>10/THAHTANA(N)101768<br>3/MAWATA(N)073245 |
| ၃ | AMARA CHERRY COMPANY LIMITED. | Daw Nwet Nwet Yin<br>U Tin Hla<br>U Win Thu | No. 46/47, Aung Theikdi, Ground Floor, 3 Quarter, Hor Kone Yat, Pyi Oo Lwin, Mandalay Maha Zaya Street, Building No. 8, First Floor, 7 Quarter, Pazudaung Township, Yangon | 5/MAYANA(N)012137<br>5/MAYANA(N)014991<br>9/MAMANA(N)076509 |
| ၄ | ARNO (MYANMAR) COMPANY LIMITED. | Mr. Wang, Min–Hsieng | No. 84, Zhuanzuing; Madou Dist, Tainan City 72154, Taiwan | PP No. 305261733 |
| ၅ | ARYAKHA BYALA COMPANY LIMITED. | Daw Aye Aye Khin<br>U Tun Thar Sein | Merchant Road, No.(504–506)(3–A) Ward No.7, Kyauktadar Township, Yangon | 11/MATANA(N)004567<br>11/SATANA(N)039883 |
| ၆ | ASAKURA MYANMAR TRADING COMPANY LIMITED. | Daw Nan Thu Zar Lin<br>Mr. TAKAHIKO SUGIURA | Zayya 5$^{th}$ Street, No, 124(A), 10 Quarter, South Oakkalapa Township, Yangon | 3/BAAHNA(N)364814<br>MZ1199820 |
| ၇ | ASIA WHALE TRAVELS & TOURS COMPANY LIMITED. | Daw May Than Htaik<br>U Maung Maung Lay @ U Maung Hla<br>U Zaw Win Ko | No.(40), Ground Floor, 7$^{th}$ Street, Lanmadaw, Yangon | 14/MAAHPA(N)146950<br>6/MAAHYA(N)087195<br>6/MAAHYA(N)084272 |
| ၈ | ASPEN INTER–NATIONAL CO.,LTD. | U Tun Wai<br>U Yan Nyein | Myo Thit Street 1, Building No. 39, Room No. 6(B), Kyauk–Myaung East Ward, Tamwe Township, Yangon Set–Hmu Zone Lane 1, No.87,90,91 NGA/11 Ward, Thar–Du–Kan, Shwepyithar Township, Yangon | 9/MANALA(N)049154<br>7/THAWATA(N)010311 |
| ၉ | ASPIRE TRADING COMPANY LIMITED. | U Thi Ha Kyaw | Seikkantha Street, 3 A Merchant road, No. 512, Thayapi Condo, Pansodan, Yangon | 13/NAKHANA(N)046116 |
| ၁၀ | AUNG KHANT MYAT COMPANY LIMITED. | U Aung Zaw Lin<br>U San Lin Aung<br>Daw Pa Pa Khine | No.(367), Thiri Street, (3) Ward, Dagon Myo Thit(Eastern) Township, Yangon | 14/MAAHPA(N)193962<br>12/DAGAYA(N)018784<br>– |
| ၁၁ | AUNG NAY LIN HTUN CO., LTD | U Aung Ko Latt<br>Daw Lay Lay Myint<br>U Ngwe Tun | 168/1, Myin Thar 10$^{th}$ Street, 14/1 Quarter, South Oakkalapa Township, Yangon | 12/TAMANA(N)002893<br>12/THAMANA(N)002894<br>12/OUKATA(N)000677 |
| ၁၂ | AUSTINPLY MYANMAR PRIVATE LTD. | JAI PRAKASH BHARTIA<br>SIDDHARTH AGARWAL<br>SURENDRA KUMAR AGARWAL<br>TANU MERH DHAR @ TANU MERH | Thukhitar Street, No. (60,61,62,69,70 &71), Dagon seikkan Industrial Zone(2), Dagon Seikkan Township, Yangon | Z2616001<br>R4393184<br>Z3375615<br>E5364936H |
| ၁၃ | AYE THUKHA COMPANY LIMITED. | Daw Khin Moe Moe Aye<br>Daw Khin Thidar Moe | Gandamar Street, No. 21 (A), 4$^{th}$ Floor, Sanchaung Township, Yangon | 11/TAKANA(N)074692<br>11/TAKANA(N)081060 |
| ၁၄ | B B HEIN COMPANY LIMITED. | Daw Phyo Thandar Aye | South Dagon Industrial Zone(2), Pyidaungsu Street, Room (001/101) Block B, Myanmar Ahla Housing, (64) Ward, South Dagon Township, Yangon | 14/MAMANA(N)202786 |
| ၁၅ | BAMBOO SHADE FAMILY COMPANY LIMITED. | Daw Than Kyi | Htar Nar Street, No (60+65), Between of (73 x 75) Street, Zamyinzwe Ward, (Gagyi–60) Pyi Gyi Tagon Township, Mandalay | 12/LAMANA(N)009419 |
| ၁၆ | BANSAL OVERSEAS LIMITED. | Mr. VIRENDER KUMAR<br>Mr. VINEET KYMAR JAIN | Plot No. 45/46, Myay Tiaing Block, Industrial Zone 3, Hlain Thar Yar Township, Yangon | K3360555<br>N8717990 |
| ၁၇ | BHONE MYAT HAN COMPANY LIMITED. | U Yi Kyaw | No. 346, Ward 136, Han Lin Street, East Dagon Township, Yangon | 13/NAHSANA(N)011273 |
| ၁၈ | BIOPRO (MYANMAR) COMPANY LIMITED | U AUNG KHIN SINT<br>U KYI PHWA AUNG<br>Daw NI NI KHIN<br>U SOE MYINT<br>Daw WIN HTET HTET SOE MYINT | WATT KYAUNG STREET, NO.35 WARD NO.2, BOTATAUNG TOWNSHIP, YANGON REGION | 12/BATAHTA(N)035937<br>12/BATAHTA(N)047528<br>12/BATAHTA(N)004588<br>12/BATAHTA(N)027910<br>12/BATAHTA(N)039984 |
| ၁၉ | BLUE STAR INTERNATIONAL SEAFOOD CO., LTD | U Maung Kyar Yaw | No.19, Thu Kha Street, Kyan Khin Su Mingalardon Township, Yangon | 13/LAYANA(N)168226 |

စာမျက်နှာ ၁၉ သို့

စာမျက်နှာ ၁၈ မှအဆက်

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာ အဖွဲ့ဝင်အမည် | ကုမ္ပဏီလိပ်စာ | နိုင်ငံသားစိစစ်ရေး ကတ်မှတ် |
|---|---|---|---|---|
| ၂၀ | C & P COMPANY LIMITED. | Mr. CHALOR CHANVROJ<br>U Saw Thura Kyaw<br>U Kyaw Kyaw Htoo | Kyauk Lone Gyi Livestock Zone (3) Street, No(4) Quarter, Myawaddy Township, Kayin State | AA4778812<br>3/MAWATA(N)054075<br>3/MAWATA(N)079591 |
| ၂၁ | CENTURYPLY MYANMAR PRIVATE LIMITED. | Mr. GAURAV SATNALIWALA<br>Mr. DANIEL PASCAL RUNSER | Padauk Yeik Nyein Road, 1/13(4th) Floor, Mayangone, Yangon | Z4913321<br>X7174183 |
| ၂၂ | CHENGFANG COMPANY LIMITED. | Daw Aye Aye War<br>Daw Htike Htike San | Air Prot Yeik Thar (1st) Street, No. (16/E) Saw Bwar Gyi Gone Quarter, Insein Township, Yangon | 12/TATANA(N)237615<br>12/TATANA(N)253248 |
| ၂၃ | CHERRY POWER COMPANY LIMITED. | U Aung Thein<br>Daw Soe Soe Khine | Ngu War Street, No. (97), Htar Nar Quarter, Ahlone Township, Yangon | 12/AHLANA(N)037487<br>12/AHLANA(N)028721 |
| ၂၄ | CHINA INTERNATIONAL FORESTRY GROUP CORP LTD | U Chit Ko Ko | Room 2, Building E, 21 ST Floor, Pearl Condo, Bahan Township, Yangon | 7/WAMANA(N)144672 |
| ၂၅ | CHIT LINN MYAING TOYOTA COMAPNY LIMITED. | U Htike Maung<br>Daw Nan Hnin Nandar Aye<br>U San Myint<br>U Saw Chit Chit<br>U Saw Htoo EH Moo<br>U Saw Minn Minn Oo | Bogyoke Street, No (47), (9) Quarter, HPAAN Township, Kayin State | 3/BAAHNA(N)188030<br>3/BAABNA(N)323011<br>3/LABANA(N)069004<br>3/BAAHNA(N)323010<br>3/LABANA(N)113146<br>3/BAAHNA(N)259667 |
| ၂၆ | CHIT THAE TONE FAMILY COMPANY LIMITED. | Daw Khaing May Mi Naing<br>Daw May Thu<br>U Nyi Nyi Naing<br>U Soe Nyi Zin | (105), Shwe Naung Bin Street, Mine Yu Village, Muse Township, Shan State | 13/KAMANA(N)133348<br>13/KAMANA(N)092143<br>13/KAMANA(N)082659<br>13/KAMANA(N)120398 |
| ၂၇ | CLAYCRETE MYANMAR COMPANY LIMITED. | Mr. Kim Won Chul<br>U Ye Lin Ko Ko<br>Mr. Yoon Kilro | Zarga (22) Street, No(622/A), (3) Floor, (4) Quarter, South Okkalapa Township, Yangon | M23816058<br>14/HATHATA(N)043067<br>M84021361 |
| ၂၈ | COCOGUY INTERNATIONAL COMPANY LIMITED. | Mr. Ho Kwong Kee<br>Mr. Ho Cheuk Yan<br>Mr. Ho Ka Wing | Mingalar Street, No. 707, 12 Wards, South Okkalapa Township, Yangon | K02006540<br>KJ0133200<br>KJ0275900 |
| ၂၉ | DA QIAN WOODS PRODUCTION COMPANY LIMITED. | U Yan Naing<br>Mr. Zheng Yongqiang | No. 19/B, O.S.S. Tu Myaung Ywar Ma, Tu Myaung Village Group, Ye Township, Mon State | 13/TAYANA(N)057846<br>E24470787 |
| ၃၀ | DANA SUYAR COMPANY LIMITED. | U Hla Win | No.97, Padauk (2) Street, (1) Ward, Hlaingtharyar Township, Yangon | 7/MALANA(N)090651 |
| ၃၁ | DAWNA ALIN COMPANY LIMITED. | U Saw Thike Tun Aung<br>U Aung Thura Min | Tatanku Quint, ASIA Highway, No(145), Kawkareik Township, Kayin State Room (002), Building No (3), Ground Floor, Mahar Bandula Housing, South Dagon Township, Yangon | 3/MAWATA(N)056189<br>10/THAHTANA(N)158459 |
| ၃၂ | DE'' LUXURY PAINT IMPORT EXPORT COMPANY LIMITED. | Mr. An Kimkong | Hnin Si Street, No. (87), Thuwana VIP(3), Thingangyun Township, Yangon | N00461644 |
| ၃၃ | DECEMBER MOE COMPANY LIMITED. | Daw Win Pa Pa Kyaw<br>U Aung Kyaw Moe | Sal Myaung Kyaung Street, Oak Thar Myothit Ward, Bago Township, Bago | 1/MANYANA(N)155514<br>9/MAHTALA(N)221936 |
| ၃၄ | DRAGON KIND INTERNATIONAL TRADING COMPANY LIMITED. | Daw Chin Zar Chi Kyaw | Thant Sin Street, 21 A, Aung Thu Kha Ward, Thanlyin Township, Yangon | 13/KALANA(N)094371 |
| ၃၅ | ENVIRO A ONE INDUSTRIAL COMPANY LIMITED. | Mr. Mohamad Ismail Bin Ibrahim<br>Mr. Sim Kwang Wee<br>Mr. Soh Chin Lian<br>Mrs. Eliza Yukiko Wong<br>Mrs. Liu Young Qing, Renee @ Thida | 4 Than Chet Wun U My Road, East Dagon Industrial Zone, East Dagon Township, Yangon | E5607125A<br>E6767093L<br>E4731040E<br>E4648061K<br>E5449339F |
| ၃၆ | EU-TREND INTERNATIONAL COMPANY LIMITED | Daw Nant Mee Nge<br>Daw Nyein Su Thwe | No. 206/207, Kanaung Min Thar Gyi Street, Shwe Pauk Kan Industrial Zone, North Okkalapa Township, Yangon | 14/MAMANA(N)292279<br>12/TAGAKA(N)192552 |
| ၃၇ | EVER RICH MOUNTAIN CO.,LTD. | Daw Ni Ni Win | Kabaraye Pagoda Road, No. 22C, Bahan Township, Yangon | 14/BAKALA(N)185122 |
| ၃၈ | FARMER ROAST (MYANMAR) CO., LTD | Daw Cho Mar Aung<br>U Shwe | Chaung Saut Myaing-Ywarngan Township, Shan State Seik Ta Thu Kha Street, No.(8), (7) Quarter, Hlaing Township, Yangon | 13/NGAYANA(N)103255<br>13/NGAYANA(N)034106 |
| ၃၉ | FAST PACES COMPANY LIMITED. | Daw Wint Thandar Moe<br>U Yel Zar Htike | No.(797), Thirizayar Street, (5)Quarter, Hlaing Tharyar Township, Yangon | 12/AHSANA(N)214826<br>14/AHGAPA(N)171635 |
| ၄၀ | FATEMA TRADING COMPANY LIMITED. | U Mohammed Raffi<br>Daw Aisha Bi | No.(307), (7) Floor, 41 & 42 Maharbandula Street, Botahtaung Township, Yangon | KTDA-009106<br>12/KATATA(N)020854 |
| ၄၁ | FUKUYAMA COMPANY LIMITED. | U Kyaw Win Tun<br>Daw Kyawt K Khaing | No.(111), Layhtaungkan Road, Tamwe Lay Quarter, Tamwe Township, Yangon | 12/TAMANA(N)003254<br>12/OUKATA(N)161445 |
| ၄၂ | FULLTEX COMPANY LIMITED. | Mr. Lam Lap Tin<br>Mr. Shiu Chi Fai<br>Mrs. Yick Lai Sing Annie<br>Daw Tin Oo Hlaing | Hpa-An, Hlaing Bwe Road, Plot No. (4, 5,27,40), Block No. (1098/KA), Hpa-An Industrial Zone(1), Hpa-An Township, Kayin State | HJ2092685<br>KO4543278<br>KO3215056<br>7/PATATA(N)053427 |
| ၄၃ | GALAXY-7 TRADING COMPANY LIMITED. | Daw Ei Zar Phyo<br>Daw Su Su Mar<br>U Pramod Kumar<br>U Tin Maung Lwin<br>U Win Aung | U Phay Thin Street, No.8, (KHA) Ward, Thingangyun Township, Yangon | 8/PAKHAKA(N)274476<br>12/THAGAKA(PYU)003335<br>7/PHAMANA(N)174918<br>9/PAMANA(N)014629<br>7/TANGANA(N)092749 |
| ၄၄ | G-COS LIMITED. | Daw Moe Moe Myint<br>U Ko Ko Aung | Shwe Hinthar 1ST Street, No. (1343/A), (20) Ward, Dagon Myothit (South) Township, Yangon | 12/MAGATA(N)094025<br>12/DAGAYA(PYU)000491 |

(ဆက်လက်ဖော်ပြပါမည်)

## အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)မှ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအစီအစဉ်ဖြင့် အချိန်ပိုင်းအနုပညာဒီပလိုမာသင်တန်းများ ဖွင့်လှစ်မည်

**ရန်ကုန် ဇွန် ၃၀**

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအစီအစဉ်ဖြင့် အချိန်ပိုင်းအနုပညာဒီပလိုမာသင်တန်း (ဂီတ၊ သဘင်၊ ပန်းချီပန်းပု၊ ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှု)များကို ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများအနေဖြင့် လျှောက်လွှာပုံစံများကို သင်တန်းရေးရာဌာနတွင် ဇွန် ၃၀ ရက် (တနင်္လာနေ့)မှ ဇူလိုင် ၁၀ ရက်(ကြာသပတေးနေ့)ထိ ရုံးချိန်အတွင်း ရယူလျှောက်ထားနိုင်သည်။

ဇူလိုင် ၁၁ ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် စွယ်တော်ဆောင်၌ ဝင်ခွင့်လူတွေ့စစ်ဆေးမည်ဖြစ်ပြီး ဇူလိုင် ၁၃ ရက် (တနင်္ဂနွေနေ့)တွင် ဝင်ခွင့်အောင်မြင်သူများ စာရင်းထုတ်ပြန်မည်ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်) သင်တန်းရေးရာဌာနသို့ ရုံးချိန်အတွင်း ၀၉-၄၂၁၀၁၂၈၀၈၊ ၀၉၇၈၈၁၈၉၁၈၀၊ ၀၉၂၅၀၀၈၈၂၆၈ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

☆ **ကျောဖုံးမှအဆက်**

ISPE အသင်းနှင့် ရခိုင်ယူနိုက်တက် အသင်းတို့ကစားခဲ့ရာ ISPE အသင်းက ငါးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး သွင်းဂိုးများကို ပွဲချိန် ၃ မိနစ်၊ ၈၅ မိနစ်နှင့် ၈၇ မိနစ်တို့တွင် မာတီးနို၊ ပွဲချိန် မိနစ် ၅၀ တွင် စောအောင်မျိုးဦး၊ ပွဲချိန် မိနစ် ၇၀ တွင် နေဒွန်းတို့က သွင်းယူပေးနိုင်ခဲ့ပြီး ရခိုင်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ၁၆ မိနစ်တွင် ဖူးဖူးအောင်တို့က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ဗဟန်း လေ့ကျင့်ရေးကွင်းတွင် ဒဂုံစတားအသင်း နှင့် Junior Lions အသင်းတို့ ကစားခဲ့ရာ Junior Lions အသင်းက ခြောက်ဂိုး ဂိုးမရှိ ဖြင့် အနိုင်ရရှိခဲ့ပြီး Junior Lions အသင်း အတွက် သွင်းဂိုးများကို ပွဲချိန် ၁၃ မိနစ်၊ ၂၃ မိနစ်နှင့် ၂၅ မိနစ်တွင် သော်ဇင်ကို၊ ပွဲချိန် ၂၇ မိနစ်တွင် ကျော်ညီညီ၊ ပွဲချိန် ၆၆ မိနစ်တွင် ကျော်သီဟ၊ ပွဲချိန် ၈၉ မိနစ်တွင် ခန့်ဝင်းအောင်တို့က သွင်းယူပေးနိုင်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၁၁)ပွဲစဉ်များအဖြစ် ဇူလိုင် ၁ ရက် ညနေ ၃ နာရီခွဲတွင် ပဒုမ္မာအားကစား ကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်း နှင့် ရာမညယူနိုက်တက်အသင်း၊ ညနေ ၃ နာရီခွဲတွင် ဗဟန်းလေ့ကျင့်ရေးကွင်းတွင် မဟာယူနိုက်တက်အသင်းနှင့် Falcon အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွား မည်ဖြစ်ကြောင်း သိရသည်။ **STA**

## ၂၀၂၅ ခုနှစ် ဇွန် ၃၀ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၈၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်း ခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"အမျိုးသမီး ခြောက်ဦးအပေါ် အကြောင်းမဲ့ရက်ရက်စက်စက် နှိပ်စက်ခဲ့ကြတဲ့ ပခုက္ကူမှ ပြည်သူ့ကာကွယ်ရေးဆိုတဲ့ အကြမ်းဖက် PDF အဖွဲ့"** ခေါင်းစဉ်ဖြင့် ၂-၇-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"သစ္စာရှိလက်နက်မဲ့ Non CDM ဝန်ထမ်းတွေကို ခြိမ်းခြောက်သတ်ဖြတ်နေတဲ့ ဝရမ်းပြေး နိုင်ငံမဲ့ NUG၊ CRPHနဲ့ အကြမ်းဖက် PDF အဖွဲ့"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ထူးခြားသည့် နေ့အပူချိန်များ

(၃၀- ၆ -၂၀၂၅)

| | | | | |
|---|---|---|---|---|
| ချောက် | ၃၇ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ရေဦး | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်လေးပင် | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူ | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## အစိုးရမဟာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ ဖြေဆိုတော်မူကြသည့် သံဃာတော်များနှင့် စာမေးပွဲစာစစ်မည့် စာစစ်သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်နေမှုကို ရန်ကုန်တပ်နယ်မှတာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

နေပြည်တော် ဇွန် ၃၀

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမ၌ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ ဖြေဆိုတော်မူကြသည့် သံဃာတော်များနှင့် စာမေးပွဲစာစစ်မည့် စာစစ်သံဃာတော်များအား ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၂၂၉ ပါးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို ရန်ကုန်တပ်နယ်မှတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် ဇွန် ၃၀

ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း ဒိုင်းဆုရရှိသည့်အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ပြုလုပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပွဲစဉ်အလိုက် အကောင်းဆုံးတစ်ဦးချင်းဆု၊ ပွဲစဉ်အလိုက် အကောင်းဆုံး အသင်းလိုက်ဆု၊ ဒိုင်းဆုရရှိသောအသင်းနှင့် ဒိုင်အဖွဲ့ဝင်များအတွက် ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ဇွန် ၂၅ ရက်မှ ယနေ့ထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ဒိုင်းဆုရရှိသည့်အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဇွန် ၃၀

အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ ညနေပိုင်းတွင် ဟိုပုံးမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ် ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ပြုလုပ်ရာ တာဝန်ရှိသူများက ဆုရရှိသူများ၊ ဒိုင်းဆုရရှိသောအသင်းနှင့် ဒိုင်အဖွဲ့ဝင်များအား ဂုဏ်ပြုဆုနှင့် ဒိုင်းဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် ဇွန် ၂၃ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**




**ပို့ကုန် နှစ်ဆ တိုးမြှင့်ကြ**

## တရားမအထူးအယူခံမှု ငါးမှုစီရင်ချက်ချမှတ်ပြီး ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု လေးမှုတို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် ဇွန် ၃၀

ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးမောင်၊ ဦးသောင်းနိုင်၊ ဒေါ်သင်းသင်းနွဲ့၊ ဒေါ်ပြုံးပြုံးအေး တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသီရိ ခရိုင်တရားရုံး ရုံးခန်းအမှတ် (၁)၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၇၈/၂၀၂၄ (မန္တလေး)၊ ၇/၂၀၂၅ (ရှမ်း)၊ ၉/၂၀၂၅ (ဧရာဝတီ)၊ ၁၀/၂၀၂၅ (ပဲခူး) နှင့် ၁၁/၂၀၂၅ (ရှမ်း) စုစုပေါင်း တရားမအထူးအယူခံမှု ငါးမှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှုအမှတ် ၃/၂၀၂၅ (မန္တလေး)နှင့် တရားမအထူးအယူခံမှု အမှတ် ၄/၂၀၂၅(ရန်ကုန်)၊ ၇၆/၂၀၂၄(မန္တလေး)၊ ၁၄/၂၀၂၅(ရန်ကုန်) နှင့် ၁၅/၂၀၂၅(ရှမ်း) စုစုပေါင်း ရာဇဝတ် အထူးအယူခံမှု တစ်မှုနှင့် တရားမ အထူးအယူခံမှု လေးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)ကို ခေတ္တပိတ်ထားမည်

၇၈ နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အထူးပြပွဲခင်းကျင်းပြသရန် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ကို ဇွန် ၁၇ ရက်မှ ဇူလိုင် ၁၈ ရက်ထိ ခေတ္တပိတ်ထားမည်ဖြစ်ပါကြောင်း မေတ္တာရပ်ခံအသိပေးအပ်ပါသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ကလေးငယ်များအပါအဝင် အပြစ်မဲ့အရပ်သားပြည်သူ သုံးဦးသေဆုံး၍ ၂၅ ဦး ထိခိုက်ဒဏ်ရာရရှိ







ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ကလေးငယ်များအပါအဝင် အပြစ်မဲ့အရပ်သားပြည်သူ သုံးဦးသေဆုံး၍ ၂၅ ဦး ထိခိုက်ဒဏ်ရာရရှိမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဇွန် ၃၀**

အကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူများ ထိခိုက်ဒဏ်ရာရရှိစေရန်၊ သေကျေပျက်စီးစေရန်နှင့် အကြောက်တရားများ လွှမ်းမိုးစေရန် ရည်ရွယ်ချက်များဖြင့် ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drone ဖြင့် Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်းများနှင့် အများပြည်သူသွားလာအသုံးပြုနေသည့် လမ်းများပေါ်၌ မိုင်းထောင်ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းများကို ဆင်ခြင်တုံတရားကင်းမဲ့စွာ ပြုလုပ်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဇွန် ၂၉ ရက် နံနက် ၅ နာရီ မိနစ် ၂၀ ခန့်တွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဝဲကြီး(တောင်) ကျေးရွာသို့ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး သောင်ပုကျေးရွာဘက်သို့ ပြန်လည်ဆုတ်ခွာသွားကြောင်း သိရသည်။

အဆိုပါ ပစ်ခတ်တိုက်ခိုက်ခဲ့မှုဖြစ်စဉ်အတွင်း ဝဲကြီး(တောင်)ကျေးရွာနေသူများဖြစ်ကြသည့် မောင်ဖွဲ့ပြည့် ခုနစ်နှစ်၊ ဒေါ်ခင်အေးစု ၅၆ နှစ်နှင့် ဒေါ်သီတာဦး ၃၅ နှစ်တို့ သုံးဦးတွင် ဖုံးသီးပေါက်ကွဲစထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး ကိုသော်တာဦး ၂၂ နှစ်၊ ဒေါ်ခင်ရွှေ ၇၀ နှစ်၊ ဦးဆန်းဝင်း ၅၆ နှစ်၊ မောင်မျိုးမင်းဆက် ၂၄ နှစ်၊ မောင်ဉာဏ်လင်းထက် ၂၂ နှစ်၊ မောင်ပြည့်စုံ ၁၈ နှစ်၊ ဦးတင်ဝင်းထွန်း ၄၄ နှစ်၊ ဦးမျိုးမင်းထွန်း ၃၇ နှစ်၊ မောင်ကောင်းခန့်သော် ရှစ်နှစ်၊ ဒေါ်စံပယ် ၄၃ နှစ်၊ မောင်ခန့်(ခ)ခန့်ညား ၁၇ နှစ်၊ မောင်ဘုန်းခန့်သော် ခုနစ်လ၊ မောင်ကံထူးဝေ ရှစ်လ၊ မောင်စုမြတ်သူ ၁၂ နှစ်၊ မစုမြတ်မွန် ၁၀ နှစ်၊ မသွယ်သွယ်စိုး ရှစ်နှစ်၊ မရွှေဇင်ဦး ၂၆ နှစ်၊ မတွယ်တာဦး ၂၀နှစ်၊ ဒေါ်ဝါဝါမြင့် ၄၉ နှစ်၊ ဒေါ်စုနွေဇင် ၃၈ နှစ်၊ ဒေါ်ဇာ ၃၄ နှစ်၊ ဒေါ်ချို ၆၀ နှစ်၊ ဝဲကြီး(မြောက်)ကျေးရွာနေသူများဖြစ်ကြသည့် ဦးဝင်းညွန့် ၅၆ နှစ်၊ ဒေါ်ခင်ငွေး ၇၃ နှစ်နှင့် ဝဲဒေါင့်ကျေးရွာနေ ဦးနိုင်ထွန်း ၄၆ နှစ်တို့ ၂၅ ဦးတွင် ဖုံးသီးပေါက်ကွဲစထိမှန်ဒဏ်ရာ၊ ကျည်ထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့၍ သေဆုံး၊ ဒဏ်ရာရရှိသူများကို ဖြူးမြို့နယ် ပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ လိုအပ်သည့်ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့အရပ်သားပြည်သူများ နေထိုင်ရာ ကျေးရွာသို့ တိုက်ပွဲများဖော်ဆောင်၍ ပစ်ခတ်တိုက်ခိုက်မှုများလုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်လိုသည့် တာဝန်သိပြည်သူများနှင့်ပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၃၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၂၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Thelzar Khine” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက်နေ သဲဇာခိုင်အား နံနက် ၁၁ နာရီ ၅၅ မိနစ်တွင် ရွှေပေါက်ကံနယ်မြေရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်ဖြင့် ရိုးရှင်းလွယ်ကူစွာ လိုက်နာနိုင်သော နည်းလမ်းများ

မြန်မာနိုင်ငံသည် အရှည် ၂၈၃၂ ကီလိုမီတာ ရှည်လျားသည့်ကမ်းရိုးတန်း မြစ်ကြီး လေးစင်း၊ ချောင်းများ၊ အင်းအိုင်များ ပေါများစွာတည်ရှိပြီး သန့်ရှင်းသည့် ရေချို၊ ရေငန်အရင်းအမြစ်ပေါများစွာ ရှိနေသည်။ ထို့ကြောင့် ရေချို၊ ရေငန်ငါး၊ ပုစွန်၊ ကဏန်း၊ ကဏန်းပျော့၊ ကင်းမွန်၊ ကျောက်ငါး၊ ကျောက်ပုစွန်စသည့် ဈေးကွက်ဝင်သည့် ရေထွက်ကုန်များထွက်ရှိသည်ကိုလည်း တွေ့ရမည်ဖြစ်သည်။ ဒေသအလိုက် ဖမ်းဆီးရေးမှရရှိသည့် ရေထွက်ကုန်များ၊ မွေးမြူရေးမှရရှိသည့် ရေထွက်ကုန်များနှင့် အသင့်စားရေထွက်ကုန်များကို နှစ်စဉ်တိုးတက်ထုတ်လုပ်လျက်ရှိသည်။

အထူးသဖြင့် ရေသတ္တဝါမွေးမြူရေးလုပ်ငန်းများတွင် ငါး၊ ပုစွန်၊ ကဏန်းမွေးမြူရေး လုပ်ငန်းများ တိုးတက်ထုတ်လုပ်လျက်ရှိရာ တိုင်းဒေသကြီး ပြည်နယ်များတွင် ၂၀၂၄-၂၀၂၅ ခုနှစ်ထိ အမှန်ထုတ်လုပ်လျက်ရှိသည့်ဧကများမှာ ၄၇၁၁၉၅ ဒသမ ၂၀၁ ဧကရှိပြီး မွေးမြူရေး ငါး၊ ပုစွန်ထုတ်လုပ်မှုအနေဖြင့် ၂၀၂၄ ခုနှစ် ဧပြီလမှစက်တင်ဘာလထိ ပိဿာထောင်ပေါင်း ၃၁၅၁၉၀ ထုတ်လုပ်ခဲ့သည်။ ပြည်ပတင်ပို့မှုအနေဖြင့် ၅၁၀၉၁ ဒသမ ၀၀၄ မက်ထရစ်တန် တင်ပို့၍ နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ ၆၈ ဒသမ ၄၉၃ သန်းရရှိခဲ့ပါသည်။

မြန်မာနိုင်ငံရှိ ငါးမွေးမြူသူအများစုမှာ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်နည်းစနစ်သည် ခက်ခဲသော နည်းလမ်းဖြစ်သည်ဟု ထင်မှတ်မှားနေခြင်း၊ ငွေကုန်ကြေးကျများသည်ဟု ထင်မှတ်နေကြခြင်း၊ ထွက်ရှိလာသည့်ထုတ်ကုန်များကို ဈေးနှုန်းပိုမိုရောင်းချ၍မရခြင်း၊ အချို့တစ်ပိုင်တစ်နိုင်မွေးမြူသူများသည် ငါးလုပ်ငန်းဦးစီးဌာနနှင့် ဆက်သွယ်ရန် စိုးရွံ့နေခြင်း၊ အသိအမှတ်ပြုလျှောက်ထား၍ လာရောက်စစ်ဆေးပါက မလိုလားအပ်သော ပြဿနာ (မြေယာနှင့်အခြားလိုင်စင်ကိစ္စများ) ပေါ်ပေါက်မည်ကို စိုးရွံ့ကြခြင်းများရှိသည်။

ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်ကို အကျယ်တဝင့်သိရှိရန် ရေသတ္တဝါမွေးမြူရေးလုပ်ငန်းများကို စီမံခန့်ခွဲဆောင်ရွက်လျက်ရှိသည့် ငါးလုပ်ငန်းဦးစီးဌာနမှလည်း ငါးမွေးသူများသိရှိလိုက်နာဆောင်ရွက်နိုင်ရန်အသိပညာပေး ပိုစတာစိုက်ထူခြင်း၊ သင်တန်းပို့ချခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတကာသို့တင်ပို့သည့် ရေထွက်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းရန်လိုအပ်သလို မိမိနိုင်ငံတွင်စားသုံးသည့် ပြည်သူများသည်လည်း ရေထွက်ကုန်များ၏ အန္တရာယ်ကင်းရှင်းရန် အဓိကလိုအပ်ပါသည်။ သို့မှသာ မိမိနိုင်ငံသူနိုင်ငံသားများအနေဖြင့် ရောဂါကင်းရှင်းကျန်းမာစွာဖြင့် သက်တမ်းစေ့အသက်ရှည်ရှည် နေထိုင်နိုင်မည်ဖြစ်ပါသည်။ ဘေးအန္တရာယ်ရှိသော ထုတ်ကုန်များကိုစားသုံးမိပါက အော့အန်ခြင်း၊ ဝမ်းသွားခြင်း၊ မူးဝေခြင်း၊ ဖျားနာခြင်း၊ ကိုယ်လက် မအီမသာဖြစ်ခြင်း၊ ခေါင်းမူးခေါင်းကိုက်ခြင်းနှင့် ရေရှည်စားသုံးပါက နာတာရှည်ရောဂါများ ခံစားရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ငွေကုန်ကြေးကျမများဘဲ လွယ်ကူရိုးရှင်းသော နည်းလမ်းများဖြင့် ကောင်းမွန်သော ရေသတ္တဝါမွေးမြူခြင်းနည်းစနစ်ဖြင့် ဆောင်ရွက်နိုင်ပါသည်။

မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများတွင် လိုက်နာကျင့်သုံးလျက်ရှိမူဝါဒ လေးရပ်တွင် (၁) အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေး၊ (၂) ပတ်ဝန်းကျင် ရေရှည်တည်တံ့စေရေး၊ (၃) ငါးကျန်းမာရေး၊ (၄) ဖူလုံရေးစသည့်မူဝါဒများ ပါဝင်ပါသည်။ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့်ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်၏ အဓိကလုပ်ငန်းစဉ် ၁၁ ရပ်မှာ (၁) လုပ်ငန်းတည်နေရာ (၂) မျိုးစိတ်များ ရွေးချယ်ခြင်းနှင့် ထိန်းသိမ်းမွေးမြူခြင်း၊ (၃) သန့်ရှင်းကျန်းမာခြင်းနှင့် ရောဂါပိုးမွှားကင်းစင်ခြင်း၊ (၄) ရေသုံးစွဲမှုနှင့်စီမံခန့်ခွဲမှု၊ (၅) ငါးစာစီမံခန့်ခွဲမှု၊ (၆) ကျန်းမာရေးစောင့်ရှောက်မှုနှင့် ရောဂါစီမံခန့်ခွဲမှု၊ (၇) ဓာတုပစ္စည်းများနှင့် တိရစ္ဆာန်သုံးမွေးမြူရေးဆိုင်ရာဆေးဝါးများ စီမံခန့်ခွဲမှု၊ (၈) မွေးကန်ဖော်ခြင်းနှင့် မွေးကန်ဖော်ပြီးသည့်နောက်ပိုင်းစီမံခန့်ခွဲမှု၊ (၉) အလုပ်သမားများနှင့် လူမှုအသိုင်းအဝိုင်း၊ (၁၀) ရာသီဥတုပြောင်းလဲမှုနှင့် ပြင်းထန်သော မိုးလေဝသအခြေအနေများ၊ (၁၁) ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲမှုစသည့်အချက် ၁၁ ချက် ပါဝင်ပြီး WHO မှ ချမှတ်ထားသောလုပ်ငန်းစဉ်များနှင့် တူညီကြောင်းတွေ့ရှိရမည်ဖြစ်ပါသည်။



ရေသတ္တဝါများကို ရိုးရှင်းသောမွေးမြူရေးကျင့်စဉ်ဖြင့် မွေးမြူပုံကိုတွေ့ရစဉ်။

ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်ဖြင့်ဆောင်ရွက်နိုင်ရန် WHO မှ ထုတ်ပြန်ထားသည့် အများပြည်သူကျန်းမာရေးကာကွယ်ရန်မွေးမြူရေး ရေထွက်ကုန်များအစားအစာဘေးအန္တရာယ်ကင်းရေးလိုက်နာရမည့်အရေးကြီးသောအခြေခံကျသည့် အချက် ငါး ချက်သည် မွေးမြူရေးလုပ်ကိုင်သူတိုင်း လွယ်လင့်တကူလိုက်နာဆောင်ရွက်နိုင်ပြီး ငွေကြေးကုန်ကျမှုနည်းပါးသည့် နည်းလမ်းဖြစ်ပါသည်။

**(၁) ပြည်သူတစ်ဦးချင်း ကောင်းမွန်သော တစ်ကိုယ်ရည် ကျန်းမာသန့်ရှင်းရေးကျင့်စဉ်များ လိုက်နာကျင့်သုံးခြင်း**

အပေါ့၊ အလေးများသွားရန် ယင်လုံအိမ်သာများ အသုံးပြုရာ အိမ်သာမှဆင်းပြီး၊ ကလေး၏အညစ်အကြေးများ၊ တိရစ္ဆာန်များထိတွေ့ကိုင်တွယ်ပြီးနောက် လက်အားသေချာစွာဆပ်ပြာဖြင့် ဆေးကြောပြီး ခြောက်သွေ့အောင်လက်ကိုင်ပဝါဖြင့် သန့်စင်ရန်၊ ငါးကန်အနီးတွင် အလုပ်လုပ်ကိုင်သောအခါ ဒဏ်ရာအနာတရများရှိပါက သေချာစွာ ဖုံးထားရန်၊ မွေးမြူထားသော ငါးများဖမ်းဆီးခြင်းနှင့် ငါးမွေးကန်အနီးတစ်ဝိုက် အလုပ်လုပ်ကိုင်ပြီးနောက် အဝတ်အစားများလဲလှယ်ပြီး လက်ကိုသေချာစွာဆေးကြောရန်တို့ ပါရှိပါသည်။

**(၂) ငါးမွေးကန်နေရာပတ်ဝန်းကျင်ကို သန့်ရှင်းရေးလုပ်ဆောင်ခြင်း**

ကြက်၊ ဘဲ၊ ဝက်၊ နွားစသည့် မွေးမြူရေးတိရစ္ဆာန်များနှင့်အိမ်သာများကို ငါးမွေးမြူကန်များနှင့်ဝေးကွာသည့်နေရာ၌ထားရှိရန်။ သတ္တုဓာပစ္စည်းများ၊ အခြားသောငါးမွေးမြူရေးသုံး ဓာတုဆေးဝါးများနှင့် ဘေးအန္တရာယ်ရှိသော အဏုဇီဝပိုးမွှားများနှင့် ထိတွေ့ညစ်ညမ်းစေရန်အခွင့်သာမှု အနိမ့်ဆုံးဖြစ်စေနိုင်သည့်နေရာများကို ငါးမွေးမြူကန်တည်ဆောက်မည့်နေရာရွေးချယ်ရန်။ ငါးမွေးကန်အနီးတစ်ဝိုက်တွင် မသုံးတော့သည့်စက်ပစ္စည်းကိရိယာအဟောင်းများ၊ အမှိုက်သရိုက်နှင့်ဓာတုပစ္စည်းများထည့်သည့် ပုံးများ၊ ပေါင်းပင်၊ မြက်ပင်များကို ဖယ်ရှားသန့်ရှင်းရန်။ ငါးမွေးမြူကန်သို့ အခြားသော မွေးမြူရေးတိရစ္ဆာန်များဖြစ်သည့် ကြက်၊ ဝက်၊ ဘဲ၊ ဆိတ်၊ ကျွဲ၊ နွားများ မလာရောက်နိုင်ရန် ကာကွယ်သည့်အနေဖြင့် သီးခြားနေရာတစ်ခုတွင် ထိန်းသိမ်းထားရှိမွေးမြူရန်။

လူများနှင့်တိရစ္ဆာန်များ၏ မစင်အညစ်အကြေးများရှိ ဘေးအန္တရာယ်ရှိသော အဏုဇီဝပိုးမွှားများသည်မြေကြီး၊ ရေနေသတ္တဝါများနှင့် ငါးများကိုလည်း ထိတွေ့ညစ်ညမ်းစေနိုင်ပါသည်။ မြေကြီးထဲရှိသော သတ္တုဓာပစ္စည်းများနှင့်အခြားသော ဓာတုပစ္စည်းများသည် မွေးမြူထားသောငါးများ သို့မဟုတ် ၎င်းငါးများကို စားသုံးသည့်လူများကို မကျန်းမာခြင်းဖြစ်စေနိုင်ခြင်းတို့ကြောင့် အထက်ပါအချက်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ညစ်ညမ်းမှုမှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။

**(၃) ရေအရည်အသွေးကောင်းမွန်စေရန် ပြုပြင်စီမံခြင်း**

သတ္တုဓာပစ္စည်းများ၊ အခြားသောဓာတု ပစ္စည်းများနှင့်ဘေးအန္တရာယ်ရှိသောအဏုဇီဝပိုးမွှားများနှင့် ထိတွေ့ညစ်ညမ်းမှုမဖြစ်စေရန်အတွက် ညစ်ညမ်းမှုအနည်းဆုံးဖြစ်စေနိုင်သော ရေအရင်းအမြစ်ရရှိနိုင်မည့်နေရာကိုရွေးချယ်ရန်။ ငါးမွေးမြူကန်အတွင်းသို့ အခြားလူများနှင့် တိရစ္ဆာန်များ (ငါးမွေးကန်ပေါ်မှ ဖြတ်သန်းပျံသန်းသွားနိုင်သော တိရစ္ဆာန်များနှင့် ငါးမွေးကန်အတွင်းဝင်ရောက်ကူးခတ်သွားနိုင်သော ငန်း၊ ဘဲများနှင့် အိမ်မွေးတိရစ္ဆာန်များအပါအဝင်) ဝင်ရောက်ခြင်းမှကာကွယ်ရန်။ ငါးမွေးမြူကန်နှင့်ခပ်ဝေးဝေးနေရာ၌ အိမ်မှစွန့်ပစ်ပစ္စည်းများဖြစ်သည့် အမှိုက်သရိုက်များ၊ အစားကြွင်း၊ ကျန်များနှင့်မစင်အညစ်အကြေးများကို ဖယ်ရှားရှင်းလင်းရန်။ ငါးမွေးကန်အပေါ်၌ တိရစ္ဆာန်များ ခြံခတ်မွေးမြူခြင်းကိုမပြုလုပ်ရန်။ သဘာဝဇက်များအပါအဝင် တိရစ္ဆာန်များနှင့်လူများ၏ မစင်အညစ်အကြေးများနှင့် ထုတ်လုပ်မှုလုပ်ငန်းများလုပ်ဆောင်မှုများမှ ဓာတုပစ္စည်းများနှင့် ဘေးအန္တရာယ်ရှိသော အဏုဇီဝပိုးမွှားများသည် ငါးမွေးမြူရေးတွင် အသုံးပြုသောရေကို ညစ်ညမ်းစေနိုင်ပါသည်။ အဆိုပါ ဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိစေနိုင်သော အဏုဇီဝပိုးမွှားများသည် ကန်ရေမှတစ်ဆင့် မွေးမြူထားသောငါးများကို မကျန်းမာဖြစ်စေခြင်း သို့မဟုတ် မွေးမြူထားသည့်ငါးများ၏ အသားများကို ညစ်ညမ်းစေခြင်းကြောင့်ဖြစ်ပါသည်။

**(၄) မွေးမြူထားသောငါးများ ကျန်းမာအောင် ထိန်းသိမ်းမွေးမြူခြင်း**

အသိအမှတ်ပြုလက်မှတ်ရ ရှိထားသော ငါးသားဖောက်ရုံ သို့မဟုတ် စိတ်ချယုံကြည်ရသော ငါးသားပေါက်များရောင်းချသူထံမှဝယ်ယူသည့် ကျန်းမာသန်စွမ်းသော ငါးသားပေါက်များကို သင့်တော်သော ငါးသားပေါက်ထည့်သွင်းနှုန်းဖြင့် ထည့်သွင်းမွေးမြူရန်။ အသားတိုးမွေးမြူရာ၌ သင့်တော်သော ငါးအရေအတွက်ပမာဏ ထည့်သွင်းမွေးမြူရန်။ ကျန်းမာရေးမကောင်းသောငါးများနှင့် ငါးသေများကို နေ့စဉ်ဖယ်ရှားရှင်းလင်းရန်။ ငါးကျန်းမာရေး ထိန်းသိမ်းထားရန်အတွက် အတည်ပြုခြင်းမရှိသော ဓာတုပစ္စည်းများ အသုံးပြုခြင်းကို ရှောင်ရှားရန်။ ကျန်းမာသောငါးများဖြစ်ရန် ကျန်းမာသန်စွမ်းသော ငါးသားပေါက်များ၊ သင့်တော်သော ငါးသားပေါက်အရေအတွက် ထည့်သွင်းမွေးမြူခြင်းနှင့် မွေးမြူထားသောငါးများစိတ်ဖိစီးခြင်း၊ ရောဂါကျရောက်ခြင်းမဖြစ်စေရန် စီမံခန့်ခွဲခြင်းအပါအဝင် ငါးသားပေါက်များထည့်သွင်းပြီးနောက် ကောင်းမွန်သော စီမံခန့်ခွဲမှုကျင့်စဉ်များဖြင့် ပြုစုမွေးမြူရပါမည်။ ငါးမွေးမြူကန်အတွင်းသို့ ဓာတုပစ္စည်းများထည့်သွင်းခြင်းသည်ငါးများကို ဘေးအန္တရာယ်ဖြစ်စေနိုင်ခြင်း၊ ရောဂါပြဿနာများကို ဖုံးကွယ်ထားခြင်းနှင့် ငါးစားသုံးသူများအတွက် အန္တရာယ်မကင်းသော ငါးအသားများ၌ ဘေးဖြစ်စေနိုင်သည့် ဓာတ်ကြွင်းများရှိနေမှုကို ချန်လှပ်ထားမှုများ ဖြစ်စေနိုင်ခြင်းကြောင့်ဖြစ်ပါသည်။

**(၅) မွေးမြူထားသောငါးများပြန်လည်ဖမ်းဆီးရာ၌ အသုံးပြုသော ပစ္စည်းကိရိယာများနှင့် ထည့်သွင်းသောပုံးများကိုသန့်စင်ဆေးကြောပြီး အသုံးပြုခြင်း**

ငါးများဖမ်းဆီးရာ၌ အသုံးပြုမည့်ပုံးများ၊ ခြင်းများနှင့် အသုံးအဆောင်ပစ္စည်းကိရိယာများကို သန့်စင်သောရေဖြင့်ဆေးကြောရန်။ ငါးများကို နံနက်စောစောဖမ်းဆီးပြီး အရှင် သို့မဟုတ် လျင်မြန်စွာ အေးခဲ၍ သယ်ယူပို့ဆောင်ရန်။ ဖမ်းဆီးပြီးသော ငါးများကို ဆေးကြောသန့်စင်ရာ၌ သန့်စင်သော ရေဖြင့်အသုံးပြုရန်။ လေများ စိမ့်မဝင်နိုင်သော သန့်ရှင်းသည့်အအေးပုံးများဖြင့် ဖမ်းဆီးထားသောငါးများထည့်သွင်းသိမ်းဆည်းရန်။ အထက်ပါအချက်များကို လိုက်နာဆောင်ရွက်ခြင်းသည် အစပိုင်းတွင် ခက်ခဲသည်ဟုထင်မြင်ရသော်လည်း လိုက်နာဆောင်ရွက်နေချိန်တွင် အလေ့အထဖြစ်လာပြီး ကောင်းမွန်သည့်ပတ်ဝန်းကျင်တစ်ခုနှင့် အလေ့အကျင့်ကောင်းတစ်ခုကို ရရှိနိုင်မည်ဖြစ်သကဲ့သို့ ပြည်သူလူထုအတွက်လည်း ငွေကြေးကုန်ကျမှုနည်းပြီး ဘေးကင်းလုံခြုံသည့် ငါးရိက္ခာကိုဖူလုံစွာ ရရှိနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အလွယ်တကူရိုးရှင်းလွယ်ကူသည့် နည်းလမ်းများဖြင့် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ငါးမွေးမြူသူများအနေဖြင့် ကျန်းမာသန့်ရှင်းသော ရေထွက်ကုန်ပစ္စည်းများကို တိုးချဲ့ထုတ်လုပ်နိုင်ရန် တိုက်တွန်းလိုက်ရပါသည်။

**ကိုးကား**



1. 2015 Guidelines on ASEAN Good Aquaculture Practices for Food fish.
2. WHO-2016 Five keys to safer Aquaculture products protect public health.
3. 2020 DoF and MYSAP National Good Aquaculture Practices Training Manual.


သန်းသန်းအေး (မွေးသု)

ဝတ္ထုတိုကလျာ

# အမုန်းခံမေတ္တာ

## မောင်နိုင်လင်း(ရိုးရှာ)



(၁)

"သား ထွန်းထွန်း"

"ဗျာ အမေ"

မိခင်ဖြစ်သူ၏ခေါ်သံကြောင့် ထွန်းထွန်းသည် သူ့သေတ္တာကို သော့ခတ်ကာ အိမ်ပေါ်ကဆင်းလာ၏။

"အမေ ဘာခိုင်းမလို့လဲ"

"မင်းအဖေက ဖုန်းဘောဝယ်ပေးအုံးတဲ့ ဒီမှာပိုက်ဆံ"

"လုပ်ပြီ အမေရာ ဖုန်းဘောကျတော့ ခဏခဏ ဝယ်ခိုင်းတယ် ဖုန်းကျတော့ ဝယ်မပေးဘူး"

ထိုသို့ပြောနေစဉ်ဝယ် ထွန်းထွန်းအဖေ ဦးသိန်းတန်သည် ပက်လက်ကုလားထိုင်ပေါ်တွင် ဆေးလိပ်သောက်နေ၏။

"သားက ကျောင်းနေတုန်းမို့ပါကွာ။ အဖေနောက်တော့ ဝယ်ပေးပါ့မယ်"

"ကျောင်းသားက ဖုန်းကိုင်ရင် ကျောင်းစာဘက်မှာ အားနည်းသွားမှာပေါ့"

"မဝယ်ပေးချင်လို့ အကြောင်းအမျိုးမျိုးပြပြီး ငြင်းနေတာမှန်း ကျွန်တော်သိတယ်။ ဖုန်းကို ကျောင်းယူတာမှမဟုတ်တာဘဲဗျာ။ ကောင်းကောင်းလဲ ကျောင်းနေတာပဲ။ ကျောင်းဆင်းမှဖုန်းကိုင်တာ။ အစ်မမိုးဆန်းနဲ့ ကိုမိုးအောင်က ကောင်းကောင်းကို သိပ်ချစ်တာ"

"ဖြည်းဖြည်းပေါ့ သားရာ။ နွေရာသီကျောင်းပိတ်ရင် အဖေဝယ်ပေးမယ်"

"အခုမှ စဖွင့်တာ။ ကျောင်းပိတ်ဖို့ အဝေးကြီး လိုသေးတယ် အဖေနဲ့အမေ မဝယ်ပေးရင် ကျွန်တော် ဘာသာ ပိုက်ဆံစုပြီးဝယ်မယ်"

"စု သား အဖေ အားပေးတယ်။ ချွေတာစုဆောင်းသူဌေးလောင်းတဲ့ သားပိုက်ဆံပြည့်တဲ့နေ့ လိုတဲ့ငွေ အဖေတို့ဖြည့်ပေးမယ်။ ဒါနဲ့ အဖေ သားကို အကဲခတ်ကြည့်နေတာကြာပြီ။ အားတိုင်း ဒီသေတ္တာကိုယ်ပဲ ဖွင့်လိုက်၊ ပိတ်လိုက်၊ သော့ခတ်လိုက်နဲ့ အထဲမှာ ဘာတွေရှိလို့လဲ။ မင်းအမေ ကြည့်ဖို့ပြောတာတောင် မပြဘူးဆို။ အထဲမှာ ဘာတွေရှိလို့လဲကွ"

"အဖေနဲ့အမေ့ကို ကျွန်တော်ကြိုပြောထားမယ်နော်။ ကျွန်တော် အိမ်မှာရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဒီသေတ္တာကို မဖွင့်ရဘူး။ ဖွင့်တာ သိရင် သား အဆိုးမဆိုနဲ့"

" ခြိမ်းခြောက်မှုက ကြောက်စရာကြီးပါလား သားရာ။ စိတ်ချပါ အဖေမဖွင့်ဘူး"

အဖေသည် ရယ်ရယ်မောမောနှင့်ဟာသနှောကာ ပြောပြီး အနားကထွက်သွား၏။

"အမေလဲ ဖွင့်မကြည့်ရဘူးနော်"

"သားမကြိုက်ရင် မဖွင့်ပါဘူးကွယ်။ ရော့ပိုက်ဆံ"

ထွန်းထွန်းသည် မိခင်ဖြစ်သူဆီက ပိုက်ဆံယူပြီး လမ်းထိပ်က ဦးသီဟ ဈေးဆိုင်သို့ ဖုန်းဘောဝယ်ရန်အတွက် ထွက်လာခဲ့၏။

ကျွန်တော် လမ်းထိပ်က ဦးသီဟ ဈေးဆိုင်ရှေ့သို့ ဆိုင်ကယ်ကိုထိုးရပ်လိုက်စဉ် မုန့်များတစ်ပွေ့တစ်ပိုက်နှင့် ဆိုင်ထဲက ထွက်လာသည့် ထွန်းထွန်းနှင့် ဆုံမိလေ၏။

"မုန့်တွေများလှချည်လား ထွန်းထွန်းရ။ မင်းတို့အိမ် ဘယ်ကဧည့်သည်များ ရောက်လို့လဲကွ"

ထွန်းထွန်းသည် ကျွန်တော့်ကိုခပ်စူးစူးကြည့်ကာ–

"ဧည့်သည်ရောက်မှ လာဝယ်ရမှာလားဗျ။ လူကိုယ်များ အထင်သေး အမြင်သေးလာမေးနေတယ်။ ဘယ်ဧည့်သည်မှ မရောက်ဘူး။ ကျုပ်စားဖို့ လာဝယ်တာ ဗျ ရှင်းလား"

ထွန်းထွန်းသည် မချေမငံပြောပြီထွက်သွား၏။ ထွန်းထွန်းအပြောကြောင့် ကျွန်တော့်မှာ ရင်ဆို့သွား၏။ ကိုယ်နှင့် သွေးသားမကင်းသည်မို့ စိတ်ရင်းသဘောနှင့် မေးခြင်းအပေါ် ထွန်းထွန်းက တစ်မျိုးမြင်သွား၏။ တစ်ဖက်သားကို အထင်သေးစိတ်နှင့် မေးခြင်းမျိုးမဟုတ်ပေ။

ထွန်းထွန်းအသက်က အလွန်ဆုံးရှိမှ ဆယ့်သုံးနှစ်လောက်သာရှိမည်။ ကျွန်တော့်ညီဖြစ်ပြီး အမေ့အစ်ကို၏ သားပင်ဖြစ်သည်။ ကျွန်တော်နှင့်ထွန်းထွန်း ပြောနေသည်ကို ဦးသီဟ ဆိုင်အတွင်းကနေ ကြည့်နေသည်။ ကျွန်တော်ဆိုင်ထဲဝင်သည်နှင့် ဦးသီဟက ယခုလို ပြောလေ၏။

"မင်းနဲ့ထွန်းထွန်း ပြောနေသံ ဦးလေးကြားပါတယ် နောင်နောင်ရာ။ အခုတလော ဒီကလေးကြည့်ရတာ ငါ့စိတ်ထဲတစ်မျိုးဖြစ်နေတယ်။ မုန့်တွေလာဝယ်တာလဲ ခဏခဏပဲ။ သိန်းတန်နဲ့သင်းလွဲက တစ်ဦးတည်းသောသားလေးမို့ ဘာမဆို အလိုလိုက်တယ်။ မိဘတိုင်းက ကိုယ့်သားသမီးကို အလိုလိုက် ချစ်ကြတာချည်းပါကွာ။ ဒါပေမဲ့ မချစ်တတ်ကြဘူး။ ဒီအရွယ်နဲ့ ငွေကိုရေလိုသုံးရင် ပျက်စီးလိမ့်မယ်ဆိုတာ နားမလည်ကြဘူး ခက်ပါတယ်ကွာ"

ဦးသီဟစကားကြောင့် ကျွန်တော့်မှာ ဘာပြန်ပြောရမှန်းမသိဖြစ်သွား၏။ ထွန်းထွန်းသည် ငွေတွေ ဘယ်ကရသလဲဆိုသည့်အတွေးက ကျွန်တော့်ခေါင်းထဲ တိုးဝင်ကာနေတော့သည်။

(၂)

"ဒီအကြောင်းနဲ့ပတ်သက်ပြီ ဘယ်သူ့မှ မပြောတော့ဘူးလို့ ရေငုံနှုတ်ပိတ်နေတာ။ သားကလဲ မပြောဖို့ တားထားတယ်။ ဒါပေမဲ့ အမေရယ် မပြောဘဲနေရင် လူမိုက်အားပေးဖြစ်နေမှာစိုးလို့ အမေ သိအောင် လာပြောတာ"

"နင် ဘာပြောချင်တာလဲ မိုးဆန်းရယ် သားအမိချင်းပဲ ပွင့်ပွင့်လင်းလင်းပြောစမ်းပါ"

"မိုးဆန်းအိမ်ကပိုက်ဆံတွေ ထွန်းထွန်း ခိုးသုံးနေတာကြာပြီ အမေ။ ကိုမင်းအောင်ကလဲ ထွန်းထွန်းကို သက်ဆိုင်ရာအပ်မယ်ချည်းပဲပြောနေတာ။ လက်မလွန်ခင် အမေပဲ ကိုသိန်းတန်နဲ့ မသင်းလွဲကို သွားပြောပေးပါလား။ ဖေးဖေးမမလဲပြောပေါ့ အမေရယ် နော်"

အစ်မစကားကြောင့် ကျွန်တော့်မှာ ပါးစပ်အဟောင်းသားဖြစ်သွား၏။ တစ်နေ့ကပဲ ဦးသီဟနှင့် ကျွန်တော် ထွန်းထွန်းအကြောင်း ပြောဖြစ်ကြသေး၏။ ယခုလည်းကြာရပြန်ပြီ။ ထိုစဉ် အဖေသည် ပြုံးတုံးပျာတာဖြင့် ကျွန်တော်တို့အနားသို့ ရောက်လာသည်။

"ခင်လေး ငါ့ပိုက်ဆံ မင်း သိမ်းသေးလား"

"မသိမ်းပါဘူး ကိုတင်မင်းရယ်။ တော် ဘယ်နားအထားမှားမှန်းမှမသိတာ သေချာရှာပါအုံး"

"ရှာပြီးပြီ ဘယ်မှမတွေ့ဘူး။ တစ်ယောက်ယောက်ယူတာသေချာတယ်နောင်နောင်မင်းယူထားသလား"

မြားဦးက ကျွန်တော့်ဘက်လှည့်လာ၏။

"မယူပါဘူး အဖေ"

"ဟ မဟုတ်သေးပါဘူး။ အိမ်မှာ မိသားစု သုံးယောက်ရှိတာ သူလဲမယူ ငါလဲမယူဘဲနဲ့ ပိုက်ဆံက ခြေထောက်ပေါက်ပြီး ဘယ်မှသွားစရာ အကြောင်းမရှိဘူး။ အိမ်မှာ အိမ်တွင်းသူခိုးရှိနေတာ သေချာပြီ။ တစ်နေ့ကလဲ တစ်ခါပျောက်ပြီးပြီ။ သမီးကို စွပ်စွဲတာမဟုတ်ဘူးနော်"

ဦးတင်မင်းသည် ပြောမိဆိုမိရာမှ သူ့စကားများ အတွက် သမီးဖြစ်သူကို အားနာမိသည်။

"သမီးတို့ အခုပဲ ဒီအကြောင်းတွေ ပြောနေတာ အဖေ။ သမီးအိမ်မှာလဲ ပိုက်ဆံတွေခဏခဏပျောက်နေလို့ စိတ်ညစ်နေတာ"

"ဟ စိတ်ညစ်လို့ရမလား။ သူခိုးကို မိအောင် ဖမ်းရမှာပေါ့"

"ခိုးတဲ့သူက တခြားသူမဟုတ်ဘူး ကိုတင်မင်း ထွန်းထွန်းတဲ့"

ဦးတင်မင်း ပါးစပ်အဟောင်းသားဖြစ်သွား၏။ ထွန်းထွန်းက သူ့တူ။

"ကလေးက ငယ်သေးတယ်။ အဖေ အချိန်မီ ပြင်နိုင်အောင် ကိုသိန်းတန်နဲ့မသင်းလွဲကို သတိပေးသင့်တယ်ထင်လို့ အမေ့ကိုလာပြောတာ"

"သတိပေးတာ ကောင်းပါတယ်။ ဒါပေမဲ့ သူတို့က လက်ခံပါ့မလား။ စေတနာက ဝေဒနာဖြစ်နေပါအုံးမယ်"

အဖေ့စကားကြောင့် မိုးဆန်းတစ်ယောက် အသံတိတ်သွားလေသည်။

(၃)

တစ်နေ့ ကိုသိန်းတန် အိမ်မှာမရှိခိုက် အရီးခင်လေးရောက်လာပြီ ထွန်းထွန်းသတင်းများ မှိုချီး မှုစ်ချီး လာပြောသည်။ ကောင်းကွက်တစ်ခုမျှမပါ။ အကျင့်ပျက်နေသည့် သားကိုထိန်းဖို့ပဲ ဦးတည်ပြောပြီပြန်သွား၏။ မသင်းလွဲသည် သည်သတင်းကို ကြားကြားချင်း တစ်ကိုယ်လုံးတုန်ယင်ပြီး ခံပြင်းနာကျင်နေသည်။ ဘာမျှ လုပ်ချင်ကိုင်ချင်စိတ်မရှိ။ ရင်ထဲမှာလည်း ပြောချင်သည့်စကားများနှင့် ပြည့်နှပ်နေသည်။

ထွန်းထွန်း ကျောင်းကအပြန် စက်ဘီးပေါ်က ဆင်းဆင်းချင်း မသင်းလွဲသည် ထိန်းချုပ်ထားသမျှ ဖွင့်အန်မိလေသည်။ ထွန်းထွန်းသည် ရောက်ရောက်ချင်း ကျောင်းဝတ်စုံအဖြူနှင့်အစိမ်းကို လဲရန် ပြင်နေသည်။

"အဝတ်အစား နောက်မှလဲ ထွန်းထွန်း။ အမေ မင်းကို မေးစရာရှိလို့"

"ဟုတ် ဘာမေးမှာလဲ အမေ"

" နင် သူများအိမ်က ပိုက်ဆံတွေ ခိုးနေတယ်ဆို"

"ဗျာ"

အမောတောင် မဖြေနိုင်။ အမေ့စကားကြောင့် တုန်လှုပ်ချောက်ချားသွား၏။ အံ့သြသော မျက်လုံးများနှင့်ကြည့်နေ၏။

"ဟဲ့ ငါမေးနေတာ ဖြေလေ"

ထွန်းထွန်းချက်ချင်းမဖြေ။ ငြိမ်သက်နေသည်မို့ မသင်းလွဲအဖို့ ပိုပြီစိုးထိတ်သွားသည်။

" နင် တကယ်ပဲ ခိုးနေတာလား"

"မခိုးပါဘူး အမေရာ။ အမေ့ကို ဘယ်သူပြောလဲ"

"ဟဲ့ ဘယ်သူရှိရမှာလဲအရီးခင်လေးလာပြောတာ။ သူ့အိမ်ကော၊ မိုးဆန်းအိမ်ကောတဲ့ လက်ပူးလက်ကျပ်မမိသေးလို့ မိရင် သက်ဆိုင်ရာကိုအပ်မယ်လို့ ပြောသွားတယ်"

"မရှိခိုးနိုး မလှစုန်းယိုးတဲ့ ငါတို့ကဆင်းရဲတော့ သူတို့အိမ်မှာ ဘာပျောက်ပျောက် နင့်ပဲထင်တော့မှာ နင်အနေအထိုင်ဆင်ခြင်"

"ဆင်ခြင်စရာမလိုဘူးအမေ။ ကျွန်တော်မှ မခိုးတာ"

"နင် မခိုးရင် မခိုးတဲ့အကြောင်း မျက်နှာချင်းဆိုင် ရှင်းရဲလား"

"ရှင်းရဲတယ်"

"ဒါဆို အခု သွားမယ် လာ"

မသင်းလွဲသည် ထွန်းထွန်းလက်ကိုဆွဲပြီး အရီးခင်လေးတို့ အိမ်သို့ထွက်လာခဲ့၏။ အရီးခင်လေးတို့အိမ်တွင် လူစုံတတ်စုံရှိနေခဲ့သည်။ ထွန်းထွန်းသည် ကိုနောင်နောင်နှင့် ဦးလေးတင်မင်းကို မြင်လျှင် အနည်းငယ်တုန်လှုပ်သွား၏။

"သင်းလွဲနဲ့ထွန်းထွန်း ဘာကိစ္စရှိလို့လဲ"

"မပြောမပြီး မတီးမမြည်မို့ ဦးလေးတင်မင်း သိအောင်လာပြောတာ"

"ဘာများလဲကွဲ့"

"ဘာရမှာလဲ ဦးလေးတင်မင်းရဲ့။ အရီးခင်လေးပေါ့။ ကျွန်တော်မခိုးဘဲနဲ့ သူခိုးလို့ဆိုပြီး မဟုတ်တမ်းတရမ်းလျှောက်ပြောနေတာ"

"ထွန်းထွန်းကို ကျွန်မ မေးပြီးပြီ သူမခိုးဘူးတဲ့။ ကိုယ်လဲ လက်တွေ့မမိဘဲနဲ့ နားကြားနဲ့ လာမရမ်းနဲ့ ကျွန်မ မကြိုက်ဘူး။ အသည်းနာတယ်။ ကိုယ့်အရီးမို့ သည်းခံနေတာ။ နောက်တစ်ခါ မဟုတ်ဘဲပြောရင် ကျွန်မ သည်းခံမှာမဟုတ်ဘူး "

"ငါ မဟုတ်ဘဲ ပြောပါ့မလား"

ဒေါ်ခင်လေးက မဟုတ်မခံပြန်ပြောသည်။

"တော်စမ်း ခင်လေး သူများအကြောင်း ဂဃနဏ မသိဘဲနဲ့ ရမ်းသန်းပြီးလျှောက်ပြောတဲ့အကျင့်ပြင်ပါ။ ငါမကြိုက်ဘူး။ မင်းတကယ်ပဲ သူများပစ္စည်း မခိုးဘူးပေါ့"

"ဘုရားပေးပေး ကျမ်းပေးပေးပါဦးလေးတင်မင်း။ ကျွန်တော်မခိုးပါဘူး"

"ခင်လေးအစား ဦးလေးကပဲကြားထဲက တောင်းပန်ပါတယ်။ ခင်လေး သူတို့ကို တောင်းပန်လိုက်"

"ငါ့အမှားပါ သင်းလွဲရယ် နောက်မပြောတော့ပါဘူး"

ဒေါ်ခင်လေးသည် ဦးတင်မင်းကို ကြောက်၍သာ တောင်းပန်လိုက်ရသည်။ စိတ်ထဲတွင်တော့

စာမျက်နှာ ၂၅ သို့ ➤

# ဝက်လက်မြို့နယ်တွင် ပဲစင်းငုံ ဧက ၁၂၈၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဝက်လက် ဇွန် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ဧက ၁၂၈၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၁၂၅၆ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၂၈၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ပဲစင်းငုံဧက ၂၁၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့ဆောင်ရွက်ပေးနေတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ် သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ယခုနှစ် ဝက်လက်မြို့နယ်တွင် ပဲစင်းငုံစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပါတင်ပို့ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

---

➢ စာမျက်နှာ ၂၄ မှအဆက်

နည်းနည်း မကျေနပ်ပေ။

မှောင်ရီပျိုးစအချိန်တွင် ကျွန်တော် ဆိုင်ကယ်နှင့် အပြင်က ပြန်လာစဉ် အိမ်ထဲက အကျႌအဖြူနှင့် လူတစ်ယောက်လစ်ခနဲ ပြေးထွက်သွားတာ မီးရောင်နှင့်မြင်လိုက်ရသည်။

အိမ်တွင် ဘယ်သူမှမရှိဘဲမီးသာထွန်းထား၏။

ကျွန်တော် ဗိုက်ဆာသည်မို့ ထမင်းစားနေစဉ် အဖေနှင့်အမေ ပြန်ရောက်လာသည်။

"မင်းက ဘယ်တွေ သဝေထိုးနေတာလဲ ဖုန်းဆက်တော့လဲ မကိုင်ဘူး"

အဖေ့အသံကဒေါသသံပါနေ၏။

"ဖုန်းအားမရှိလို့ အိမ်မှာထားခဲ့တာပါ အဖေ"

"ဆင်ခြေကတော့ ကောင်းကွာ"

"အမေတို့ ကောင်းကောင်း ကျောင်းကအပြန် ခွေးကို ရောင်တိမ်းရင်း ဆိုင်ကယ်လဲတယ်ပြောလို့ သွားကြတာ။ ကလေးက အရှိန်ကမပါတော့ ဒူးကာပဲကွဲတယ် လူကဘာမှမဖြစ်ဘူး"

ထမင်းစားပြီးလို့ ကောင်းကောင်းဆီ သတင်းသွားမေးဖို့ အိမ်ကထွက်ဖို့ပြင်ရုံရှိသေး အဖေ၏အသံကြောင့် ခြေလှမ်းများရပ်တန့်သွား၏။

" ခဏနေအုံး နောင်နောင် မင်းကို မေးစရာရှိလို့ ငါ့မြေးဆီ မသွားခင် စားပွဲပေါ်က ပိုက်ဆံလွယ်အိတ်တင်ခဲ့တာ အခုမရှိတော့ဘူး။ မင်းယူထားသလား"

"ဘယ်ကလွယ်အိတ်လဲ အဖေ ကျုပ်မသိဘူး အဖေ ယူလဲမယူဘူး"

ကျွန်တော်၏ငြင်းဆန်မှုကို အဖေက လက်မခံ။

"အိမ်မှာ မင်းပဲရှိတာ။ မင်းမယူလို့ ဘယ်သူယူမှာလဲ။ အဲဒီထဲမှာ ပိုက်ဆံ တစ်သိန်းရှစ်သောင်းပါတယ်ကွ"

"ဟင်"

ငွေကထောင်ဂဏန်းမဟုတ်။ သိန်းကျော်နေသည်။

အမေက ကျွန်တော့်ကို ထပ်ပြီးမယုံသလိုနှင့်။

"ယူရင် ပေးလိုက်ပါ သား"

"မယူပါဘူးဆို အမေရာ။ ကျွန်တော် အိမ်ကိုအခုမှရောက်တာ စားပွဲပေါ်မှာ ဘာလွယ်အိတ်မှမတွေ့ဘူး"

"တော် အထားမှားတာ ဖြစ်မှာပါ။ ကိုတင်မင်းရယ် သေချာရှာကြည့်ပါအုံး"

"ငါ အထာမမှားပါဘူး ခင်လေး။ ငါတို့မြေးဆီသွားတုန်း အိမ်ကို တစ်ယောက်ယောက်လာပြီ ယူသွားတာသေချာတယ်"

အဖေ့စကားကြောင့် ကျွန်တော့်မှာစဉ်းစားမိသွား၏။ ကျွန်တော့် ဆိုင်ကယ်သံကြောင့် လူတစ်ယောက် အိမ်ထဲကထွက်ပြေးသွားသည်။ ထိုသူကအကျႌအဖြူဝတ်ထားသည်။ သည်အကျႌကို သူရင်းရင်းနှီးနှီး မြင်ဖူးသည်။ စဉ်းစားရင်း စဉ်းစားရင်းအတွေးအာရုံထဲပေါ်လာသည်က ထွန်းထွန်း၏ပုံရိပ်များပင်ဖြစ်သည်။

"မရှာတော့နဲ့ အဖေ ထွန်းထွန်းယူသွားတာ ကျွန်တော်မြင်လိုက်တယ်။ အိမ်ကစောင့်နေ ကျွန်တော်တောင်းပြီ ယူလာခဲ့မယ်"

ကျွန်တော်သည် အဖေနှင့်အမေကို ထိုသို့ပြောကာ ထွန်းထွန်းအိမ်ဘက်သို့ ခြေဦးလှည့်မိခဲ့လေသည်။

(၄)

ထွန်းထွန်းအိမ်သို့ရောက်ချိန်တွင် ထွန်းထွန်းတို့မိသားစုသုံးယောက် ထမင်းစားရန် ပြင်နေကြသည်။

"လာဟေ့ နောင်နောင် ဘာကိစ္စလဲ။ မင်းထမင်းမစားရသေးရင် တစ်ခါတည်းဝင်စားလိုက်ပါလား"

ကျွန်တော့်ကိုမြင်လျှင် ကိုသိန်းတန်က ခေါ်လေ၏။

"မစားတော့ဘူး ကိုသိန်းတန်"

ကျွန်တော်က ပြောပြောဆိုဆို ထွန်းထွန်းဘေးသို့ဝင်ထိုင်လိုက်၏။

ထွန်းထွန်းသည် အစောကတွေ့ခဲ့သည့် အဝတ်အစားပင် ဝတ်ထားသည်။ သူ့ရှေ့တွင် လာချပေးသည်က ထမင်းမဟုတ်ဘဲ ဆန်ပြုတ်ပန်းကန်ဖြစ်နေ၏။

"ထွန်းထွန်းက နေမကောင်းဘူးလား"

"ဟုတ်တယ် နောင်နောင် ထမင်းစားရင် အဖျားတက်မှာစိုးလို့ ဆန်ပြုတ်ပဲတိုက်တာ"

ထွန်းထွန်းသည် ကျွန်တော်ရှိ၍ထင်သည်။ ဆန်ပြုတ်ကို တို့ကနန်းဆိတ်ကနန်း တစ်ဇွန်းနှစ်ဇွန်းသောက်ပြီး–

"ကျွန်တော် မသောက်ချင်တော့ဘူး အမေ။ ဆေးသောက်ပြီး အိပ်တော့မယ်"

"အေး အေး ဒီအတိုင်းမအိပ်နဲ့ နွေးနွေးထွေးထွေးဖြစ်အောင် စောင်လေးလဲခြုံကြားလား"

"ဟုတ် အမေ"

ဟုဆိုကာ ထွန်းထွန်းက ထရန်ပြင်သည်။

ကျွန်တော်သည် ထွန်းထွန်းကို ထခွင့်မပေး လက်ကိုဆွဲထားသည်။

ကျွန်တော်၏အပြုအမူကြောင့် ထွန်းထွန်းက နားမလည်စွာနှင့် ကြည့်နေသည်။

"မင်းနဲ့ စာရင်းရှင်းဖို့လာတာ ထွန်းထွန်း။ အစောကယူသွားတဲ့ ပိုက်ဆံနဲ့လွယ်အိတ် ငါ့ကိုပြန်ပေးပါ"

"အဖေလဲ မင်းယူသွားတာသိတယ်။ ကြည်ကြည်ဖြူဖြူတောင်းလို့ မပေးရင် သက်ဆိုင်ရာအပ်မယ်ပြောတယ်"

ထွန်းထွန်းမငြင်းရဲ။ သက်ဆိုင်ရာကိုတော့ကြောက်သည်။

"ကျွန်တော် ခင်ဗျားလွယ်အိတ်ပြန်ပေးမယ်။ သက်ဆိုင်ရာ တော့မအပ်နဲ့"

ထွန်းထွန်းသည် အိမ်ပေါ်တက်ကာ လွယ်အိတ်နှင့် ပိုက်ဆံ ပြန်ပေးလိုက်သည်။

"ငါကတော့ သူများတွေ ပြောတုန်းကမယုံခဲ့ဘူး။ မိန်းမကြမ်းကြီး လုပ်ပြီး အကာအကွယ်တွေပေးခဲ့တယ်။ အခုတော့ နင်ကတကယ် ခိုးနေတာကိုး။ ငွေကဘယ်လောက်လဲ နောင်နောင်"

"တစ်သိန်း ရှစ်သောင်းပါ"

"မိုက်လှချည်လား ထွန်းထွန်းရယ်။ ဒီလောက်ငွေတွေအများကြီး ဘာလုပ်ဖို့လဲ"

"ဘာလုပ်ရမှာလဲ အဖေတို့မှ ဖုန်းဝယ်မပေးတာ။ ကျွန်တော်ဘာသာ ဖုန်းဝယ်လို့ရအောင် ကြံတာပေါ့ဗျ"

ထွန်းထွန်း၏ရင်တွင်းက ပွင့်ထွက်လာသည့်အဖြေကိုသိခဲ့ပြီမို့ ကျွန်တော်အားလုံးကိုကျောခိုင်းကာ ပြန်လာခဲ့သည်။ ကျွန်တော် အမုန်းခံရကျိုးနပ်ခဲ့သည်။

ကျွန်တော့် အပြန်လမ်းသည် ပန်းနှယ်မွှေးခဲ့သည်။ မေတ္တာရနံ့များ သင်းပျံ့ခဲ့သည်။ နောင်တစ်ချိန် အမုန်းခံပြီးပျိုးခဲ့သည့်ပန်းကလေး လောကအလယ်ဂုဏ်ယူဝင့်ကြွားစွာ ဖူးပွင့်လာမည်ဆိုသည်ကို ယုံကြည်နေခြင်းကြောင့်ပင်ဖြစ်သည်။

---

# မေတ္တာစိတ်

– အတ္တမပါ ဆောင်ရွက်
အရောင်ထွက် ဖြူစင်၊
စီးဆင်းနေ အချိန်တိုင်း၊
နှလုံးက လွင်၊
ရှေးရှုပြု စုန်ရေသွင်
မှန်ရွှေဘဝင် ရင်ထဲဝေ့၊
စိတ္တဇနာမ် မျိုးနွယ်ကောင်းက
အောင်ကြောင်းနဲ့ရွှေ့။

– ရလိုက်သူ စိတ်ချမ်းမြေ့
လန်းမွေ့ပေါ့ ရှစ်ခွင်နယ်၊
သင်းလှိုင်လှိုင် ဂုဏ်ရနံ့က
ပျံ့နှံ့မှုကြွယ်၊
ပုံရိပ်က ပန်းရွှေနွယ်
စမ်းရေနှယ် အေးမြ၊
ဖြန့်ကြက်ရာ ရွှန်းလဲ့လဲ့နဲ့
ကွန်းဖွဲ့အလှ။

– အမြင့်ဆောင် စိတ်ရသ
ဖိုးရွှေလ လင်းရောင်လို၊
ကိုယ်မှာတည် အကြည်ဓာတ်မို့
မြတ်မှုလည်း ပို၊
အထက်တန်းစား စိတ်ထားကို
ကိုယ်စီဝယ် ရှိအောင်မွေး၊
အလွမ်းချစ် မပါ
စမ်းဝတ်လွှာ အိတ်အဖွင့်မှာလ
ပန်းမေတ္တာ စိတ်တစ်ပွင့်နဲ့
(ကိုယ့်ကံကို...)
မြှင့်ခဲ့ကြလေး။ ။

ချမ်းမြေ့(ဇလွန်မြေ)

---

# ဖြူးမြို့နယ် တံခွန်တိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဖြူး ဇွန် ၃၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တံခွန်တိုင်ကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖြူးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ဝန်ထမ်းများက တံခွန်တိုင်ကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာကာ ကျေးလက်ဒေသဆင်းရဲမှုနှုန်းလျော့ကျလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကိုဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၁ ဒသမ ၄၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက တံခွန်တိုင်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၅ ဦးကို ရန်ပုံငွေကျပ် ၄၁ ဒသမ ၄၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုညို

# ဆင်းရဲချမ်းသာ ကွာဟ

**ဗညားကျန်းထော**

**"လောကကြီးကမမျှတဘူး။ ဒီအချက်ကိုလက်ခံဖို့ အတော်ခက်ခဲတယ်။ ဒါပေမယ့် နှစ်ထောင်ပေါင်းများလှပြီ။ သယံဇာတတွေကို မျှမျှတတခွဲဝေပေးမယ့် (ဘယ်သူမှ မဆင်းရဲရအောင်ပေ့ါ)စီးပွားရေးစနစ်တစ်ခုပေါ်ပေါက်လာဖို့ လူတွေမလုပ်နိုင်ဘူး ဖြစ်နေတယ်။"**

ဒင်နီယယ်မက်ဖက်ဒင်း
(Danniel Mcfadden)
၂၀၀၀ ပြည့်နှစ် စီးပွားရေးနိုဘယ်ဆုရသူ
ကယ်လီဖိုးနီးယားတက္ကသိုလ်ပါမောက္ခ

**❖သန်းကြွယ်သူဌေးတွေရှိနေသော်လည်း ရာဂဏန်း၊ ထောင်ဂဏန်းမှ သောင်းဂဏန်းလောက်ပါပဲ။ အစာရေစာမလုံလောက်၊ ဝတ်စရာရှားပါး၊ နေစရာလုံခြုံမှုမရှိ၊ ဆင်းရဲနွမ်းပါးကြတဲ့ လူသားတွေကတော့ သဘာဝဘေးဒဏ် ရေကြီး၊ မြေပြို၊ လျှပ်စီး၊ မုန်တိုင်းတိုက်ခတ်၊ စစ်ဘေးစစ်ဒဏ်သင့်၊ ရာသီဥတုဖောက်ပြန်လွန်ကဲမှုနဲ့ ကူးစက်မြန်ကပ်ရောဂါဆိုးတွေကြောင့် ဆင်းရဲခြင်းဘဝမှာ သံသရာ လည်နေကြရရှာ။ ကမ္ဘာပေါ်မှာ အချို့ကချမ်းသာ၊ အချို့က ဆင်းရဲ၊ အဲဒါဘာကြောင့်လဲ။ စီးပွားရေးနိုဘယ်ဆု (၂၀၀၀ ပြည့်နှစ်) ရခဲ့တဲ့ အမေရိကန်ကယ်လီဖိုးနီးယားတက္ကသိုလ် (ဘာကလေ)မှ ပါမောက္ခဒင်နီယယ်မက်ဖက်ဒင်းရဲ့အဖြေကို ဗဟုသုတအနေနဲ့ လေ့လာကြည့်ကြပါစို့။ ❖**

လောကကြီးမှာ ပုံသေသဘောနဲ့ အရာရာကို စဉ်းစားလို့မရပါလားဆိုတာ စာဖတ်သူလက်ခံစေလိုပါတယ်။ အခြေအနေများစွာတို့မှာ ခြွင်းချက်သဘောတွေလည်း ရှိတတ်ကြတယ်။ မမြင်ရတဲ့ကိန်းတွေလည်းရှိနိုင်တယ်။ ဥပမာတစ်ခုလောက် ထင်ရှားအောင် တင်ပြပါရစေ။ သင်္ချာလက္ခဏာ ပေါင်းခြင်း၊ မြှောက်ခြင်းပဲဆိုပါစို့။

၁။ မြှောက်ခြင်းဟာ ပေါင်းခြင်းထက် ပိုများစေသည်။

ကြည့်လေ ၃x၃= ၉ ရတယ်။

၃+၃= ၆ ပဲရတယ်။

ထို့ကြောင့် ပေါင်းတာထက် မြှောက်တာကများ၏။ အတည်မယူနဲ့အုံး။ ဒီတွက်ချက်ပုံလေးကြည့်ကြစို့။

၁x၁ = ၁ မြှောက်ခြင်းကမထူးပါ။

၁+၁ = ၂ ပေါင်းတာကမှတိုးလာ။

ထို့ကြောင့် ပေါင်းခြင်းက ပိုအကျိုးရှိစေတယ်လား။ ဒါလည်း ပုံသေမမှတ်လိုက်နဲ့အုံး။ နောက်တစ်ခုကိုကြည့်ကြအုံးစို့။

၂x၂ = ၄

၂+၂ = ၄

ဟော...ဒီအခြေအနေမှာတော့ အမြှောက်ဖြစ်စေ၊ အပေါင်းဖြစ်စေ အဖြေအတူတူထွက်နေပါလား။

ထို့ကြောင့် အမြှောက်ဟာ အပေါင်းသဘောထက် ပိုပြီး တိုးပွားများပြားစေတယ်လို့ ဆိုနိုင်သော်လည်း အမြဲတစေတော့မဟုတ်ပါလေ။ ခြွင်းချက်တစ်ခု၊ နှစ်ခုရှိတတ်ပေသေးတယ်နော်။

ဂဏန်းသင်္ချာသဘောနဲ့ လွယ်ကူတဲ့စဉ်းစားချက်ကို ဦးစွာပထမတင်ပြတာက နှစ်ကာလများစွာ ခေတ်ပေါင်းကြာမြင့်စွာ လူ့အဖွဲ့အစည်းအတွင်းမှာ မဖြေရှင်းနိုင်သေးတဲ့ ဆင်းရဲချမ်းသာကွာဟလွန်းနေမှု ပြဿနာပုစ္ဆာကို ဆက်လက်လေ့လာဆွေးနွေးကြရအောင်ပါ။ မြတ်စွာဘုရားကို တစ်ဦးတစ်ယောက်က မေးမြန်းလျှောက်ထားလာလို့ မြတ်စွာဘုရားက ဖြေကြားတဲ့ အမေးပုစ္ဆာတချို့ရှိခဲ့ပါတယ်။ အကျယ်သိလိုရင် ဆရာတော်၊ သံဃာတော်များထံ လျှောက်ထားစုံစမ်းပါ။ စာရေးသူမှတ်မိတာတချို့ကို သာဖော်ပြခွင့်ပြုပါ။

လူတချို့က အသက်ရှည်ကြတယ်။ အချို့ကတိုတယ်။ ဘာကြောင့်ပါလဲ။

ဘဝဘဝက သူတစ်ပါးအသက်ကို သတ်ဖြတ်ခဲ့သူတွေဟာ ကံ၊ ကံရဲ့အကျိုးသဘောအရ အသက်တိုကြတယ်။ သူတစ်ပါးကိုကူညီဖေးမ၊ ကျွေးမွေးပြုစု၊ ကုသ၊ အသက်ရှည်စေရန် မေတ္တာဖြင့် ဆက်ဆံပေးခဲ့ကြသူတို့ဟာ အသက်ရှည်ကြတယ်။

အချို့ကရုပ်အဆင်းလှပကြတယ်။ အချို့က ရုပ်ဆိုး အကျည်းတန်ကြတယ်။ ဘာကြောင့်လဲ။

မေတ္တာစိတ်များသူက လှပကြတယ်။ ဒေါသစိတ်များသူက အရုပ်ဆိုးလာတာပဲ။

အချို့လူက ချမ်းသာကြွယ်ဝကြတယ်။ အချို့လူတွေက ဆင်းရဲနွမ်းပါးကြတယ်။ ဘာကြောင့်လဲ။

သူတစ်ပါးကိုမျှဝေပေးကမ်းလှူဒါန်းကြသူတွေက (ဒါနတောဘောဂဝါ)ပစ္စည်းဥစ္စာပြည့်စုံချမ်းသာကြပြီး မပေးမလှူတွန့်တိုစေးနှဲနှမြောတတ်သူက မွဲကြေတ်ကြရတယ်။

အချို့ကချစ်သူခင်သူ အခြံအရံများတယ်။ အချို့ကခင်မင်သူ၊ ကူညီသူမရှိရှာဘူး။ ဘာဖြစ်လို့လဲ။

မုဒိတာစိတ်ရှိတတ်သူက အခြံအရံမိတ်ဆွေ တပည့် စသည်ပေါများတယ်။

မနာလိုဝန်တို၊ သူများချမ်းသာကြီးပွားတာကို မရှုစိမ့်မကျေနပ်ဖြစ်တတ်သူမျိုးဟာ မိတ်ဆွေ အခြံအရံခေါင်းပါးတတ်သတဲ့။ စသည် ကိုယ်ပြုခဲ့တဲ့ ကံရဲ့ပဲ့တင်သံဟာ ကိုယ့်ထံပြန်လာတဲ့ နိယာမအရ ကောင်းခြင်းဆိုးခြင်း၊ မြင့်ခြင်းနိမ့်ခြင်း၊ တစ်ဦးနဲ့တစ်ဦးကွာဟကြတာပါပဲ။

ကမ္ဘာပေါ်မှာ ယခုဆိုလူသားပေါင်း သန်း ၈၀၀၀ ဦးရှေရှိနေတယ်။ သန်းကြွယ်သူဌေးတွေရှိနေသော်လည်း ရာဂဏန်း၊ ထောင်ဂဏန်းမှ သောင်းဂဏန်းလောက်ပါပဲ။ အစာရေစာမလုံလောက်၊ ဝတ်စရာရှားပါး၊ နေစရာလုံခြုံမှုမရှိ၊ ဆင်းရဲနွမ်းပါးကြတဲ့ လူသားတွေကတော့ သဘာဝဘေးဒဏ် ရေကြီး၊ မြေပြို၊ လျှပ်စီး၊ မုန်တိုင်းတိုက်ခတ်၊ စစ်ဘေးစစ်ဒဏ်သင့်၊ ရာသီဥတုဖောက်ပြန်လွန်ကဲမှုနဲ့ ကူးစက်မြန်ကပ်ရောဂါဆိုးတွေကြောင့် ဆင်းရဲခြင်းဘဝမှာ သံသရာလည်နေကြရရှာ။

ကမ္ဘာပေါ်မှာ အချို့ကချမ်းသာ၊ အချို့ကဆင်းရဲ၊ အဲဒါဘာကြောင့်လဲ။ စီးပွားရေးနိုဘယ်ဆု (၂၀၀၀ ပြည့်နှစ်)ရခဲ့တဲ့ အမေရိကန် ကယ်လီဖိုးနီးယားတက္ကသိုလ် (ဘာကလေ)မှ ပါမောက္ခဒင်နီယယ်မက်ဖက်ဒင်းရဲ့အဖြေကို ဗဟုသုတအနေနဲ့ လေ့လာကြည့်ကြပါစို့။

လူတချို့မှာငွေတွေအများကြီးရှိတယ်။ မင်းလည်းသတိထားမိမှာပဲ။ အတန်းထဲက မင်းသူငယ်ချင်းတချို့က ကျောင်းကို ကားကြီးတွေနဲ့လာကြတယ်။ တချို့ကျတော့ ဘတ်စကားနဲ့လာတယ်။ တချို့က အဝတ်အကောင်းအသစ်တွေ ဝတ်လာကြတယ်။ တချို့ကတော့ အဝတ်အနွမ်းတွေနဲ့။ မင်းသူငယ်ချင်းတချို့မှာ ဈေးကြီးတဲ့ ကစားစရာတွေရှိတယ်။ မင်းလည်းလိုချင်မှာပဲ။ ဒါပေမဲ့ မင်းမိဘတွေက ဝယ်မပေးဘူး။ မတတ်နိုင်လို့ ဖြစ်ချင်ဖြစ်မှာပေ့ါ။

ကျွန်တော်ငယ်ငယ်တုန်းက တခြားကလေးတွေမှာရှိတဲ့ ကစားစရာတွေ ကျွန်တော့်မှာမရှိခဲ့ဘူး။ ကျွန်တော့်မိသားစုက ဆင်းရဲတယ်။ ခြံထဲမှာ လျှပ်စစ်မီးတောင်မရှိဘူး။ ဒါပေမဲ့ ကျွန်တော့်မိဘက ဆင်းရဲတာကိုမရှက်ဘူး။ သူတို့က ချမ်းသာတဲ့လူတွေကို မနှစ်သက်တောင် မနှစ်သက်ဘူး။ ငွေတွေ သိပ်ပေါတာဟာ လူတစ်ယောက်ရဲ့ အကျင့်စာရိတ္တကို ပျက်စေနိုင်တယ်လို့ သူတို့ကယူဆကြတယ်။ "စက်ဘီးအသစ်စက်စက်တစ်ခုထက် လူ့ဘဝမှာ ပိုအရေးကြီးတာတွေရှိတယ်ကွ"လို့ သူတို့က ကျွန်တော့်ကိုပြောပြတယ်။ ချမ်းသာဖို့ မလိုပါဘူးဆိုတဲ့စိတ်ကူးနဲ့ ကျွန်တော်ကြီးလာခဲ့တာပေ့ါ။

ကျွန်တော့်အလုပ်ကြောင့် ကျွန်တော် ကောင်းကောင်းမွန်မွန်နေနိုင်ခဲ့ပါတယ်။ ကျွန်တော်ဟာ တက္ကသိုလ်တစ်ခုက ဘောဂဗေဒပါမောက္ခပါ။ ဒါပေမဲ့ "ချမ်းသာကြွယ်ဝအောင် ဘယ်လိုလုပ်မလဲ။ ကြွယ်ဝမှုကို ကျွန်တော်တို့ လူ့အဖွဲ့အစည်းထဲ ဘယ်လိုခွဲဝေရမလဲ" အဲဒီသုတေသနကို နှစ်ပေါင်းများစွာ လုပ်ခဲ့တော့ ကျွန်တော့်မိဘ သင်ခဲ့တာ မမှားဘူးလို့တွေ့ရတယ်။

ဒီအကြောင်းကို စပြောရတာက ချမ်းသာတဲ့ ဆင်းရဲတဲ့အကြောင်းမပြောခင်မှာ ငွေထက်အရေးကြီးတာတွေရှိတယ်လို့ သိထားဖို့လိုအပ်လို့ပါ။

လူတော်တော်များများက ငွေဟာပြဿနာအလုံးစုံကို ဖြေရှင်းနိုင်တယ်လို့ယုံကြတယ်။ ဘီလ်ဂိတ်လို ဘီလျံနာကိုနှစ်သက်ကြတယ်။ သူ့လို ဘဏ်စာရင်းအကြီးကြီးရှိရင် ကောင်းမှာပဲလို့ ဆုတောင်းကောင်းဆုတောင်းကြမယ်။

ဆင်းရဲသားတွေဟာ အသုံးမကျပါဘူးလို့ ဆက်ပြီး ယူဆချင်တောင် ယူဆနိုင်တယ်။ အဲဒီအယူအဆကတော့ မမှန်ဘူး။ မင်းအနေနဲ့ လူတွေကိုပိုင်ဆိုင်တဲ့ငွေထက် အကျင့်စာရိတ္တ၊ ကိုယ်ရည်ကိုယ်သွေးအပေါ်သာ ဆုံးဖြတ်သင့်တယ်။ ဥပမာဆိုရင် ပန်းချီဆရာတွေ၊ လူမှုရေးလုပ်သားတွေဟာ ပိုက်ဆံများများ မရနိုင်မှန်းသိလျက်နဲ့ အဲဒီလုပ်ငန်းတွေကို ရွေးလုပ်ကြတာ။ သူတို့က သူတို့အလုပ်ကို နှစ်သက်လို့။ အဲဒီလိုလူတွေဟာ ငွေနောက်ကို တကောက်ကောက်လိုက်နေတဲ့ လူတွေထက် ပိုပြီး ပျော်ရွှင်ကြတာကို မကြာခဏ ကျွန်တော်သတိထားမိတယ်။ ချမ်းသာဖို့အတွက် တန်းမှန်းလုပ်သင့်သလားဆိုတာကတော့ မင်းအသက်ကြီးလာရင် ဆုံးဖြတ်ရမယ့်ကိစ္စပေ့ါ။

ဘာကြောင့် ချမ်းသာတဲ့လူ၊ ဆင်းရဲတဲ့လူ နှစ်မျိုးနှစ်စား ရှိနေရတာတုံး။ ကျွန်တော်တို့ ဒီမေးခွန်းကို စဉ်းစားကြည့်ရအောင်။ တစ်ခါတစ်ရံမှာ နေစရာအိမ်မရှိတဲ့လူတစ်ယောက်ကို မြင်ဖူးမှာပေ့ါ။ ဒီလူ လမ်းပေါ်မှာ ဘာကြောင့်နေရသလဲ စဉ်းစားကြည့်ဖူးမှာပေ့ါ။ သူ ဘယ်မှာအိပ်ပါလိမ့်၊ သူဘယ်က စားစရာရမှာပါလိမ့်၊ အာဖရိကအကြောင်း တီဗီကသတင်းလည်း ကြည့်ဖူးမှာပေ့ါ။ အဲဒီအရပ်က လူတွေမှာ ဘာမှမရှိကြဘူး။ ဘာကြောင့် သည်လောက်အခြေအနေဆိုးနေရပါသလဲ။ ဘာတွေများဖြစ်လို့လဲ။

ဆင်းရဲခြင်း ချမ်းသာခြင်းဟာ ပထမဦးဆုံးအချက်ကတော့ ကံကြမ္မာကြောင့်ပဲ။ အမေရိကန်လို၊ ဗြိတိန်လို ချမ်းသာတဲ့နိုင်ငံမှာ မွေးတဲ့ကံပါလာတဲ့သူဟာ အာဖရိကက ကလေးအများစုထက်တော့ ချမ်းသာတာပေ့ါ။ မင်းမှာ အိမ်လှလှတစ်လုံးနဲ့ ခြံကျယ်၊ ပင်လယ်ကမ်းခြေသွားပြီး အနားယူလေ့ရှိတဲ့ မိဘရှိအောင် ကံကောင်းရင် ကံကောင်းမှာပေ့ါ။ တစ်ချိန်မှာ အမွေတွေလည်း ရရင်ရမှာပေ့ါ။ မင်းကိုယ်တိုင် ဘာမှ မကြိုးစားဘဲ ငွေတွေအများကြီး ရလိုက်တယ်။ ကံအကြောင်းကောင်းလို့ပေ့ါ။

အာဖရိကမှာတော့ လူအများစုကြီးက ဆင်းရဲရှာကြတယ်။ စားစရာတောင် မရှိကြဘူး။ သူတို့ ဘာမှ မတတ်နိုင်ကြဘူး။ စစ်ပွဲတွေကြောင့်လည်း ဆင်းရဲကြတယ်။ ပုံမှန်စီးပွားရေးလုပ်ငန်းတွေ ပျက်ကုန်တယ်။ လူတွေလည်း အလုပ်ကို မသွားနိုင်ကြတော့ဘူး။ ဒုက္ခသည်တွေ ဖြစ်သွားကြတာကိုး။ တကယ်တော့ စစ်မဖြစ်တဲ့အချိန်မှာတောင် အာဖရိကမှာ ပိုက်ဆံရှာဖို့ အလွန်ခက်တယ်။ မိုးအလွန်ခေါင်တယ်။ လယ်ထဲယာထဲမှာ ဘာပင်မှမပေါက်နိုင်ဘူး။ ဆင်းရဲတဲ့လယ်သမားရဲ့ ကလေးတွေဟာ ဆင်းရဲတဲ့ လယ်သမားဖြစ်လာဖို့ပဲရှိတယ်။ တခြားအခွင့်အလမ်းမရှိဘူး။ မင်းက ချမ်းသာတဲ့အမွေရသလို သူတို့ခမျာ ဆင်းရဲတဲ့အမွေကိုရတယ်။

**ဆက်လက်ဖော်ပြပါမည်။**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၁၂၅၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး ဇွန် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၁၂၅၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၆၇၇၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ရေဦးမြို့နယ်တွင် ၃၅၅ ဧက၊ တန့်ဆည်မြို့နယ်တွင် ဧက ၈၃၀၊ ဒီပဲယင်းမြို့နယ်တွင် ၆၉ ဧက စုစုပေါင်း ၁၂၅၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရေဦးခရိုင်မှာ ဟင်းသီးဟင်းရွက် ဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၂၅၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းသီးစတဲ့သီးနှံတွေကို အများဆုံးစိုက်ပျိုးထားပါတယ်။ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေ ပေးနေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဟင်းသီးဟင်းရွက်များကို အထွက်နှုန်း ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့်ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဟင်းသီးဟင်းရွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ဖွဲနု ၂၄ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဇွန် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ဖွဲနု ၂၄ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ ဆန်၊ စပါး၊ ဖွဲရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြသည်။



ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ဖွဲနု ၂၄ ပြည်ဝင် အိတ်ရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ဖွဲနု ၂၄ ပြည်ဝင် အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဖွဲနုများသည် ပြည်တွင်း၌ ငါးစာ၊ ကြက်စာ၊ ဝက်စာ၊ ဘဲစာ စသည့်မွေးမြူရေးလုပ်ငန်းသုံးအစာအဖြစ် အသုံးပြုခြင်းဖြစ်ကြောင်း သိရသည်။

"မေလအတွင်း ၂၄ ပြည်ဝင် ဖွဲနုအိတ်ရေ ၇၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဖွဲနုက စပါးကြိတ်ခွဲရင် ထွက်လာတဲ့ ကုန်ကြမ်းတစ်ခုပါ။ ပြည်တွင်းမှာ တိရစ္ဆာန်အစာအဖြစ် အသုံးပြုတာများပါတယ်။ ပြည်ပဈေးကွက်လဲရှိတယ်။ လက်ရှိ စပါးသစ်ပေါ်တာ နည်းနေသေးတော့ ဖွဲနုလဲ အထွက်နည်းနေပါတယ်။ လက်ရှိ ဇွန်လထဲမှာလဲ ဖွဲနုအိတ်တွေ ရန်ကုန်ဈေးကွက်က ဝယ်ယူမှု အားကောင်းနေပါတယ်။ မွေးမြူရေးလုပ်ငန်းတွေ အပြိုင်လည်ပတ်လုပ်ကိုင်နေတာကြောင့် ဖွဲနုတွေ အရောင်းအဝယ် ကောင်းလာတာပါ။ ဝယ်ယူမှုအားကောင်းလာတော့ လယ်သမားတွေ၊ စက်သမားတွေ အလုပ်တွေအဆင်ပြေပြေ လည်ပတ်နေပါတယ်"ဟု ဘိုကလေးမြို့နယ်မှ ဆန်၊ စပါး၊ ဖွဲရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ထွက်ရှိသည့်ဖွဲနုများကို ဒေသမွေးမြူရေးလုပ်ငန်းရှင်များက အများဆုံးဝယ်ယူနေသည့်အပြင် ရန်ကုန်ဈေးကွက်သို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဖွဲနုအိတ်ရေ ၁၀၀ လျှင် ငွေကျပ် ၂၇၅၀၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ရွှေကျင်မြို့နယ် ကရင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရွှေကျင် ဇွန် ၃၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ရွှေကျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကရင်စုကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရွှေကျင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နော်ထူးဘိုက ကရင်စုကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းမူဘောင်နှင့် လုပ်ငန်းစဉ်များ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်း စက်ဝန်းကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၁၁၃ သိန်းကို ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကရင်စုကျေးရွာရှိ နေကြာအပါအဝင် ဆီထွက်သီးနှံ စိုက်ပျိုးမည့် အသင်းသား၊ အသင်းသူ ၂၂ ဦးကို ရန်ပုံငွေကျပ် ၁၁၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ချိုလေး**

# ပင်လောင်းမြို့နယ် လယ်ကြားအရှေ့ကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေး လုပ်ငန်းစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ပင်လောင်း ဇွန် ၃၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာများပံ့ပိုးပေးခြင်းဖြင့် ကျေးလက်စီးပွားရေး မြင့်မားလာစေရန်၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိသော စံပြကျေးရွာများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ လယ်ကြားအရှေ့နှင့် လယ်ကြားအနောက် ကျေးရွာ၌ ခေတ်မီစံပြကျေးရွာ (SMART Village) ထူထောင်ရေးလုပ်ငန်း စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၂၉ ရက် နံနက်ပိုင်းက လယ်ကြားအရှေ့ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပင်လောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းက ခေတ်မီစံပြကျေးရွာ (SMART Village) ထူထောင်ရေး လုပ်ငန်းစီမံကိန်းအကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးရွာက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော လယ်ကြားအရှေ့နှင့်လယ်ကြားအနောက် ကျေးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်သည့် စီမံကိန်းကော်မတီဝင် ခုနစ်ဦးကို အများသဘော ဆန္ဒနှင့်အညီ ရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

လယ်ကြားအရှေ့နှင့်လယ်ကြားအနောက်ကျေးရွာ၌ ခေတ်မီစံပြကျေးရွာ (SMART Village) ထူထောင်ရေးလုပ်ငန်းစီမံကိန်းကို ယခုဘဏ္ဍာနှစ်အတွင်း စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး လုပ်ငန်းစဉ်ခြောက်ရပ်ဖြင့် သက်ဆိုင်ရာဦးစီးဌာနများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်းကာ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **မောင်ခိုင်**

# မုဒုံမြို့နယ် ဝဲကလိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မုဒုံ ဇွန် ၃၀**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝဲကလိကျေးရွာနှင့် ကမာအုပ်ကျေးရွာတို့အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက ဝဲကလိကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မုဒုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန္ဒာဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများလိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၁၀၂ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဝဲကလိကျေးရွာနှင့် ကမာအုပ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ် ၁၀ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၁၅၀ ကို ငွေကျပ် ၆၆ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၇ ဒသမ ၀၅ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦးကို ငွေကျပ် ၁၈ ဒသမ ၅၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၃၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၁၀၂ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန္ဒာဝင်းထံမှ သိရသည်။ **သုတ**

# အိန္ဒိယနိုင်ငံ ရာဂျစ်သန်ပြည်နယ်တွင် သောက်သုံးရေစီမံကိန်းအတွက် ပိုက်လိုင်းတူးဖော်နေစဉ်အတွင်း မြေပြိုကျမှုဖြစ်ပွား



နယူးဒေလီ ဇွန် ၃၀

အိန္ဒိယနိုင်ငံ ရာဂျစ်သန်ပြည်နယ်တွင် သောက်သုံးရေစီမံကိန်းအတွက် ဇွန် ၂၉ ရက်က ပိုက်လိုင်းတူးဖော်နေစဉ်အတွင်း မြေပြိုကျမှုဖြစ်ပွားခဲ့ကြောင်း သောက်သုံးရေစီမံကိန်းတာဝန်ရှိသူများက ယနေ့တွင် ပြောကြားခဲ့သည်။

အဆိုပါမြေပြိုမှုသည် ရာဂျစ်သန်ပြည်နယ် ဂျိုင်ပါရ်မြို့၏ အရှေ့ဘက်တွင်ရှိသော Jangi ka Nagla ရွာ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

"ဇွန် ၂၉ ရက်ရဲ့ အရှေ့ရက်တွေက မိုးသည်းထန်စွာ ဆက်တိုက်ရွာထားတော့ မြေသားတွေက ပျော့နေပါတယ်။ ဒါကြောင့် သောက်သုံးရေစီမံကိန်းတူးဖော်မှုလုပ်နေတဲ့အချိန် အခုလိုမြေပြိုမှုဖြစ်ခဲ့တာဖြစ်ပါတယ်။ မြေပြိုမှုဖြစ်ပွားခဲ့တဲ့ကျင်းက အနက် ၁၀ ပေ ကျော်ပါတယ်။ မြေပြိုမှုဖြစ်ပွားတဲ့အချိန်ကျင်းထဲမှာ လူခြောက်ဦးရှိခဲ့ကာ လေးဦးကို ဆေးရုံတင်ထားရပြီး လူ နှစ်ဦးကတော့ အဲ့နေရာမှာပဲ သေဆုံးသွားခဲ့ပါတယ်။ ဆေးရုံပို့ပြီးတဲ့နောက်မှာဘဲ နောက်ထပ်နှစ်ဦး ထပ်မံသေဆုံးသွားခဲ့တဲ့အတွက် သေဆုံးသူ လေးဦးထိရှိသွားပါပြီ"ဟု ဒေသဆိုင်ရာ အစိုးရအကြီးတန်း အရာရှိကျူမာက ပြောကြားခဲ့သည်။

ပြည်နယ်သဘာဝဘေးတုံ့ပြန်ရေးတပ်ဖွဲ့၊ အမျိုးသားသဘာဝဘေးတုံ့ပြန်ရေးတပ်ဖွဲ့၊ ရဲတပ်ဖွဲ့နှင့် အရပ်ဘက် ကာကွယ်ရေးအဖွဲ့များပူးပေါင်းပြီး သောက်သုံးရေစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေသော အခြား ပိုက်လိုင်းနေရာများမှာ မြေပြိုမှုများရှိ မရှိစစ်ဆေးကာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# အမေရိကန်အမျိုးသားဟာရီကိန်းစင်တာက မက္ကဆီကိုပင်လယ်ကွေ့ကမ်းရိုးတန်းတွင် အပူပိုင်းမုန်တိုင်းဖြစ်ပေါ်နိုင်ကြောင်း ထုတ်ပြန်

ဝါရှင်တန် ဇွန် ၃၀

အမေရိကန် အမျိုးသားဟာရီကိန်းစင်တာက မက္ကဆီကိုပင်လယ်ကွေ့ကမ်းရိုးတန်းတွင် အပူပိုင်းမုန်တိုင်းဖြစ်ပေါ်နိုင်ကြောင်း ယနေ့တွင် သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

ဇွန် ၂၈ ရက် ညပိုင်းတွင် မက္ကဆီကို ပင်လယ်ကွေ့ကမ်းရိုးတန်း တစ်လျှောက်တွင်ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် ကုန်းတွင်းပိုင်းဖြစ်သော မက္ကဆီကိုနိုင်ငံ Campeche ပင်လယ်အော်သို့ဝင်ရောက်ပြီး ဇူလိုင် ၁ ရက်တွင် အပူပိုင်းမုန်တိုင်းအဖြစ်သို့ အားကောင်းလာမည်ဟု ခန့်မှန်းထားကြောင်း အမေရိကန်အမျိုးသားဟာရီကိန်းစင်တာ(NHC)က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"အဲဒီ အပူပိုင်းမုန်တိုင်းငယ်ဟာ မက္ကဆီကိုကမ်းရိုးတန်းကုန်းတွင်းပိုင်းကို ဝင်ရောက်ကာ ဇူလိုင် ၁ ရက်မှာ အားကောင်းတဲ့ အပူပိုင်းမုန်တိုင်းအဖြစ် ကုန်းတွင်းပိုင်းမှ ဆက်လက်ရွေ့လျားသွားနိုင်ပါတယ်"ဟု NHC မှ မိုးလေဝသကျွမ်းကျင်သူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ အပူပိုင်းမုန်တိုင်းဖြစ်ပေါ်မှုကြောင့် မက္ကဆီကို ပင်လယ်ကွေ့ကမ်းရိုးတန်း တစ်လျှောက်ရှိ ပြည်နယ်များကို အပူပိုင်းမုန်တိုင်းသတိပေးချက် ထုတ်ပြန်ထားကြောင်း NHC မှ မိုးလေဝသကျွမ်းကျင်သူတစ်ဦးက ခန့်မှန်းထားကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ခိုစ့်ပြည်နယ်တွင် မိုးသည်းထန်စွာရွာပြီး ရေကြီးမှုကြောင့် လယ်ယာမြေများနှင့် မွေးမြူရေးတိရစ္ဆာန်များ ပျက်စီးဆုံးရှုံးခဲ့



ကဘူးလ် ဇွန် ၃၀

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ခိုစ့်ပြည်နယ် နာဒါရှားခေါ်ခရိုင်၏ဆင်ခြေဖုံးများတွင် ဇွန် ၂၈ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရုတ်တရက်ရေကြီးမှုကြောင့် လယ်ယာမြေများနှင့်မွေးမြူရေးတိရစ္ဆာန်များ ပျက်စီးဆုံးရှုံးခဲ့ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက ဇွန် ၂၉ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါပြည်နယ်တွင် ရေကြီးရေလျှံမှုကြောင့် လူတစ်ဦးသေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူများရှိခဲ့ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြည်နယ်၏ နာဒါရှားခေါ်ခရိုင်၏ ဆင်ခြေဖုံးများတွင် ရုတ်တရက် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့ကြောင်း ပြည်နယ်အစိုးရပြောရေးဆိုခွင့်ရှိသူ မက်စတာဖာဂါဘတ်က ပြောကြားခဲ့သည်။

ရေကြီးမှုကြောင့် လူနေအိမ်များ၊ ဈေးဆိုင်များ၊ လယ်မြေဧကရာနှင့်ချီ ပျက်စီးခဲ့သည့်အပြင် ကျေးလက်လမ်းများလည်း ရေစီးကြောင့် ဆိုးဆိုးရွားရွား ပျက်စီးသွားခဲ့ရကြောင်း၊ မွေးမြူရေးခြံများရှိ မွေးမြူရေးတိရစ္ဆာန်များလည်း သေကျေပျက်စီးခဲ့ကြောင်း၊ ထို့အတွက် ဒေသခံပြည်သူများ၏ စီးပွားရေး ထိခိုက်ခဲ့ရကြောင်း ဂါဘတ်က ပြောကြားခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံ မိုးလေဝသဌာနက လာမည့်ရက်များအတွင်း မိုးဆက်လက်ရွာသွန်းနိုင်ကြောင်း သတိပေးချက်ထုတ်ပြန်ခဲ့ပြီး မြေနိမ့်ဒေသများတွင် ထပ်မံရေကြီးနိုင်သဖြင့် သတိပြုနေထိုင်ကြရန် ပြည်နယ်အာဏာပိုင်များက သတိပေးထားကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# အီရတ်နိုင်ငံ ကာဒီစတန်နယ်မြေရှိ ဂါလီအလီဘက်ရေတံခွန် ခန်းခြောက်မှုကြောင့် ကာဒီစတန်နယ်မြေတွင် ရေအခက်အခဲရှိနေ

ဘဂ္ဂဒက် ဇွန် ၃၀

အီရတ်နိုင်ငံ ကာဒီစတန်နယ်မြေရှိ ဂါလီအလီဘက်ရေတံခွန်သည် သက်တမ်းတစ်လျှောက် ပထမဆုံးအကြိမ် ရေခန်းခြောက်မှုဖြင့် ရင်ဆိုင်ခဲ့ရပြီးနောက် ကာဒီစတန်နယ်မြေတွင် ရေအခက်အခဲဖြင့် ရင်ဆိုင်နေရကြောင်း ကာဒီစတန်နယ်မြေအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ဇွန် ၂၉ ရက် သတင်းများတွင် ဖော်ပြထားသည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် တစ်ကြိမ်တစ်ခါမှ မဖြစ်ဖူးသေးသည့် ရေတံခွန်ရေစီးကျမှု ရပ်ဆိုင်းသွားခဲ့ခြင်းဖြစ်ပြီး ကာဒီစတန်နယ်မြေတွင် အပူချိန်မြင့်တက်မှုလည်း ဖြစ်ပေါ်နေကြောင်း၊ ရာသီဥတု ဖောက်ပြန်မှုကြောင့် ထူးခြားဖြစ်စဉ် ဖြစ်ပေါ်လာခြင်းဖြစ်ပြီး ဂေဟစနစ်များ ယိုယွင်းပျက်စီးလာခြင်းကြောင့် ဂါလီအလီဘက်ရေတံခွန်မှ ရေစီးကျမှု ရာနှုန်းပြည့် ရပ်တန့်ခဲ့ခြင်းဖြစ်ကြောင်း အီရတ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သုတေသီ အဘ်ဒူဟာမစ်အယ်ဂျက်ဖ်က ပြောကြားခဲ့သည်။

"ဂါလီအလီဘက်ရေတံခွန်ဟာ ရေစီးကျမှု လုံးဝကိုရပ်တန့်သွားပါပြီ။ သက်တမ်းတစ်လျှောက် ပထမဆုံးအကြိမ် ဖြစ်ပေါ်ခဲ့တာလဲဖြစ်ပါတယ်။ ဒါဟာ ရာသီဥတုဖောက်ပြန်မှု ကိစ္စတစ်ရပ်တည်းကြောင့်ဖြစ်တာမဟုတ်ပါဘူး။ ဂေဟစနစ်တွေ ဆိုးဆိုးရွားရွား ယိုယွင်းပျက်စီးလာခဲ့တာကြောင့်လဲဖြစ်ပါတယ်။ အခုလို ထူးခြားဖြစ်စဉ်မျိုးကြောင့် ကာဒီစတန်မှာတော့ ရေအကြပ်အတည်းတွေနဲ့ ရင်ဆိုင်နေရတယ်။ အမြန်ဆုံးအဖြေရှာပြီး ဒီပြဿနာကို ထိရောက်စွာဖြေရှင်းနိုင်ဖို့လိုပါတယ်"ဟု အဘ်ဒူဟာမစ်အယ်ဂျက်ဖ်က ပြောကြားခဲ့သည်။

ဂါလီအလီဘက်ရေတံခွန်သည် သဘာဝရှုခင်းလှပသည့် နေရာတစ်နေရာဖြစ်ပြီး အီရတ်ပြည်သူအများစုကလည်း နွေရာသီကာလများတွင် သွားရောက်အပန်းဖြေလေ့ရှိသည့် ဧရိယာဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat



# ကွေ့ကျိုးပြည်နယ် ရေဘေးဒဏ်သင့်ဒေသများအတွက် တရုတ်အစိုးရက ဘတ်ဂျက် ယွမ် သန်း ၁၀၀ ခွင့်ပြု

ပေကျင်း ဇွန် ၃၀

တရုတ်နိုင်ငံ ကွေ့ကျိုးပြည်နယ်တွင် ပြီးခဲ့သောရက်သတ္တပတ်က ရေဘေးအန္တရာယ်ဖြင့်ဆိုးရွားစွာရင်ဆိုင်ခဲ့ရပြီးနောက် ရေဘေးဒဏ်သင့် ပြည်သူများအတွက် ပြန်လည် ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် တရုတ်အစိုးရက ဘတ်ဂျက်ငွေအဖြစ် ယွမ် သန်း ၁၀၀ ခွင့်ပြုပေးခဲ့ကြောင်း National Development and Reform Commission က ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

ရေဘေးအန္တရာယ် တည်ငြိမ်လာပြီဖြစ်သည့်အတွက်ကြောင့်လည်း နိုင်ငံတော်အဆင့်အရေးပေါ်အခြေအနေကြေညာထားမှုကိုလည်း ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် ဒေသခံ ဦးရေ ၄၀၀၀၀ ကျော်ကို ဘေးလွတ်ရာရွှေ့ပြောင်းပေးခဲ့ရပြီး ရန်ကျန်းကောင်တီမှ ဒေသခံ အများစုဖြစ်ကြောင်း သိရသည်။

"ကွေ့ကျိုးပြည်နယ် ရေဘေးဒဏ်သင့် ပြည်သူတွေပြန်လည်ထူထောင်ရေး လုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် အစိုးရက ယွမ် သန်း ၁၀၀ ခွင့်ပြုလိုက်ပါတယ်။ ရေဘေးအန္တရာယ် အရေးပေါ် အခြေအနေကိုလည်း ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ပါတယ်။ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေကို အမြန်ဆုံးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဘေးလွတ်ရာ ရွှေ့ပြောင်းထားရတဲ့ ပြည်သူ ၄၀၀၀၀ ကျော်အထိရှိနေပါတယ်။ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတဲ့ပြည်သူတွေ နေရပ်ကို အမြန်ဆုံးပြန်နိုင်အောင် ဆောင်ရွက်သွားမှာလဲ ဖြစ်ပါတယ်"ဟု National Development and Reform Commission မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် အမျိုးသမီးအင်အားစု

ယနေ့ခေတ်တွင် ခေတ်စားနေသည့် စကားတစ်ခုကို မကြာမကြာတွေ့နေရသည်။ ထိုစကားက အောင်မြင်သော ယောက်ျားတစ်ယောက်၏ နောက်ကွယ်တွင် ထက်မြက်သောမိန်းမတစ်ယောက်ရှိသည် ဆိုသည့်စကားဖြစ်သည်။ ထိုစကားသည် ယောက်ျားများကို မိန်းမများက အနိုင်ယူသည့်စကားဟု အပျော်သဘောပြောဆိုကြသော်လည်း သေချာသုံးသပ်မည်ဆိုပါက အောင်မြင်သော အိမ်ထောင်ရေးတစ်ခုအတွက် အမျိုးသမီးများ၏ အရေးပါပုံကိုတွေ့မြင်နိုင်သည်။

အမျိုးသမီးများသည်သဘာဝလောကတရားအရ လူသားတစ်ယောက်မွေးဖွားလာရန်အတွက် အရေးကြီးသောတာဝန်ကို ထမ်းဆောင်ပေးနေရသောသူများဖြစ်ကြပါသည်။ မည်မျှပင် ထက်မြက်ကြီးကျယ်သော အမျိုးသားများဖြစ်ပါစေ ထိုသူတို့ကို မွေးထုတ်ပေးခဲ့ပြီး ပြုစုပျိုးထောင်ပေးခဲ့သူသည် မိခင်ဟူသော အမျိုးသမီးများသာဖြစ်ကြသည်။ ထို့ပြင် အမျိုးသမီးများသည်မိသားစုတစ်စု၏ နေ့စဉ်ဘဝစားဝတ်နေရေးနှင့်ကျန်းမာရေးကို ဦးစားပေးစဉ်းစားရသူ၊ သားသမီးများ၏ ပညာရေးအတွက် စဉ်းစားဆောင်ရွက်ပေးရသူ၊ သားသမီးများကို ဆုံးမပဲ့ပြင်ပြုစုပျိုးထောင်ပေးရသူ၊ မိသားစု၏ အသုံးစရိတ်များကို ခြိုးခြံချွေတာသုံးစွဲရသူစသည့် မိသားစုအတွက် အနစ်နာခံရသူများအဖြစ် မိသားစု၏ နေ့စဉ်ဘဝတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်နေရသူများဖြစ်ကြသည်။ "မောင်တစ်ထမ်း မယ်တစ်ရွက်" ဟူသော မြန်မာဆိုရိုးစကားနှင့် "စီးတဲ့ရေ ဆည်တဲ့ကန်သင်း" ဟူသော မြန်မာစကားပုံတို့သည် အိမ်ထောင်စုတစ်စုတွင် အမျိုးသားရောအမျိုးသမီးနှစ်ဦးစလုံး သူ့နေရာနှင့်သူ အရေးပါအရာရောက်ကြောင်းနှင့် နှစ်ဦးစလုံးတွင် ကိုယ်ပိုင်အရည်အချင်း စွမ်းရည်အပြည့်ရှိကြောင်းကို ဖော်ညွှန်းနေခြင်းဖြစ်သည်။ တစ်နည်းဆိုရသော် မိသားစုတစ်စုတွင် အမျိုးသားများသည် အရေးပါသော သူများဟုသတ်မှတ်နိုင်သလို အမျိုးသမီးများသည်လည်း အရာရောက်သူများဖြစ်သည်ဟု ဆိုနိုင်ပေသည်။

အမျိုးသမီးများသည် ဟီရိဟူသော "**မကောင်းမှုကျူးလွန်ရန်ရှက်ခြင်း**"နှင့် ဩတ္တပ္ပဟူသော "**မကောင်းမှုကျူးလွန်ရန်ကြောက်ခြင်း**" စသည့် ဟီရိဩတ္တပ္ပတရားနှင့် ကြီးပြင်းလာကြသူများဖြစ်ကြသည်။ ယခင်ကအမျိုးသမီးများသည် မှီခိုဟူသော အမည်ဖြင့်ရပ်တည်ခဲ့ကြသည်။ ယနေ့အချိန်တွင် အမျိုးသမီးများသည် ဆုံးဖြတ်ချက်ချမှတ်နိုင်သူ ပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ တတ်သိပညာရှင်များ၊ စာပေပညာရှင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ သာမန်အောက်ခြေဝန်ထမ်းများစသဖြင့် နယ်ပယ်အသီးသီး၊ ကဏ္ဍအစုံစုံတွင် လုပ်သားအင်အားစုများအဖြစ် ရပ်တည်ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့သမိုင်းစဉ်တစ်လျှောက် အမျိုးသမီးများသည် မြန်မာ့လွတ်လပ်ရေးသမိုင်း၊ အမျိုးသားရေးသမိုင်း၊ နိုင်ငံရေးလှုပ်ရှားမှုသမိုင်းစဉ်အဆက်ဆက်တွင် အမျိုးသားများနှင့်ရင်ပေါင်တန်းပြီး စွန့်လွှတ်အနစ်နာခံမှု၊ ရဲဝံ့စွန့်စားမှုများဖြင့် ပါဝင်ခဲ့ကြသည်။ သိဃ်သူ့သမီးကျောက်စာ၊ မိဖုရားဖွားစောကျောက်စာတို့သည် မြန်မာအမျိုးသမီးများ၏ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းခြင်းသရုပ်ကို ပုံဖော်ပြသနိုင်ခဲ့သည်။ လူအိုရုံများတည်ထောင်ခဲ့သူ ဒေါ်ဦးဗွန်း၊ ဖလော်ရင့်နိုင်တင်ဂေးလ် ဆုရသူများဖြစ်ကြသည့် ဗိုလ်ကြီးဒေါ်ခင်အုန်းမြင့်နှင့် သူနာပြုဆရာမဒေါ်သိန်းရင်တို့သည်လည်းကဏ္ဍစုံတွင် နိုင်ငံအတွက် အကျိုးပြုခဲ့ကြသည်။ မြန်မာနိုင်ငံတွင် တပ်မတော်နှင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထူးချွန်အမျိုးသမီးများ၊ အားကစားကဏ္ဍထူးချွန်အမျိုးသမီးများ၊ ပညာရေးကဏ္ဍမှ ထူးချွန်အမျိုးသမီးများစသည့် နယ်ပယ်ကဏ္ဍအသီးသီးမှ ထူးချွန်အမျိုးသမီးများကို နှစ်စဉ်ဂုဏ်ပြုချီးမြှင့်လျက်ရှိသည်ကို တွေ့ရသည်။

ထိုကဲ့သို့ အမျိုးသမီးများအနေဖြင့် အမျိုးသားများနှင့်ရင်ပေါင်တန်း၍ ဆောင်ရွက်နေသော်လည်း အခြားတစ်ဖက်၌ လုပ်ငန်းခွင်အတွင်း အမျိုးသမီးများကို ခွဲခြားဆက်ဆံခံရမှုများ၊ အိမ်တွင်းအကြမ်းဖက်ခြင်းများ၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရခြင်းများ၊ နည်းပညာပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းများနှင့်ငွေကြေးပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းများကို ရင်ဆိုင်ကြုံတွေ့နေရသည်။ ကမ္ဘာပေါ်ရှိ အမျိုးသမီးသုံးဦးတွင် တစ်ဦးသည် ၎င်းတို့၏ တစ်သက်တာတွင် လက်တွဲဖော်၏ ရုပ်ပိုင်းဆိုင်ရာနှင့်လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ မိတ်ဖက်မဟုတ်သောသူ၏ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု သို့မဟုတ် နှစ်ဦးစလုံး၏ အကြမ်းဖက်မှုကိုအနည်းဆုံး တစ်ကြိမ် ကြုံတွေ့နေရကြောင်း လေ့လာတွေ့ရှိချက်များအရ သိရသည်။ အထူးသဖြင့် အိမ်ရာမဲ့အမျိုးသမီးများ၊ လိင်လုပ်သားအမျိုးသမီးများ၊ မသန်စွမ်းသူအမျိုးသမီးများ၊ မိသားစုမှပစ်ပယ်ခံထားရသူအမျိုးသမီးများသည် ခေါင်းပုံဖြတ်ခြင်းနှင့် မဖွယ်မရာပြုမူခံရခြင်းများကို ပိုမိုခံစားရလျက်ရှိသည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုသည် ကမ္ဘာလုံးဆိုင်ရာပြဿနာတစ်ခုဖြစ်ပြီး လူ့ဘောင်အဖွဲ့အစည်းအားလုံးက လက်ခံနိုင်ဖွယ်ရာမရှိသော၊ လက်သင့်မခံနိုင်သော၊ ခွင့်လွှတ်နိုင်ဖွယ်မရှိသော အကြမ်းဖက်မှုပင်ဖြစ်သည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းသည် လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်သလို ဥပဒေအရအရေးယူနိုင်သည့် ရာဇဝတ်မှုလည်းဖြစ်သည်။ အမျိုးသမီးများ အကြမ်းဖက်မှုအဆုံးသတ်ခြင်းသည် အမျိုးသမီးများအတွက်သာ အကျိုးရှိမည်မဟုတ်ဘဲ တစ်မိသားစုလုံး၊ ရပ်ရွာတစ်ခုလုံးအတွက် အကျိုးရှိမည်ဖြစ်သည့်အပြင် ငြိမ်းချမ်းသာယာသော လူ့ဘောင်အဖွဲ့အစည်း တစ်ရပ်တည်ဆောက်နိုင်မည်ဖြစ်သည်။

ယခုခေတ်ကာလတွင် အမျိုးသမီးများအပေါ် အွန်လိုင်းအကြမ်းဖက်ခြင်းများကို ပြုလုပ်လာကြသည်ကိုလည်းတွေ့ရသည်။ လူမှုမီဒီယာသုံးစွဲမှုများ လျင်မြန်စွာ ပျံ့နှံ့လာမှုနှင့်အတူ အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှုပုံစံအသစ်များလည်း ပေါ်ပေါက်လာခြင်းဖြစ်သည်။ အွန်လိုင်းမှ တစ်ဆင့် ဟန်ဆောင်လိမ်ညာခေါ်ဆောင်ဖမ်းဆီးပြီး အလုပ်သမားများအဖြစ် ခေါင်းပုံဖြတ်စေခိုင်းခြင်း၊ ပြည်ပနိုင်ငံများသို့ ဇနီးမယားအဖြစ်ရောင်းစားခြင်းကဲ့သို့သော အကြမ်းဖက်မှုများကိုလည်းတွေ့ရှိနေရပေသည်။ ယခုခေတ်တွင် ကျောင်းနေအရွယ်မှစပြီး ကလေးတိုင်းလက်ကိုင်ဖုန်းကို ကိုင်တွယ်ရင်းနှီးနေသည့်အတွက် အမျိုးသမီးငယ်များကို ဖုန်းအသုံးပြုခြင်းမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာဗဟုသုတများရှာဖွေရာတွင် လမ်းကြောင်းမမှားစေရန် မိဘ၊ ဆရာများနှင့် အုပ်ထိန်းသူလူကြီးသူမများတွင် တာဝန်ရှိသလို သတင်းမီဒီယာများမှ တစ်ဆင့်အသိပညာပေးခြင်းများကိုလည်း ဆောင်ရွက်ရန်လိုပေသည်။

> ❖မြန်မာနိုင်ငံတွင် အမျိုးသမီးများ၏ ထူးချွန်ထက်မြက်သော စွမ်းဆောင်ရည်များနှင့်လေးစားဂုဏ်ယူဖွယ် ဂုဏ်ဒြပ်များကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ် ဇူလိုင် ၃ ရက်တွင် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကိုလည်း နှစ်စဉ်ကျင်းပပေးလျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသမီးများဘဝကာကွယ်စောင့်ရှောက်ရေးနှင့် အမျိုးသမီးများကို ပြုစုပျိုးထောင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိသည်။ ❖

မြန်မာနိုင်ငံတွင် အမျိုးသမီးများ၏ ထူးချွန်ထက်မြက်သော စွမ်းဆောင်ရည်များနှင့်လေးစားဂုဏ်ယူဖွယ် ဂုဏ်ဒြပ်များကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ် ဇူလိုင် ၃ ရက်တွင် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကိုလည်း နှစ်စဉ်ကျင်းပပေးလျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသမီးများဘဝကာကွယ်စောင့်ရှောက်ရေးနှင့် အမျိုးသမီးများကို ပြုစုပျိုးထောင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိသည်။ လူမှုဝန်ထမ်းဦးစီးဌာနသည် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ ဦးဆောင်မှုဖြင့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (National Strategic Plan for the Advancement of Women-NSPAW) (၂၀၁၃-၂၀၂၂)ကို အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ယခုအခါ NSPAW Phase II ကို ရေးဆွဲဆောင်ရွက်လျက်ရှိသည်။ NSPAW Phase II တွင် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်း၊ စီးပွားရေး၊ အကြမ်းဖက်မှုပပျောက်ရေးစသည့် လုပ်ငန်းနယ်ပယ် ၁၂ ရပ်ကို သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ကျား၊ မ တန်းတူညီမျှရေးအတွက် နိုင်ငံအလိုက် အမျိုးသမီးအခွင့်အရေးများ အပြည့်အဝရရှိအောင် မည်သို့ပင်ဆောင်ရွက်ပေးနေပါစေ၊ နိုင်ငံအလိုက် သတ်မှတ်ထားသည့်ယဉ်ကျေးမှု၊ ကျင့်သုံးနေကြသည့် အစဉ်အလာရိုးရာဓလေ့ထုံးစံများအရ ကျား၊ မ တန်းတူညီမျှရေးတွင် ပြောင်းလဲခြင်းမပြုနိုင်သေးသည့် အတားအဆီးလိုအပ်ချက်များ ရှိနေဆဲဖြစ်သည်။ အကြမ်းဖက်ခံရသူအမျိုးသမီးများ၏ ကိုယ်ရောစိတ်ပါစွဲကပ်နေသည့်ဒဏ်ရာများကို ကုသပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ညှိနှိုင်းနှစ်သိမ့်ဆွေးနွေးပေးခြင်း၊ အိမ်တွင်းအကြမ်းဖက်မှုဖြစ်စဉ်များကို ရှုတ်ချခြင်း၊ အကြမ်းဖက်ခံရသူအမျိုးသမီးများဘက်မှ ရပ်တည်ပေးခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်သည်။ အမျိုးသမီးများ၏ စွမ်းဆောင်ရည်နှင့် ရပိုင်ခွင့်များကိုမြှင့်တင်ပေးခြင်း၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများအတွက် အခွင့်အရေးများ ရှာဖွေဖော်ထုတ်ပေးခြင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို ဥပဒေကြောင်းအရကာကွယ်ပေးခြင်းများ ဆောင်ရွက်ပေးရမည်ဖြစ်သည်။

အမျိုးသမီးများအထူးသဖြင့် အမျိုးသမီးငယ်များ၏ လူမှုစီးပွားဘဝအခြေအနေမြင့်မားရေးအတွက် ပညာသင်ကြားတတ်မြောက်ရေးကို မြှင့်တင်ပေးရန်လိုအပ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် အလုပ်လုပ်နိုင်သည့်အရွယ်အမျိုးသမီးများ၏ စွမ်းရည်များကို မြှင့်တင်ပေးရန်လိုအပ်သည်။ အမျိုးသမီးများ၏ နေ့စဉ်ဘဝတွင် ထိပါးနှောင့်ယှက်ခံရမှု၊ အကြမ်းဖက်မှုများ ကြုံတွေ့နေရမှုအပေါ် ကျူးလွန်ခံရသူကို မိဘဆွေမျိုး၊ အိမ်နီးချင်းနှင့် ပတ်ဝန်းကျင်တို့မှ အပြစ်တင်ရှုတ်ချခြင်း၊ ပစ်ပယ်ခြင်းများ မပြုလုပ်ဘဲကာကွယ်ဖေးမပေးခြင်း၊ စာနာနားလည်ပေးခြင်း၊ အကြမ်းဖက်ခံရသည့် အမျိုးသမီးတိုင်းအတွက် လိုအပ်သည့် လူမှုရေးအထောက်အပံ့ကောင်းများကို လွယ်လင့်တကူရရှိစေရန်ပံ့ပိုးပေးခြင်း၊ အိမ်တွင်းအကြမ်းဖက်မှုများဖြစ်ပေါ်လာပါက ရပ်တည်ကူညီပေးမည့် မိသားစု၊ အိမ်နီးချင်းအသိုင်းအဝိုင်းများဖြစ်လာစေရေး၊ အကြမ်းဖက်မှုကျူးလွန်သူများကို ပြစ်မှုနှင့်လျော်ညီထိုက်တန်သည့်ပြစ်ဒဏ်ချမှတ်ခြင်း စသည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ လျှော့နည်းပပျောက်ရေး လုပ်ငန်းစဉ်များကို ပြည်သူများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

ယနေ့ခေတ်သည် အသိပညာကိုအခြေပြုသည့်ခေတ်ဖြစ်သကဲ့သို့ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် အသိပညာကြွယ်ဝသည့် လူသားအရင်းအမြစ်များ၏ အခန်းကဏ္ဍသည်လည်း အဓိကကျပေသည်။ အမျိုးသမီးများသည် သားသမီးများ၏ မိခင်များဖြစ်ကြသလို ပညာရေးကဏ္ဍတွင်လည်း အမျိုးသမီးပါဝင်မှုနှုန်းက ပိုမိုများပြားသဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ လက်ဦးဆရာလည်းဖြစ်ကြသည့်အတွက် နိုင်ငံတိုင်း၏ အနာဂတ်လူငယ်များ ပြုစုပျိုးထောင်ရာတွင် အလွန်အရေးပါသူများ၊ အဓိကကျသူများဖြစ်ကြသည်။ မိမိတို့နိုင်ငံကို ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုနိုင်ငံအဖြစ် တည်ဆောက်ရာတွင် နိုင်ငံ့လူဦးရေ၏ ထက်ဝက်ကျော်ကို ကိုယ်စားပြုသည့် အမျိုးသမီးများသည် နိုင်ငံရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေးနှင့်လူမှုအသိုင်းအဝိုင်းဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အရေးပါသည့် အမျိုးသမီးအင်အားစုကြီးပင်ဖြစ်ပါကြောင်း ဇူလိုင်၃ ရက်တွင် ကျရောက်မည့်မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပါသည်။

**ကိုးကား**

**- နေ့စဉ်ထုတ်သတင်းစာများ**

**ကျော်တင့်(ရွှေခရမ်း)**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၁၀၆၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



မုံရွာ ဇွန် ၃၀

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၁၀၆၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ပဲပုပ် ၁၂၅၈ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၀၆၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ပဲပုပ် ၁၂၅၈ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၀၆၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတယ်။ ပိုးမွှားကျရောက်မှု မရှိစေဖို့အတွက် ပညာပေးတာတွေလဲ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေလိုအပ်တဲ့ မျိုးစေ့ရရှိဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

ယခုနှစ် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ပဲပုပ် စိုက်ပျိုးပြီးစီးမှုအနေဖြင့် လေရှီးမြို့နယ်တွင် ၆၉ ဧက၊ ဆွမ္မရာမြို့တွင် ၁၆ ဧက၊ လဟယ်မြို့နယ်တွင် ဧက ၃၉၀၊ ထန်ပါခွေမြို့တွင် ၁၁၅ ဧက၊ နန်းယွန်းမြို့နယ်တွင် ၁၇၇ ဧက၊ ဒုံဟီးမြို့တွင် ၂၃၁ ဧက၊ ပန်ဆောင်မြို့တွင် ၇၁ ဧက စုစုပေါင်း ၁၀၆၉ ဧကတို့ဖြစ်ကြောင်း သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ပဲမျိုးစုံသီးနှံစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်း မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး လျက်ရှိကြောင်း သိရသည်။

ပဲပုပ်ကို တစ်ဧကပန်းတိုင်အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲပုပ်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# ဒိုက်ဦးမြို့နယ် ဦးဒေါင်းစုကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

ဒိုက်ဦး ဇွန် ၃၀

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင် ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ဦးဒေါင်းစုကျေးရွာ၌ ကျေးရွာတွင်းလမ်းဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများမှ ကျေးရွာကော်မတီဝင်များနှင့်အတူ ဦးဒေါင်းစုကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ကျေးရွာလမ်းကို ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ဒိုက်ဦးမြို့နယ် ဦးဒေါင်းစုကျေးရွာ၌ လမ်းအရှည် ၁၂၂၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင် ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၅ သန်းဖြင့် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် မေ ၁၅ ရက်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုကြောင့် ဦးဒေါင်းစုကျေးရွာရှိ အိမ်ခြေ ၆၀၀ မှ လူဦးရေ ၃၁၃၆ ဦးတို့၏ သွားလာရေး လွယ်ကူနေပြီဖြစ်ကြောင်း ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းထံမှ သိရသည်။

ကိုညို






အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .




**'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'**

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၃၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၀၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော **ကြံ့**၊ **ဆင်နှစ်ကောင်**၊ **Blue Diamond** နှင့် **မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား




**စက်ရုံနှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။**

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀


## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ ဗဗ-၃နေ ဦးဇော်မင်းဦး+ဒေါ်နှင်းခိုင်တို့၏သား မောင်လွင်မိုး(၉/ခမစ(နိုင်)၀၈၄၇၄၅)သည် မိဘတို့၏စကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား လုံး၀(လုံး၀) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးဇော်မင်းဦး(၉/ငဇန(နိုင်)၀၉၀၀၉၂)
ဒေါ်နှင်းခိုင်(၉/ငဇန(နိုင်)၀၈၆၁၈၈)

## တရားဝင်ဇနီးမယားဖြစ်ကြောင်း ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်နေ ဦးသန်းဆွေဦး (ဘ) ဦးခင်မောင်ဆွေ (၉/အမဇ(နိုင်)၀၆၁၈၃၅)နှင့် ကျွန်မ ဒေါ်မူယာအေး (ဘ) ဦးမောင်မောင်(၉/မရမ(နိုင်)၀၈၃၄၁၂)တို့သည် (၁၉-၉-၂၀၁၀)ခုနှစ်တွင် လက်ထပ်ထိမ်းမြားခဲ့ပါသည်။ ယနေ့အချိန်ထိ ကွာရှင်းပြတ်စဲခြင်းမရှိသဖြင့် ကျွန်မသည်သာ တရားဝင်ဇနီးမယားဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မူယာအေး(၉/မရမ(နိုင်)၀၈၃၄၁၂)
ကိုသန်းဆွေဦးမျက်မှန်ဆိုင်
၈၄ လမ်း၊ ၂၈ x ၂၉ လမ်းကြား၊ မန္တလေးမြို့။

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အထက(၁၄)၊ Grade-11 တွင် ပညာသင်ကြားနေသော မဆောင်းနှင်းဝေ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစိုးမင်းလှဖြစ်ပါကြောင်း။

ဦးစိုးမင်းလှ(၉/ခအဇ(နိုင်)၀၀၁၆၂၆)

**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ငှက်ပျောသီးဖျော်ရည် ၄၀၀ မီလီလီတာခန့်ကို နေ့စဉ်ထမင်းစားပြီး တိုင်းသောက်သုံးပေးပါကအဆုတ်သန့်စင်စေရုံမျှမက အစာကိုလည်း ကြေညက်စေသည်။



## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီ အစဉ် (Public Feed-back Programme-PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့ အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် ''1111''




ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်း က ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါ ကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

❖ မှန်ကန်သည့်ခေါင်းဆောင်မှုပေးနိုင်ရန်အတွက် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသည့် အသိပညာ၊အတတ်ပညာများကို မိမိကိုယ်တိုင် တတ်မြောက်ပြည့်စုံနေရမည် ဖြစ်သကဲ့သို့ တည်ကြည်ရိုးသားမှုနှင့် တော်တည့်ဖြောင့်မတ်သည့် ကိုယ်ကျင့်တရားမြင့်မားရန်လည်း လိုအပ်...

❖ ရဲရင့်ပြတ်သားသည့်ဆုံးဖြတ်ချက်၊ တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့်အတူ လက်အောက်ငယ်သားများအပေါ် အဂတိကင်းကင်းဖြင့် မှန်ကန်မျှတစွာကွပ်ကဲအုပ်ချုပ်သွားရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ပြုလုပ်သော ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၁၁)တွင် ISPE အသင်းနှင့် Junior Lions အသင်းတို့ နိုင်ပွဲရရှိ




ဒဂုံစတားအသင်းနှင့် Junior Lions အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

ရန်ကုန် ဇွန် ၃၀

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၁၁)ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ ကျင်းပခဲ့ရာ ISPE အသင်းနှင့် Junior Lions အသင်းတို့ နိုင်ပွဲရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၁၁)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ရှိ ပဒုမ္မာအားကစားကွင်းတွင်

စာမျက်နှာ ၂၀ ကော်လံ ၁ ☆

**ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ကလေးငယ်များအပါအဝင် အပြစ်မဲ့အရပ်သားပြည်သူ သုံးဦး သေဆုံး၍ ၂၅ ဦး ထိခိုက်ဒဏ်ရာရရှိ**

စာမျက်နှာ- ၂၂

# မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် ငွေကျပ်သိန်း ကိုးထောင်ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၃၀

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၆ ရက် နံနက် ၇နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအနီးတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် ဆိုက်ခေါင်ကျေးရွာမှ တပ်ကုန်းမြို့နယ်သို့ နေလင်းအောင်(ခ)နေလင်းမောင်း နှင်လာသည့် MITSUBISHI PAJERO အမျိုးအစား မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ဘိန်းဖြူဘလောက်တုံး ၁၀၀ စုစုပေါင်းအလေးချိန် ၃၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၂၀၀၀ နှင့်ကက်တမင်း ၁ ဒသမ ၁ ကီလိုတို့ကို ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများအား ဆီဆိုင်မြို့နယ်မှ တပ်ကုန်းမြို့နယ်သို့ သယ်ဆောင်လာခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၅၀၁)



ပြစ်မှုကျူးလွန်သူကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
MPU
OUR SERVICES
Current Deposit Account
Savings Deposit Account
Fixed Deposit Account
Call Deposit Account
Scholarship Funding Service
Loans , Overdraft and Hire Purchase System
Gift Cheque Services and Payment Order Services
Safe Deposit Locker
ATM / POS Services / MPU Debit Card / Credit Card
Mobile Banking and Internet Banking Services
Foreign Banking Services
Phone No : (01) 2301367, 2301368, 2301452, 2301378
" စိတ်ချရတာ မြဝတီဘဏ် "